# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၆ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံ

**နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး**



နေပြည်တော် ဇန်နဝါရီ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား နေပြည်တော်ရှိ တပ်မတော်ဧည့်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H. E. Mr. Chen Hai၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ယနေ့ ဖတ်စရာ


ကိုယ်ကျိုးစီးပွားအတွက် ထိုးကျွေးခံဘဂ်ဂါလီအရေး နှုတ်ကြောင်း ဖော်လာတဲ့ အင်ဒိုနီးရှား — ဆောင်းပါး စာ ၈

၂၀၂၄ နှစ်သစ်အစမှာ ဂျပန်နိုင်ငံ ရင်ဆိုင်ခဲ့ရတဲ့ မြေငလျင်ကြီး — ဆောင်းပါး စာ ၁၀

ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ် — ဆောင်းပါး စာ ၁၆


## အာဆီယံကျေးရွာကွန်ရက်စီမံကိန်းဝင် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာကို ခရီးသွားလုပ်ငန်းကျေးရွာအဖြစ် ဆောင်ရွက်မည်

ညောင်ဦး ဇန်နဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒေသခံကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အာဆီယံကျေးရွာကွန်ရက်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ဒေသခံပြည်သူများအား

*စာမျက်နှာ ၄ ကော်လံ ၁* ◆

# နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံစဉ်။

*❖ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲများကို ယမန်နေ့က နေပြည်တော် ရုံးအမှတ်(၁၅)၊ ရုံးအမှတ်(၄၃)နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း (ပျဉ်းမနား) တို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနတာဝန်ရှိသူများ တက်ရောက်အားပေးကြပြီး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အားကစား ပြိုင်ပွဲများတွင် ဖူဆယ်(အမျိုးသား) ဘောလုံးပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး စစ်တုရင်ပြိုင်ပွဲ၊ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲများ စသည့် အားကစားနည်းများတွင် ဦးစီးဌာနနှင့် တက္ကသိုလ်များ အလိုက် ကိုယ်စားပြုအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

နိုင်ငံ့ဝန်ထမ်းများ ကိုယ်စိတ်အပန်းပြေစေရေး၊ ကျန်းမာပျော်ရွှင်ရေးနှင့် ဝန်ထမ်းထုအကြား စည်းလုံးညီညွတ်မှု ချစ်ခင်ရင်းနှီးမှုတိုးပွားရေးအတွက် ရည်ရွယ်၍ ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာန ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများ၌ အားကစားနည်းများအလိုက် ဆုရခဲ့ကြသည့် အားကစား ဝါသနာရှင်များကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ - တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမအောက်မှ စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေး နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ စွန်းဝေတုန်နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ဇန်နဝါရီ ၅ ရက် ညနေ ၄ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာ-တရုတ် စီးပွားရေးစင်္ကြံနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမအောက်မှ စီမံကိန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ အာဆီယံနှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဒေသဆိုင်ရာ ယန္တရားမူဘောင်အောက်တို့မှ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံရပ်တည်သွားရေးနှင့် အကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ **(ယာပုံ)**



နေ့လယ်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဟိုတယ်၌ ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား မြတ်တော်ဝင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁/ ၂၀၂၄) ကြိမ်မြောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် လေးခုကိုခွင့်ပြု



**နေပြည်တော် ဇန်နဝါရီ ၅**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၈) ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ အစည်းအဝေးသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**လုပ်ငန်းသစ်လေးခုခွင့်ပြု**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၏ မတည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ အိမ်ရာ အဆောက်အအုံ တည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် လေးခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ ငွေကျပ် ၄၈၈၆ ဒသမ ၉၅၅ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၉၂ ဦးကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ ဒေသပေါင်း ၅၂ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်သော နိုင်ငံ/ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့် ကဏ္ဍများမှာ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၄၅ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၁ ရာခိုင်နှုန်းဖြင့်လည်းကောင်း အသီးသီး ရင်းနှီးမြှုပ်နှံထားသည်။

**ပံ့ပိုးကူညီဆောင်ရွက်**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများက တင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများအား စိစစ်ခွင့်ပြုခြင်းကို လည်းကောင်း၊ လက်ရှိဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံသူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၄၄/ ၂၀၂၃)၏ သင်တန်းဆင်းပွဲကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်နှင့် ရန်ကုန်တို့၌ တစ်ပြိုင်တည်းကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးစီးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၄၄/၂၀၂၃)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (နေပြည်တော်)ရှိ လောကနတ်ခန်းမ၌ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌လည်းကောင်း တစ်ပြိုင်တည်း ကျင်းပရာ နေပြည်တော်၌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၁) ဦးကျော်မျိုးထွဋ်က သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာရေးရာများ၊ နိုင်ငံတကာ ဆက်ဆံရေး ဘာသာရပ်များ၊ နိုင်ငံတကာဥပဒေဆိုင်ရာဘာသာရပ်များ၊ စီးပွားရေးဆိုင်ရာဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းခြင်း ဘာသာရပ်၊ နိုင်ငံတကာညီလာခံများ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် ဘာသာရပ်များ သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့သည်။

အဆိုပါ သင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှစ၍ စတင်ဖွင့်လှစ်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန အပါအဝင် အစိုးရအဖွဲ့ အစည်းအသီးသီးနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ ပြင်ပပုဂ္ဂလိက နယ်ပယ်များမှ နိုင်ငံတကာ ဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာရပ်များကို စိတ်ပါဝင်စားသူများက တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(၂) ဦးလွင်ဦးနှင့် ဝန်ကြီးရုံး၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် နေပြည်တော်နှင့် ရန်ကုန်မြို့တို့မှ သင်တန်းသားသင်တန်းသူ ၁၀၀ခန့် တက်ရောက်သည်။ **သတင်းစဉ်**

◆ ရှေ့ဖုံးမှ

စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၄ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးညီညီဦးက အာဆီယံကျေးရွာကွန်ရက်စီမံကိန်း ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းဖော်ဆောင်ရာတွင် ကျေးရွာပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် တာဝန်များ၊ စီမံကိန်းလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေး စီမံကိန်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျေးရွာနေပြည်သူများက မိမိတို့ကျေးရွာတွင် စီမံကိန်းဖြင့် ခရီးသွားလုပ်ငန်းကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်သင့်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းတွင်ပါဝင်သည့် လုပ်ဆောင်ရမည့် အချက်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်း အာဆီယံကျေးရွာကွန်ရက် ထူထောင်ရေးစီမံကိန်းကို နိုင်ငံတော်အစိုးရက ကျေးရွာသုံးရွာ ရွေးချယ်၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာကို ခရီးသွားလုပ်ငန်းကျေးရွာအဖြစ်လည်းကောင်း၊ နေပြည်တော် လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာကို ဒစ်ဂျစ်တယ် ကျေးရွာလုပ်ငန်းအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာကို ဒေသတစ်ခု ထုတ်ကုန်တစ်ခုလုပ်ငန်းအဖြစ်လည်းကောင်း သတ်မှတ်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရမည်းသင်းတွင် အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်းဖွင့်လှစ်

**ရမည်းသင်း ဇန်နဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ကြီးမှူးကျင်းပသော အခြေခံလျှပ်စစ်သံဂဟေဆက် သင်တန်း အမှတ်စဉ် (၄/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ရမည်းသင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်မြင့်စိုးက အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြား ပို့ချပေးခြင်းသည် နိုင်ငံတော်မှ ကျေးလက်ပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ အဆိုပါအခြေခံလျှပ်စစ် သံဂဟေဆက်သင်တန်းကို သင်တန်းသား ၂၀ ဖြင့် ဇန်နဝါရီ ၂ ရက်မှ ၃၀ ရက် အထိ သင်ကြားပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီး Mr. Wang Xiaohong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံ





**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီး Mr. Wang Xiaohong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ (၇) ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘောတူညီထားသည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် အွန်လိုင်းလိမ်လည်မှုများကို နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတက်ရောက်

## သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် ပြည်သူလူထုထံ သတင်းမှန်များ မှန်ကန်စွာစီးဆင်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေ




**နေပြည်တော် ဇန်နဝါရီ ၅**

နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။ (ယာပုံ)

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တားဆီးကာကွယ် မီဒီယာအဆိပ်သင့်အန္တရာယ်နှင့် နိုင်ငံတော် တည်ဆောက်ရေးနှင့် မီဒီယာ၏အခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့အချိန်တွင် မသမာသူ အဖျက်သမားများက မီဒီယာလုပ်ငန်းများကို အသုံးချ၍ သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်ကာ ပြည်သူများအား အသိအမြင်လွဲမှားစေရန် သတင်းအဆိပ်ခပ် ဆောင်ရွက်နေကြပါကြောင်း၊ သတင်းတု၊ သတင်းမှားများသည် အင်မတန်အန္တရာယ်ရှိပါကြောင်း၊ ဖေ့စ်ဘွတ်စာမျက်နှာများပေါ်မှ အများစုသတင်းများသည် တစ်ဖက်သတ်ဘက်လိုက်၍ အဆိပ်အတောက် ဖြစ်စေသည့် သတင်းမှားများကို ဖော်ပြနေကြပါကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးနှင့် ပြည်သူလူထုထံ သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတော်အစိုးရက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လမ်း၊ တံတားနှင့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သော်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဖြစ်ပွားနေသောစစ်ပွဲများကို အကြောင်းပြု၍ အကြမ်းဖက်သမားများက မိမိတို့ဒေသရှိ ပြည်သူများ၏မျက်နှာကို မထောက်ထားဘဲ အကြောင်းမဲ့ ဖျက်ဆီး တိုက်ခိုက်မှုများမှာ လွန်စွာလွဲမှားသော လုပ်ရပ်ပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ စစ်ဘေးရှောင်စခန်းများ၌ ဒုက္ခဆင်းရဲစွာ နေထိုင်နေရကြောင်း၊ အဖျက်လုပ်ရပ်များကို လုပ်ဆောင်ရာတွင် လွယ်ကူသော်လည်း ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ လုပ်ဆောင်မည်ဆိုပါက ငွေကြေးအရင်းအနှီးများ၊ အချိန်ကာလများပါပေး၍ တည်ဆောက်ရမည် ဖြစ်သဖြင့် နိုင်ငံအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ လွန်စွာ နစ်နာနိုင်သည်ကို သိမြင်ကြရန် လိုပါကြောင်း။

ယနေ့ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် အနာဂတ် နိုင်ငံတော်၏ သားကောင်းများ ဖြစ်၍ မိမိတို့ တန်ဖိုးထားပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပညာရေးကဏ္ဍကို အထူးအလေးထားတိုက်တွန်း ဆောင်ရွက်လျက် ရှိပါကြောင်း၊ ပညာရေးကို တိုးတက်အောင် ကြိုးစားဆောင်ရွက်ပြီး တစ်ဖက်ကလည်း မိမိနိုင်ငံ၊ မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ မီဒီယာကိုလည်း အကျိုးရှိသည့် နေရာများတွင် အသုံးချစေလိုပါကြောင်း၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများကို အသိတရားဖြင့် ရှုမြင်သုံးသပ်ပေး၍ ယုံကြည်ကြစေလိုကြောင်း၊ နိုင်ငံကို ချစ်သည့်စိတ်၊ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးကို လိုလားသည့်စိတ်တို့ဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင် တိုက်ဖျက်ကြရမည် ဖြစ်ပါကြောင်း၊ အကောင်းနှင့်အဆိုးကို မျှဝေခံပြီး လာမည့်ကာလတွင် နိုင်ငံတော်က အားကိုးရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများ ဖြစ်အောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ စာပေဗိမာန်မှ ထုတ်ဝေသည့် သုတ၊ ရသစာအုပ်များကို ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# အုန်းမှုတ်ခွက်မီးသွေးထုတ်လုပ်ရန် မြန်မာ့အုန်းသီးကို တရုတ်ဝယ်ယူနေ

**ရန်ကုန် ဇန်နဝါရီ ၅**

အုန်းသီးမှ အုန်းမှုတ်ခွက်မီးသွေးထုတ်လုပ်ရန် မြန်မာ့အုန်းသီးကို တရုတ်က ဝယ်သဖြင့် အဝယ်လိုက်နေကြောင်း အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။

"အုန်းမှုတ်ခွက် မီးသွေးဆိုတာရှိတယ်။ သူကလည်း ပြည်ပဈေးကွက်ကို တော်တော်တိုးတာပေါ့။ အုန်းမှုတ်ခွက်မီးသွေးဆိုတာ အုန်းသီးမှာအသားကို ယူလိုက်တဲ့အခါ အုန်းမှုတ်ခွက် ကျန်တယ်လေ။ အခြေခံကတော့ ကာဗွန်ထုတ်တာပေါ့။ မီးသွေးဖုတ်လိုက်တာ။ အဲဒါက ပြည်ပဈေးကွက်မှာ တော်တော်တွင်ကျယ်တယ်။ တရုတ်က ရသလောက်ဝယ်နေတာ။ အဲဒီဈေးကွက်က နည်းနည်းကြီးတယ်"ဟု ပုသိမ်မြို့ဗိုလ်အုန်းသီး အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဦးသန့်စင်က ပြောသည်။

ထို့ပြင် လက်ရှိကာလတွင် နွေဦးပေါက်မည့်ကာလဖြစ်သဖြင့် အုန်းသီးဈေးနှုန်းများ တက်လျက်ရှိပြီး ဝယ်လိုအားများ တက်လျက်ရှိကြောင်း သိရသည်။

မြန်မာ့အုန်းသီးဈေးကွက်တွင် မန္တလေးဈေးကွက်မှာ အကြီးဆုံးဖြစ်ပြီး တရုတ်နှင့်ထိုင်းတို့က မန္တလေးကတစ်ဆင့် ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က မန္တလေးကို ပို့တယ်။ မန္တလေးကတစ်ဆင့် တရုတ်ပြည်ကိုသွားတယ်။ မြဝတီကို ပို့လိုက်တယ်။ မြဝတီကတစ်ဆင့် ထိုင်းဘက်ကို သွားတယ်။ ဘင်္ဂလားဒေ့ရှ်ကလည်း တက်ဝယ်တယ်။ သူတို့က သင်္ဘောတွေမှာ တက်ဝယ်တာ။ ပြည်ပကို ပို့တာတော့ ရာသီချိန်ပေါ့။ မိုးကုန်မှ ပြည်ပကို ထွက်တာ။ မိုးမကုန်မချင်းကတော့ ပြည်တွင်းမှာပဲ ရောင်းတယ်"ဟု တစ်နှစ်လျှင် အုန်းသီးတန်ချိန်ထောင်ကျော်အား ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးလျက်ရှိသော အုန်းသီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

**သစ်တော်**

# ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)ခန်းမ၌ ကျင်းပမည်






**နေပြည်တော် ဇန်နဝါရီ ၅**

၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌ အကယ်ဒမီ ရန်အောင်၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) ခန်းမ၌ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထူးချွန်ဆုပေးပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ယခုအချိန်တွင် လုပ်ငန်းအများအပြားချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကယ်ဒမီ ရွှေစင်ရုပ်တုတွင် တပ်ဆင်မည့် ရွှေကြယ်များနှင့် အကယ်ဒမီပေးပွဲကို တက်ရောက်လာကြမည့် အကယ်ဒမီဆုရ အနုပညာရှင်၊ အတတ်ပညာရှင်များကို ရွှေစင်ရုပ်တု ရင်ထိုးတံဆိပ်များ ပေးအပ်နိုင်ရေးအတွက် လိုအပ်သည့် ရွှေများကို နိုင်ငံတော်က ကျခံသွားမည်ဖြစ်ပြီး လုပ်ငန်းအပ်နှံခြင်းကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

Forever Group Co.,Ltd အနေဖြင့် အဓိကကူညီပံ့ပိုးသူအဖြစ် တာဝန်ယူ ဆောင်ရွက်မည်ဖြစ်သည့်အတွက် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုခြင်းကို ဇန်နဝါရီ ၃ ရက်က ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများကိုလည်း စတင်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့် ဇာတ်ကားစိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ဇာတ်ကား ၃၅ ကားကို စိစစ်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ရွေးချယ်ထားသည့် ဇာတ်ကား ၁၂ ကားကို ဇန်နဝါရီ ၃ ရက်က အပြီးအစီး စိစစ်ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရပါကြောင်း။

ရွှေကြိုမောင်မယ် ရွေးချယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နောက်ဆုံးဆန်ခါတင်အနေဖြင့် ရွှေကြိုမောင်မယ်အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၃ ဦးတို့ကို အပြီးသတ် ရွေးချယ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုနှစ်၏ ထူးခြားမှုအနေဖြင့် ရွှေကြိုများကို ရွေးချယ်ခြင်းအပြင် ရုပ်ရှင်အနာဂတ်အတွက် သရုပ်ဆောင်များကို မွေးထုတ်ပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရွှေကြိုရွေးချယ်ရေးအဖွဲ့၊ ရုပ်ရှင်ထုတ်လုပ်ရေးများနှင့် ရုပ်သံလိုင်းများက သရုပ်ဆောင် ၄၃ ဦးကို ရွေးချယ်ထားကြောင်း သိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူ ဖြစ်ရပါကြောင်း။

၂၀၂၃ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ပတ်သက်၍ နေပြည်တော် MICC-1 ခန်းမတွင် မီး၊ အသံ၊ ကင်မရာ ပြင်ဆင်ခြင်းအပိုင်းများကို ဇန်နဝါရီ ၂၈ ရက်တွင် အပြီး တပ်ဆင်သွားမည်ဖြစ်ပြီး Technical Rehersal ကို ဇန်နဝါရီ ၂၉ ရက်တွင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များ အချိန်မီပြီးစီး အောင်မြင်ရန်အတွက် ယခင်နှစ် အတွေ့အကြုံများအပေါ် အခြေခံပြီး လိုအပ်ချက်များကို ကော်မတီများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ယခုနှစ် အကယ်ဒမီဆုပေးပွဲ ကျင်းပမည့် MICC-1ရှိ ကျောက်စိမ်းခန်းမသည် လူဦးရေ ၁၄၀၀ ဝင်ဆံ့ပါကြောင်း၊ နေပြည်တော်ကောင်စီအနေဖြင့် လိုအပ်သည်များကို ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆပ်ကော်မတီများတွင်လည်း နေပြည်တော်ကောင်စီမှ အရာရှိများ ပါရှိပါကြောင်း၊ ယခင်နှစ် အတွေ့အကြုံလည်းရှိပြီးဖြစ်၍ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် လိုအပ်သည်များကို ပူးပေါင်းပါဝင် ကူညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ညှိနှိုင်း ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ဦးစီးကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယက/ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌများ၊ တက်ရောက် လာကြသူများက ပါဝင်တင်ဆက်သွားမည့် အစီအစဉ်များ၊ တေးသီချင်းများ အပါအဝင် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို မြစ်ကြီးနားမြို့၌ သုံးရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မြစ်ကြီးနား ဇန်နဝါရီ ၅**

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်တော့မည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် မြစ်ကြီးနားမြို့၌ အဖွင့်မနေ့အက၊ အပိတ်မနေ့အက၊ ပြခန်းပြပွဲများ၊ မီနီမာရသွန်အပါအဝင် အားကစား ပြိုင်ပွဲများအပြင် ပြည်နယ်နေ့ အထိမ်းအမှတ် လမ်းဖွင့်ပွဲ၊ ပန်းခြံဖွင့်ပွဲများဖြင့် သုံးရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၅ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခန်းမ၌ ကျင်းပသည့် ပြည်နယ်နေ့ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြည်နယ်နေ့သည် ပြည်ထောင်စု၏ လွတ်လပ်ရေးနှင့်အတူ သမိုင်းအစဉ်အလာကြီးမားစွာ ပေါ်ပေါက်လာခဲ့သော ပြည်နယ်၏ နေ့ထူးနေ့မြတ်တစ်ခုပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ သမိုင်းကြောင်း ခိုင်မာမှု၊ မိမိတို့၏ ယဉ်ကျေးမှု၊ ပြည်နယ်၏ ပုံရိပ်တို့ကို ပေါ်လွင်အောင် စည်ကားသိုက်မြိုက် အေးချမ်းတည်ငြိမ်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းမှာကြားသည်။ **(ဝဲပုံ)**

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ရာဇာထွန်းနှင့် တပ်မတော်အရာရှိကြီးက တပ်မတော်မှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် အစီအစဉ်များ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဌာနဆိုင်ရာ ပြခန်းများနှင့် MSME ထုတ်ကုန်ပစ္စည်းပြခန်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း စသည့်ပြခန်း ၁၆ ခန်း ဖွင့်လှစ်ပြသသွားမည့် အစီအစဉ်များ၊ မီနီမာရသွန်အပါအဝင် အားကစားနည်း ၁၆ မျိုး ထည့်သွင်းကျင်းပသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေနံချောင်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပေးအပ်

**ရေနံချောင်း ဇန်နဝါရီ ၅**

ရေနံချောင်းမြို့နယ် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းများအတွက် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှု ကော်မတီမှ ချေးငွေပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

ချေးငွေပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက ရေနံချောင်းမြို့ ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက် ကြက်သွန်နီစိုက်ပျိုး ထုတ်လုပ်ရန် အသင်းသား ၅၀ အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးချေးငွေကျပ်သန်း ၅၀ ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနိုင်ဝင်းက ချေးငွေစာချုပ်ပါ စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md. Monwar Hossain အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အမျိုးသားစာကြည့်တိုက်သို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်း စာအုပ်စာတမ်းများ လှူဒါန်းရေးနှင့် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ် ပြန်လည်ချုပ်ဆိုရေးကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ဆေးရုံကြီး ပြည်မြို့ ငါးထပ်ကုသဆောင်သစ်နှင့် ပြည်သူ့ဆေးရုံ ပန်းတောင်းမြို့ နှစ်ထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၊ ငါးထပ်ကုသဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသကွပ်ကဲရေးစစ်ဌာနချုပ်၊ (ပြည်)မှ ဒေသကွပ်ကဲရေး စစ်ဌာနချုပ်မှူး၊ ဗိုလ်မှူးချုပ် ဆန်းဌေးမောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးကုဆရာဝန်ကြီးများ၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်မြို့ ပြည်သူ့ဆေးရုံကြီး ငါးထပ်ကုသဆောင်သစ်ကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ငါးထပ် ကုသဆောင်သစ်အပြင် ပဲခူးတိုင်းဒေသကြီး အတွင်း၌ ပန်းတောင်းမြို့၊ လက်ပံတန်းမြို့၊ ကြို့ပင်ကောက်မြို့နှင့် နတ္တလင်းမြို့တို့၌ ကုသဆောင်သစ်များ ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အခြေခံအဆောက်အဦ (Infrastructure) များ ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဘက်ပေါင်းစုံမှ မွေးထုတ်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ၏ ဆေးကုသမှုအရည်အသွေးမြှင့်တင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ခုတင် (၅၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး နှစ်ရုံအပါအဝင် ဆေးရုံပေါင်း ၁၁၂ ရုံ ဖွင့်လှစ်ထားပြီး လူနာခုတင် ၃၆၆၂ ခုတင်အထိ လက်ခံကုသပေးနိုင်ပါကြောင်း၊ ပြည်မြို့အတွက်သာမက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းနှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ်များကပါ လွှဲပြောင်းကုသဆောင်ရွက်နိုင်မည့် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးဖြစ်သည်နှင့်အညီ ပြည်သူ့ဆေးရုံကြီး ပြည်မြို့တွင် အထူးကုဌာန ၁၃ ခု ဖွင့်လှစ်ကာ အထူးကုဆရာဝန်များသာမက လက်ထောက်ဆရာဝန်၊ သူနာပြု၊ ဆေးဘက်ကျွမ်းကျင်အင်အားလည်း အများအပြား ဖြည့်ဆည်း ထားပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးကုသမှုဆိုင်ရာ ဝန်ဆောင်မှုပိုမို ကောင်းမွန်စေရေးအတွက် အထူးကု ပြင်ပလူနာဌာနများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အထူးကုကွင်းဆင်းကုသမှုခရီးစဉ်များဖြင့်လည်း အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက်လည်း ဆေးကုသမှု ဆောင်ရွက်ပေးသည့်အပြင် မိမိအိတ်ထဲမှ စိုက်ထုတ်ရသည့် ကုန်ကျစရိတ်များအတွက် ဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုဖွင့်လှစ်သည့် ဆေးရုံကြီး ရေရှည်တည်တံ့ ခိုင်မြဲအောင် ကျန်းမာရေးဝန်ထမ်းများအားလုံး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူ့ဆေးရုံကြီးနှင့် အခြားသော ပြည်သူ့ဆေးရုံများအတွက် လိုအပ်သည်များ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် ပြည်သူ့ဆေးရုံကြီး ပြည်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ သီတာစိုးတို့က ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်များကို နေရာအရောက်ပေးအပ်၍ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ငါးထပ်ကုသဆောင်သစ်အတွင်း အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ပုံရိပ်ဖော် ရောဂါရှာဖွေရေးဌာန၊ ခွဲစိတ်ခန်းများ၊ အထူးကြပ်မတ် ကုသခန်းများ၊ ခွဲစိတ်ကုသဆောင်၊ အစည်းအဝေးခန်းမနှင့် အခပေး လူနာခန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါဖွင့်လှစ်သည့် ငါးထပ်ကုသဆောင်သစ်သည် (၂၄၀ x ၆၇) ပေ အကျယ်အဝန်းရှိပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ အဆောက်အဦ အထူးအဖွဲ့(၃) အား လုပ်ငန်းအပ်နှံ၍ ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် စတင်ဆောက်လုပ်ခဲ့ကာ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ စီမံကိန်းတန်ဖိုး ငွေကျပ် ၄၇၃၅ ဒသမ ၇ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း ခုနစ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်(ICU)၊ ခွဲစိတ်လူနာကုသဆောင်၊ သားဖွားမီးယပ်လူနာကုသဆောင်၊ အစည်းအဝေးခန်းများနှင့် သီးသန့်လူနာခန်းများ ပါဝင်ကာ လူနာများ အဆင်ပြေစေရေးအတွက် ဓာတ်လှေကားနှစ်စင်းလည်း တပ်ဆင်ထားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံ ပန်းတောင်းမြို့ နှစ်ထပ်ကုသဆောင်သစ် ဖွင့်လှစ်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကာ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟက ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်များကို နေရာအရောက်ပေးအပ်ပြီး နှစ်ထပ်ကုသဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါဖွင့်လှစ်သည့် နှစ်ထပ်ကုသဆောင်သစ်သည် (၁၂၀ x ၅၆)ပေ အကျယ်အဝန်းရှိပြီး ၂၀၁၉ ခုနှစ်တွင် စတင်ဆောက်လုပ်ကာ ၂၀၂၃ ခုနှစ် မတ်လတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ စီမံကိန်းတန်ဖိုး ငွေကျပ် ၃၈၈ ဒသမ ၃၀၄ သန်း အကုန်အကျခံ တည်ဆောက်ခဲ့ပြီး အရေးပေါ်ဌာန၊ သွားနှင့်ခံတွင်းဌာန၊ ဓာတ်မှန်ဌာန၊ ဓာတ်ခွဲဌာန၊ မွေးကင်းစ ကလေးကုသဌာန၊ ခွဲစိတ်ခန်း နှစ်ခန်း၊ မွေးဖွားခန်း၊ ဆေးပေးခန်း၊ လူနာဆောင်၊ ရုံးခန်းနှင့် ဆေးစတိုများ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်း မျိုးစိုက်ထည့်

**ကျောက်ဖြူ ဇန်နဝါရီ ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူ ရေငန်ပုစွန်သားဖောက်စခန်းက ကြီးမှူး၍ ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က ကျောက်ဖြူမြို့ လေပွေ့ရပ်ကွက်ရှိ လေပွေ့ချောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဟံစိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွဏ်းနှင့် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ရပ်ကွက်နေပြည်သူများက လေပွေ့ချောင်း သဘာဝ ဒီရေတောအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်းကို မျိုးစိုက်ထည့်သည်။

ငါးလုပ်ငန်းဦးစီးဌာန ကျောက်ဖြူ ရေငန်ပုစွန်သားဖောက်စခန်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပထမအကြိမ် ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းနှင့် ယခု ဒုတိယအကြိမ် ရေငန်ပုစွန်သားပေါက်ကောင်ရေ ၁၅ သိန်းကို မျိုးစိုက်ထည့်ခြင်းဖြစ်ပြီး စုစုပေါင်း ရေငန်ပုစွန်သားပေါက်ကောင်ရေ သိန်း ၂၀ အား လေပွေ့ချောင်း သဘာဝဒီရေတောအတွင်းသို့ မျိုးစိုက်ထည့်ပြီးဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

# လွတ်လပ်ရေးနေ့တွင် မွေးဖွားသောကလေးအား ထောက်ပံ့

**ထားဝယ် ဇန်နဝါရီ ၅**

ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ (လွတ်လပ်ရေးနေ့) တွင် ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ သမီးကလေးကို မွေးဖွားပေးနိုင်ခဲ့သည်။

တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ငွေစံနှင့် တာဝန်ရှိသူများ၊ ထားဝယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့က ဖွားမြင်သော သမီးကလေးနှင့်မိခင်အား ထောက်ပံ့ငွေ၊ အာဟာရမှုန့်၊ စားသောက်ဖွယ်ရာ၊ အားဆေးများ၊ အနှီးများ၊ ကျန်းမာရေးသုံးပစ္စည်းများနှင့် ဆေးစိမ်ခြင်ထောင် စသည်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုယ်ကျိုးစီးပွားအတွက် ထိုးကျွေးခံဘင်္ဂါလီအရေး နှတ်ကြောင်းဖော်လာတဲ့ အင်ဒိုနီးရှား

စွမ်းပြည့်

**ကိုယ့်မျက်ချေးကျတော့မမြင်၊ သူများမျက်ချေးသာ မြင်တတ်သူက လောကမှာ အများသား။ ဘယ်သူမှအပြစ်မကင်းတဲ့ လောကကြီးမှာ အခြားသူအပြစ်တော့ ရဲရဲတောက်မြင်တတ်ပြီး ကိုယ့်အပြစ်တော့ မြူမှုန်မျှတောင် မမြင်နိုင်တဲ့ နိုင်ငံများစွာရှိပါတယ်။ အင်ဒိုနီးရှားနိုင်ငံ အပါအဝင်ပေါ့။ လွန်ခဲ့တဲ့လကပဲ သူများနိုင်ငံပြည်တွင်းရေး ဘာမဆိုင်ညာမဆိုင် ဖြောင်ဝင်စွက်ဖက်တဲ့ အရှေ့တီမောဆိုတဲ့နိုင်ငံက ဂျိုဆေးရာမို့စ်ဟော်တာဆိုတဲ့လူကို ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့ရပါသေးတယ်။ အခုတစ်ဖန်လာပြန်ပါပြီ။ အင်ဒိုနီးရှားအောက်လွှတ်တော်က ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ BKSAP မှ လက်ထောက်ဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီဆိုသူရဲ့ ပြောကြားချက်များအပေါ် ပြန်လည်တုံ့ပြန်မှတ်ချက်ပေးရန် ဖြစ်ပါတယ်။**

အခုရက်ပိုင်း ASIATODAY.ID မှာ တွေ့ရှိချက်အရ ဘင်္ဂါလီကိစ္စပါဝင်လာခြင်းက မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေအပေါ် စော်ကားသကဲ့သို့ ဖြစ်သွားစေတဲ့ အကြောင်းရင်းက အဓိကဖြစ်ပါတယ်။ ဘာမှမထူးတဲ့ တစ်ခါလာမဲပြာပုဆိုးကဲ့သို့ပင် အပ်ကြောင်းထပ်နေတဲ့ ဒီအညှီကိစ္စရပ်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံကို အာဆီယံက ပြတ်ပြတ်သားသား အရေးယူဖို့ သူက ပြောဆိုခဲ့တာပါ။

**ဘာတွေပြောခဲ့သလဲ**

ဒီကိစ္စနဲ့ပတ်သက်ပြီး ရှုတ်ချရုံနဲ့ မလုံလောက်ကြောင်း၊ မြန်မာနိုင်ငံအား ကမ္ဘာ့ဖိုရမ်အမျိုးမျိုးမှ ဖယ်ထုတ်ပြီး လက်နက်နှင့် စီးပွားရေးပိတ်ဆို့ဖို့ ဖွခဲ့ပြီး နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေ ရပ်ဆိုင်းထားဖို့၊ မရှိတဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူတွေကို အပြည်ပြည်ဆိုင်ရာတရားရုံးပို့ပြီး တရားစွဲအရေးယူဖို့ ချောက်ချတိုက်တွန်းခဲ့ပါတယ်။ လက်ရှိနိုင်ငံတော်အစိုးရက ဘင်္ဂါလီတွေကို ဂရုမစိုက်ဘဲ အစုလိုက်အပြုံလိုက်သတ်ဖြတ်ရန် အားပေးနေတယ်ဆိုပြီးလည်း စွပ်စွဲခဲ့ပြန်တယ်။ နိုင်ငံတော်အစိုးရကပဲ တာဝန်ဝတ္တရားကင်းမဲ့သယောင် ဘင်္ဂါလီတွေရဲ့ အခြေခံလူ့အခွင့်အရေးနဲ့ ကံကြမ္မာဟာ မရေမရာ ဝေဝါးဖြစ်နေဟန် လုပ်ကြံပြောကြားခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် မြန်မာနိုင်ငံအပေါ် အာဆီယံနိုင်ငံသားတွေက ထပ်တိုးအရေးယူဖို့ တိုက်တွန်းခဲ့တာ တွေ့ရတယ်။

သူ့ရဲ့စွပ်စွဲချက်က အကြမ်းဖက်မှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုဆိုလားပဲ။ ဒါတွေနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံကို အမှန်အကန်အရေးယူဖို့ အာဆီယံမိသားစုကို မရမက ဖိတ်ခေါ်နေတာတွေ့ရပါတယ်။ ဘယ်ကမှတ်တမ်းကို ယူထားသည်မသိ၊ ဘင်္ဂါလီမျိုးနွယ်စုတွေဟာ ရခိုင်ပြည်နယ်ထဲ ၁၀၅၅ ခုနှစ်ကတည်းက ရောက်နေတယ်ဆိုပြီး အထောက်အထားမဲ့ပြောကြားချက်ကိုလည်း မှတ်သားမိလိုက်ပါတယ်။ ဒီလို ရှည်လျားတဲ့အတိတ်မှာ ဘင်္ဂါလီတွေအပေါ် မြန်မာက ဒုက္ခနဲ့ အကြမ်းဖက်မှုတွေသာ လုပ်ဆောင်နေတယ်ဆိုတဲ့အချက်ကို ဘယ်လိုအထောက်အထားနဲ့ ပြောသည်မသိ တွေ့ရပြန်ပါတယ်။

**စိတ်ကြီးဝင် သွေးနားထင် ရောက်နေပုံရ**

စကားအသွားအလာကြည့်ရတာ အခုမှမဟုတ်ပါဘူး။ ၂၀၂၂ ခုနှစ်ကလည်း မြန်မာနိုင်ငံ တပ်မတော်အကြီးအကဲတွေကို သူ့နိုင်ငံမှာ ခုံရုံးတင်ဖို့ ကြိုးစားခဲ့ခြင်းအပါအဝင် အင်ဒိုနီးရှားခေါင်းဆောင်တွေဟာ မြန်မာအစိုးရအပေါ် အကြိမ်ကြိမ် မဟုတ်တမ်းတရမ်းတွေ ပြောဆိုလုပ်ဆောင်နေခဲ့တာပါ။ ပြန်ကြည့်ရင် မြန်မာနဲ့အင်ဒိုဟာ သမိုင်းကြောင်းကောင်းတဲ့ဆက်ဆံရေးတွေ ရှိခဲ့ဖူးပါတယ်။ အခက်အခဲမျိုးစုံနဲ့အင်ဒို ဒုက္ခရောက်ခဲ့တုန်းကတောင် မြန်မာတွေ ကူညီခဲ့ဖူးပါတယ်။ အင်ဒိုနီးရှားနိုင်ငံခေတ်ဆိုးမှာ ရှိခဲ့ဖူးတဲ့ မြန်မာကျေးဇူးကို ယနေ့အင်ဒိုခေါင်းဆောင်တွေ မေ့နေပုံရပြီး ယနေ့အင်ဒိုနီးရှားနိုင်ငံကြီးစင်ပေါ်ရောက်တဲ့အချိန် သူတို့ကိုယ်သူတို့ စိတ်ကြီးဝင် သွေးနားထင်ရောက်နေပုံရပါတယ်။




အမျိုးသမီးအခွင့်အရေးအပေါ် ဖိနှိပ်မှုများနှင့်ပတ်သက်၍ အင်ဒိုနီးရှားအမျိုးသမီးများက ၂၀၂၀ ပြည့်နှစ်အတွင်း ဂျကာတာမြို့၌ ဆန္ဒပြခဲ့ကြစဉ်။
ဓာတ်ပုံ-Human Rights Watch

ဒီတော့ သူများနိုင်ငံအကြောင်း ပြန်လည်တုံ့ပြန် သုံးသပ်တော့မယ်ဆိုတဲ့အခါ ဒီနိုင်ငံနဲ့ နိုင်ငံသမိုင်းကြောင်းကိုလည်း အကျဉ်းမျှဖော်ပြဖို့လိုလာတာပေါ့။ အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အိန္ဒိယနဲ့ ပစိဖိတ် သမုဒ္ဒရာနှစ်စင်းကြားတည်ရှိတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ ကမ္ဘာမှာ ၁၄ ခုမြောက် ဧရိယာအကြီးဆုံး၊ စတုတ္ထမြောက်လူဦးရေအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့ ကျွန်းစုများနိုင်ငံဖြစ်ပါတယ်။ ဒတ်ချ်၊ ပေါ်တူဂီ၊ ပြင်သစ်၊ ဗြိတိသျှတို့လက်အောက် ရောက်ခဲ့ဖူးပြီး ၁၉၄၅ ခုနှစ်ကတည်းက လွတ်လပ်ရေးရရှိခဲ့တဲ့နိုင်ငံပါ။ G 20 နဲ့ OIC အဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါတယ်။ အမေရိကန်နဲ့နီးစပ်တဲ့ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် စီးပွားရေးမှာ အရှိန်အဟုန်နဲ့ တိုးတက်နေဆဲနိုင်ငံလည်း ဖြစ်ပါတယ်။

**သမိုင်းမှာ သွေးချောင်းစီးအာဏာသိမ်းမှတ်တမ်းရှိခဲ့ဖူးတဲ့ နိုင်ငံ**

ဒါပေမယ့် အင်ဒိုနီးရှားနိုင်ငံသမိုင်းဟာ ပြောစမှတ်ပြုလောက်အောင်ကို အားနည်းချက်တွေ ရှိခဲ့တာကိုတော့ ထောက်ပြလိုပါတယ်။ နိုင်ငံရဲ့ လွတ်လပ်ရေး အမျိုးသားခေါင်းဆောင်ဖြစ်ခဲ့တဲ့ သမ္မတဆူကာနို (၁၉၄၅-၆၅) ထံကနေ အများသိပြီးဖြစ်တဲ့ ဗိုလ်ချုပ်ကြီး ဆူဟာတို ဘယ်လိုအာဏာရယူခဲ့သလဲ၊ အရင်းရှင်ဆန့်ကျင်ရေးသမား ဆူကာနိုလက်အောက်မှာ ကွန်မြူနစ်တွေ လွှမ်းမိုးနေပြီး ကွန်မြူနစ်ထောက်ခံသူတွေနဲ့ စစ်တပ်အာဏာလွန်ဆွဲပွဲမှာ ဆူဟာတိုရဲ့ နိုင်ငံရေးအကွက်ရွှေ့ခံရတဲ့ ဆူကာနို ကျဆုံးခဲ့ရပြီး အမေရိကန် CIA အကူအညီနဲ့ စစ်ခေါင်းဆောင် ဆူဟာတို သမ္မတအာဏာရခဲ့တဲ့ ဖြစ်စဉ်ဟာ သွေးချောင်းစီးတဲ့ အာဏာသိမ်းပွဲတစ်ခုအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။

**ကွန်မြူနစ်တွေ၊ လက်ဝဲဝါဒီတွေ၊ တရုတ်လူမျိုးတွေ ကြမ်းကြမ်းတမ်းတမ်း သတ်ဖြတ်ခံခဲ့ရရာမှာ လူပေါင်းတစ်သန်းကနေ သုံးသန်းအထိ သတ်ဖြတ်ခံခဲ့ကြရပါတယ်။ သန်းနဲ့ချီတဲ့ လူသားတွေ သေဆုံးခဲ့ရတဲ့ ၎င်းဖြစ်စဉ်အပေါ် အမေရိကန်ထောက်ခံတဲ့ အင်ဒိုနီးရှားရဲ့နိုင်ငံရေးအကြမ်းဖက်မှုနဲ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီးလည်းဖြစ်ပါတယ်။ သမ္မတဆူဟာတို အာဏာရပြီးတဲ့နောက် New order အစီအစဉ်တစ်ခုချမှတ်ခဲ့ပြီး အမေရိကန်ရဲ့ အကူအညီနဲ့ နိုင်ငံဟာ တိုးတက်လာခဲ့ပေမယ့် နယူးအော်ဒါအစိုးရခေါင်းဆောင် ဆူဟာတိုဟာ နိုင်ငံရဲ့အကျင့်ပျက်ခြစားမှု၊ အတိုက်အခံတွေကို ပြင်းပြင်းထန်ထန်ဖိနှိပ်မှုနဲ့ လူထုအုံကြွမှုများအောက်မှာ နိုင်ငံပုံရိပ်ဟာ များစွာကျဆင်းခဲ့ရပြီး ဆူဟာတိုလည်း ၁၉၉၈ ခုနှစ်မှာ သမ္မတအဖြစ်ကနေ နုတ်ထွက်ပေးခဲ့ရပါတယ်။**

မြန်မာနိုင်ငံအပေါ် ယခင်လက ပုတ်ခတ်စော်ကားပြောခဲ့တဲ့ ဂျိုဆေးရာမို့စ် အပါအဝင် အရှေ့တီမောနိုင်ငံသားတွေဟာလည်း အင်ဒိုအစိုးရရဲ့ အဖိနှိပ်ခံခဲ့ရဖူးသူတွေ ဖြစ်ခဲ့ပါတယ်။ အာချေး၊ ပါပူအာတို့နဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြစ်ခဲ့ဖူးပြီး အာချေးပြဿနာက ပြေလည်သွားပေမယ့် ပါပူအာပြဿနာကတော့ မပြီးသေးပါဘူး။

**မိတ်ဆွေမပီသသော မရိုးသားမှုဟုသာ**

အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်းလည်းဖြစ်ပြီး သမိုင်းကြောင်းလည်း နီးစပ်မှုရှိတဲ့ နိုင်ငံအချင်းချင်းအပေါ် ယခုလို စွပ်စွဲပြောကြားချက်ဟာ မပြောသင့်မပြောထိုက်တဲ့ စကားများသာဖြစ်တယ်ဆိုတာ အင်ဒိုနီးရှားအစိုးရ သိစေလိုပါတယ်။ ကမ္ဘာပေါ်မှာ ခြောက်ပြစ်ကင်းသဲလဲစင်နိုင်ငံဟူ၍မရှိပါ။ နိုင်ငံရေး၊ လူမှုရေး ဂိုဏ်းဂဏ ကွဲပြားမှုတွေနဲ့ ပြည်တွင်းပဋိပက္ခရှိတဲ့နိုင်ငံတွေမှာ ပိုပြီးရှုန်းကန်ရတဲ့ အခြေအနေများအပေါ် နားလည်မှုရှိစေလိုပါတယ်။

**အမှားနဲ့အမှန်၊ တည်ဆောက်သူနဲ့ဖျက်နေသူ၊ ငြိမ်းချမ်းရေးလိုလားသူနဲ့ မလိုလားသူ၊ ခွဲခြားကွဲပြားစွာ မမြင်နိုင်လောက်အောင် ဆင်ခြင်တုံတရား နည်းပါးလွန်းတယ်လို့ ဆိုရမှာထက် ယခုလိုကာလမျိုး မြန်မာပြည်တွင်းရေး အခက်အခဲတချို့ရှိနေချိန် နိုင်ငံမြောက်ပိုင်းနဲ့တောင်ပိုင်းမှာ ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စစ်ရေးဖိအားတွေနဲ့ ရင်ဆိုင်နေရချိန်မှာ ယခုလို နိုင်ငံအနောက်တံခါးဝက ဘင်္ဂါလီကိစ္စ လေသံပစ်လာတာဟာ**

*စာမျက်နှာ ၉ သို့*

**✳ သန်းနဲ့ချီတဲ့လူသားတွေ သေဆုံးခဲ့ရတဲ့ ၎င်းဖြစ်စဉ်အပေါ် အမေရိကန်ထောက်ခံတဲ့ အင်ဒိုနီးရှားရဲ့ နိုင်ငံရေးအကြမ်းဖက်မှုနဲ့ လူအစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ သမ္မတဆူဟာတို အာဏာရပြီးတဲ့နောက် New order အစီအစဉ်တစ်ခုချမှတ်ခဲ့ပြီး အမေရိကန်ရဲ့အကူအညီနဲ့ နိုင်ငံဟာ တိုးတက်လာခဲ့ပေမယ့် နယူးအော်ဒါအစိုးရခေါင်းဆောင် ဆူဟာတိုဟာ နိုင်ငံရဲ့ အကျင့်ပျက်ခြစားမှု၊ အတိုက်အခံတွေကို ပြင်းပြင်းထန်ထန်ဖိနှိပ်မှုနဲ့ လူထုအုံကြွမှုများအောက်မှာ နိုင်ငံပုံရိပ်ဟာ များစွာကျဆင်းခဲ့ရပြီး ဆူဟာတိုလည်း ၁၉၉၈ ခုနှစ်မှာ သမ္မတအဖြစ်ကနေ နုတ်ထွက်ပေးခဲ့ရပါတယ်**

*စာမျက်နှာ ၈ မှ*

**မရှိးသားဘူးလို့သာ ဆိုရပါမယ်။ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအပေါ် အကျပ်အတည်း ဆိုးသည်ထက်ဆိုးအောင် မိတ်ဆွေမပီသသော ဖိအားပေးခြင်းတစ်မျိုးဟုသာ မှတ်ယူရပါမယ်။**

**HRW 2022**

နိဒါန်းအစချီခဲ့သလို သူများအပေါ် တစ်ဖက်သတ်လက်ညှိုးထိုးခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံကြီးမှာရော ဝေဖန်စရာ၊ အပြစ်တင်စွပ်စွဲမှုတွေ ရှိမနေဘူးတဲ့လား။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ကတော့ အခြားနိုင်ငံများအပေါ် မည်သည့်အခါကမျှ ဝင်ရောက် စွက်ဖက်ခြင်းများရှိခဲ့သည်မဟုတ်ဘဲ မိမိနိုင်ငံအပေါ် မတရားစွက်ဖက် စွပ်စွဲလာမှသာ ပြန်လည်တုံ့ပြန်ပြောဆိုခြင်းများ ရှိခဲ့တာဖြစ်ပါတယ်။ ပြန်လည်ပြောဆိုရာမှာလည်း အထောက်အထားမဲ့မဟုတ် အတိတ်သမိုင်းနဲ့ ပတ်သက်ပြီးလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အကိုးအကားများမှလည်းကောင်း ပြန်လည်ချေပခြင်းများသာ ရှိခဲ့ပါတယ်။ ယခုလည်း ၂၀၂၃ နိုဝင်ဘာလက G20 အစည်းအဝေးကြီးကျင်းပနိုင်ခဲ့တဲ့ အင်ဒိုနီးရှားအစိုးရအပေါ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့ပရိသတ်အာရုံကို ဖမ်းစားတဲ့ Human Rights Watch World report 2022 အချက်အလက်တွေအပေါ်မှာ အကိုးအကားပြု ဝေဖန်လိုပါတယ်။

အချက်အလက်တွေက အင်ဒိုနီးရှားအစိုးရဟာ နိုင်ငံသားတွေရဲ့ အခြေခံအခွင့်အရေးများနဲ့၊ နိုင်ငံရေးအခွင့်အရေးများနဲ့ ပတ်သက်ပြီး မကြာခဏချိုးဖောက်နေတယ်လို့ ဆိုပါတယ်။ အထူးသဖြင့် နောက်ခံအင်အားချို့တဲ့သူ လူအုပ်စုတွေအပေါ် ဘာသာရေး၊ လူမျိုးစုအရေး၊ လူမှုရေး၊ ကျားမတန်းတူနဲ့ လိင်ပိုင်းဆိုင်ရာများမှာ တပ်နဲ့ရဲတပ်ဖွဲ့ဝင်တွေက အဓိကကျူးလွန်နေတာ ဖြစ်ပါတယ်။ အထူးသဖြင့် ပါပူအာနဲ့ အနောက်ပါပူအာ ခရိုင်တွေမှာ ပြည်တွင်း ပြည်ပသတင်းထောက်တွေနဲ့ စောင့်ကြည့်လေ့လာသူတွေကို ဝင်ခွင့်မပေးထားဘဲ အာဏာပိုင်တွေက မတော်မတရား နှိပ်စက်စော်ကားမှုတွေ၊ အာဏာအလွဲသုံးစားမှုတွေနဲ့ အကြမ်းပတမ်း ကိုင်တွယ်နေကြကြောင်း ဖော်ပြထားပါတယ်။ ကျူးလွန်သူတွေမှာ အစ္စလာမ္မစ်အုပ်စုတွေလည်း ပါဝင်ပြီး သူတို့ဟာ လူနည်းစုတွေဖြစ်တဲ့ မတူကွဲပြား ဘာသာရေးအဖွဲ့တွေ၊ အမျိုးသမီးနဲ့ မိန်းကလေးငယ်တွေ၊ LGBT တွေကို အဓိကပစ်မှတ်ထားလေ့ရှိကြပါတယ်။

**အငြင်းပွားဖွယ် ဥပဒေပြင်ဆင်ချက်များအရ**

**မျက်မှောက်ကာလတစ်ခုမှာ အင်ဒိုနီးရှားပါလီမန်က ပြစ်မှုဆိုင်ရာဥပဒေ စည်းမျဉ်းတစ်ခုကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေပြင်ဆင်ချက်မှာ ဘာပါလာသလဲဆိုတော့ "ကျင့်သုံးဆဲ မည်သည့်ဥပဒေတွင်မဆို" ဆိုတဲ့ အငြင်းပွားဖွယ်ရာ အသုံးအနှုန်းတစ်ခု ဖော်ပြပါရှိခဲ့ပြီး ဒီအချက်ထဲမှာ ပြစ်မှုဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနဲ့ ရှာရီရာ အစ္စလာမ့်စ်ဥပဒေပါ ရာနဲ့ချီတဲ့ အမိန့်နဲ့စည်းမျဉ်းများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များစွာကို ပြင်ဆင်ထည့်သွင်း ဖော်ပြလာပါတယ်။ ဒီအချက်များကို အမျိုးသမီးနဲ့ ဘာသာရေးဆိုင်ရာ လူနည်းစုတွေ၊ LGBT တွေအပေါ် ခွဲခြားဆက်ဆံမှုများအဖြစ် ထောက်ပြပြီး ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပေါ်နေပါတယ်။ ယခုလို ခွဲခြားပြဌာန်းမှုများဟာ အနာဂတ်မှာ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာနိုင်တဲ့ လူအချင်းချင်း မတရား ဖိနှိပ်စော်ကားမှုများအဖြစ် ယနေ့အင်ဒိုနီးရှား ပြည်သူတွေက စိုးရိမ်ပူပန်နေကြပါပြီ။**

အနည်းငယ် အသေးစိတ်ရရင် ယနေ့ အင်ဒိုနီးရှားအမျိုးသမီးနဲ့ မိန်းကလေးတွေရဲ့ ခွဲခြားဖိနှိပ်ခံရမှုဟာ တစ်နိုင်ငံလုံးမှာ ဖြစ်ပေါ်နေခြင်းပါ။ လူ့အခွင့်အရေးအဖွဲ့တွေ ထောက်ပြတာက အမျိုးသမီးနဲ့ မိန်းကလေးတွေဟာ စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားခံနေကြရပြီး jilbab ခေါ်တဲ့ အပြင်ထွက်ရင် ခေါင်းမြီးခြုံထွက်ရတဲ့ အလေ့အထကို မဖြစ်မနေလိုက်နာကြရတယ်လို့ဆိုပါတယ်။ မလိုက်နာတဲ့ အမျိုးသမီး၊ မိန်းကလေးတိုင်းဟာ ကျောင်းဆရာမ၊ ကျောင်းသူဆိုကျောင်းကအထုတ်ခံရ၊ ဝန်ထမ်းဆို အလုပ်က အထုတ်ခံရ သို့မဟုတ်နုတ်ထွက်ခိုင်းခံရပါတယ်။ ဒီလိုဝတ်စားဆင်ယင်မှုကို ခရစ်ယာန်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာနဲ့အခြားမွတ်စလင်မဟုတ်သူတွေပါ အတင်းအကျပ်ဝတ်ဆင်ရတာ ဖြစ်ပါတယ်။ ဆိုရရင် ထိုနိုင်ငံမှာ ၁၉၆၅ ခုနှစ်ကတည်းက ထုတ်ပြန်ခဲ့တဲ့ ဆွန်နီတွေကို ပစ်မှတ်ထားတဲ့ အစ္စလာမ်ဘာသာကို ပြစ်မှားခြင်းဆိုင်ရာ ဥပဒေတွေနဲ့လည်း ဆက်စပ်မှုကရှိနေပါတယ်။

အင်ဒိုနီးရှားနိုင်ငံမှာ မွတ်စလင်မဟုတ်တဲ့ အခြားဘာသာဝင်တွေကို အသိအမှတ်ပြုထားပေမယ့် ဘာသာရေးအဆောက်အအုံတွေ ဆောက်ခွင့်မှာ ကန့်သတ်ချက်များစွာရှိတာကို လေ့လာမိပါတယ်။ ထို့အပြင် အင်ဒိုနီးရှားမှာ ဘာသာရေးကူးပြောင်းမှုတွေကို ဘယ်လိုသဘောထားပါသလဲ။ ၂၀၁၄ ကတည်းက ခရစ်ယာန်ဘာသာဘက်ကူးပြောင်းခဲ့တဲ့ မိုဟာမက်ကေ့စ်ဆိုသူ အစ္စလာမ်တရားဟောဆရာတစ်ယောက် ပြစ်မှုကျူးလွန်မှုအဖြစ် သတ်မှတ်ခံရပြီး ထောင်ဒဏ် ၁၀ နှစ် အပြစ်ပေးခံခဲ့ရတဲ့ဖြစ်စဉ်နဲ့အတူ နောက်ထပ် အင်ဒိုနီးရှားအမျိုးသားခေါင်းဆောင် ဆူကာနိုရဲ့သမီး ထင်ရှားတဲ့ နိုင်ငံရေးသမားမျိုးဆက်ထဲက ဆူကာမာဝတီဟာလည်း အစ္စလာမ်ဘာသာကို စွန့်လွှတ်ပြီး ဟိန္ဒူဘာသာ ကူးပြောင်းခဲ့လို့ ပြည်တွင်းမှာ အပြင်းအထန်ဝေဖန်ခံရတဲ့ အစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။ လော်စပီကာ ကျယ်ကျယ်လောင်လောင် ဖွင့်တာကအစ သူတို့ဘာသာရဲ့ အားနည်းချက်ကို ဝေဖန်မိရင် အပြစ်ပေးခံရတဲ့ အလားတူဖြစ်စဉ်ဖြစ်ရပ်များစွာ ရှိနေကြောင်းကို ထောက်ပြလိုပါတယ်။ ဘာသာရေးမှာသာမက မြေယာပိုင်ဆိုင်ခွင့်ကဲ့သို့သော အချို့ပြည်သူ့ရေးရာမူဝါဒများ၊ ပါပူအာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်များမှာ အင်ဒိုစစ်သားတွေရဲ့ စစ်ရာဇဝတ်မှုတွေကိုလည်း ထိုအစီရင်ခံစာမှာ ထည့်သွင်းဖော်ပြချက်များအရ သိရှိခဲ့ရပါသေးတယ်။

အင်ဒိုနီးရှားနိုင်ငံအနေနဲ့ မြန်မာလူနည်းစုအရေး ယခုလို အာရုံစိုက် တကူးတကပြောခဲ့သလို ယနေ့ ဂါဇာမှာ ဖြစ်ပွားနေတဲ့ အနိဋ္ဌာရုံတွေအပေါ်မှာလည်း ယခုထက်ပိုပြီး ပြင်းပြင်းထန်ထန်ဝေဖန်ဖို့တာဝန်ရှိတယ်လို့ မြင်ပါတယ်။ အင်ဒိုအစိုးရရဲ့ အစ္စလာမ်ဘာသာဆိုင်ရာ သဘောထားမှာ ဝိဝါဒကွဲပြားမှုတွေရှိနေသလား၊ အချို့ကမ္ဘာ့အမြင်မှာ ထောက်ပြဝေဖန်မှုတွေကိုလည်း ထည့်တွက်ရပါမယ်။ ပြည်တွင်းမှာသာမက ပြည်ပမှာပါ ကိုယ့်အကျိုးစီးပွားနဲ့ ပတ်သက်လာရင် OIC ရဲ့ မူဝါဒကိုပါ မျက်ကွယ်ပြုနိုင်တဲ့ ခွဲခြားရပ်တည်မှုနမူနာကို ပြသခဲ့ခြင်းဟုသာ ဆိုရပါလိမ့်မယ်။

**အကြံပြုချက်များနှင့်အတူ**

အင်ဒိုအစိုးရအပေါ် အကြံပြုချင်တာတွေရှိပါတယ်။ ရွေးကောက်ပွဲနီးမှ ယခုလို ပြည်ပနိုင်ငံများရဲ့ ပြည်တွင်းရေးတွေမှာ လိုသလို အာရုံစိုက်ပြီး ကိုယ့်ကိုယ်ကိုယ်ထင်ပေါ်အောင် မပြုမိစေဖို့နဲ့ မိမိပြည်တွင်းရေးပြဿနာတွေကို အခြားကို အာရုံပြောင်းလုပ်နေမယ့်အစား (ယူကရိန်းဆီသွား ဇာလန်စကီးနဲ့တွေ့ပြီး ယူကရိန်းအရေးဝင်စွက်ခဲ့ဖူး) အစိုးရအပေါ် မကျေမနပ်ဖြစ်နေတဲ့ ကိုယ့်ပြည်သူတွေအပေါ်မှာသာ အထူးစေတနာထား အာရုံစိုက်ဆောင်ရွက်ပေးစေလိုပါတယ်။ ကိုယ့်ပြည်တွင်းရေးမှာ ရှင်းစရာတွေ များစွာရှိနေတယ်ဆိုတာ သိနေရပါမယ်။

အထက်ပါ ဖော်ပြခဲ့တဲ့ပြဿနာတွေအပြင် သမ္မတရဲ့ ဆွေမျိုးကောင်းစားရေး Nepotism အပေါ် ပြည်တွင်းပြည်ပဝေဖန်မှုတွေကိုလည်း သတိပြုသင့်ပါတယ်။ လက်ရှိသမ္မတ ဂျိုကိုဝီရဲ့သားကြီး ရာကာ ကို ကာကွယ်ရေးဝန်ကြီးနဲ့တွဲဖက်ပြီး ဒုသမ္မတလောင်း အရွေးချယ်ခံမယ့်ကိစ္စ၊ သူ့သားအငယ် ပန်ဂါရက်ကို အာဏာရ PSI ပါတီဥက္ကဋ္ဌအဖြစ် ခန့်အပ်တဲ့ကိစ္စတွေဟာ အများက သုံးသပ်ဝေဖန်ခံရတဲ့ကိစ္စတွေဖြစ်နေပါတယ်။ စီးပွားရေးမှာ ငွေကြေးဖောင်းပွမှု ပြဿနာအပြင် စီးပွားရေးတုံ့ဆိုင်းနေမှုများကိုလည်း ဖြေရှင်းရမှာရှိနေပါတယ်။

သုံးသပ်ရမယ်ဆိုရင်တော့ ဝေဖန်ထောက်ပြစရာ အချက်အလက်တွေ များစွာရှိနိုင်ပါသေးတယ်။ မြန်မာနိုင်ငံဘက်ကတော့ အချို့နိုင်ငံများရဲ့ ထိုးကျွေးခံဘဝရောက်နေရရှာတဲ့ ဘင်္ဂါလီတွေအတွက် လူသားချင်းစာနာစိတ်နဲ့ အခိုင်အမာရပ်တည်ပြီး အပြုသဘောဆောင်ရွက်ချက်များ အစဉ်ပြုလုပ်နေတာ ဖြစ်ပါတယ်။ ဘင်္ဂါလီအရေးဟာ သူတို့ရွေးကောက်ပွဲ အကျိုးစီးပွားအတွက်ရယ်၊ နိုင်ငံတကာနဲ့ဒေသတွင်းမှာ မျက်နှာသာရဖို့နဲ့ ဘင်္ဂါလီအရေးကို အာဆီယံစားပွဲပေါ်မှာ နေရာယူလာနိုင်ဖို့၊ မြန်မာနိုင်ငံအရေး ပြဿနာတွေကြောင့် ဘင်္ဂါလီတွေ ထွက်ပြေးနေရတယ် စတဲ့ မရိုးသားတဲ့ သရုပ်ဖော် ဖန်တီးမယ့်အကွက်တွေကိုသာ တွေ့မြင်နေရပါကြောင်းနဲ့ ဂရုတစိုက်လေ့လာစောင့်ကြည့်ရန် လိုအပ်နေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

> ❋ မျက်မှောက်ကာလတစ်ခုမှာ အင်ဒိုနီးရှားပါလီမန်က ပြစ်မှုဆိုင်ရာဥပဒေ စည်းမျဉ်းတစ်ခုကို ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါတယ်။ ဒီဥပဒေပြင်ဆင်ချက်မှာ ဘာပါလာသလဲဆိုတော့ "ကျင့်သုံးဆဲ မည်သည့်ဥပဒေတွင်မဆို" ဆိုတဲ့ အငြင်းပွားဖွယ်ရာ အသုံးအနှုန်းတစ်ခု ဖော်ပြပါရှိခဲ့ပြီး ဒီအချက်ထဲမှာ ပြစ်မှုဆိုင်ရာဓလေ့ထုံးတမ်းဥပဒေနဲ့ ရှာရီရာ အစ္စလာမ့်စ် ဥပဒေပါ ရာနဲ့ချီတဲ့ အမိန့်နဲ့စည်းမျဉ်းများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များစွာကို ပြင်ဆင် ထည့်သွင်းဖော်ပြလာပါတယ်။ ဒီအချက်များကို အမျိုးသမီးနဲ့ ဘာသာရေးဆိုင်ရာ လူနည်းစု တွေ၊ LGBT တွေအပေါ် ခွဲခြားဆက်ဆံမှုများအဖြစ် ထောက်ပြပြီး ဆန့်ကျင်ကန့်ကွက်မှုများ ဖြစ်ပေါ်နေပါတယ်။ ယခုလို ခွဲခြားပြဌာန်းမှုများဟာ အနာဂတ်မှာ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်လာနိုင်တဲ့ လူအချင်းချင်း မတရားဖိနှိပ်စော်ကားမှုများအဖြစ် ယနေ့အင်ဒိုနီးရှား ပြည်သူတွေက စိုးရိမ်ပူပန်နေကြပါပြီ

## ကသာမြို့ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေသူ ၁၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ကသာ ဇန်နဝါရီ ၅**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတစ်ဝန်း ပြစ်ဒဏ်ကျနေသူများအား နိုင်ငံတော်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ခွင့်ပြုပေးလျက်ရှိရာ ကသာမြို့အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရသူများအနက် အကျဉ်းသားစုစုပေါင်း ၁၉ ဦးကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအား ကျင့်ထုံး ၄၀၁(၁) အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ပေးအပ်ပွဲကို အကျဉ်းထောင်ရှိဧရာရန်အောင် ဧည့်ရိပ်သာခန်းမ၌ ဇန်နဝါရီ ၄ ရက်က ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ကျော်သူလှိုင်တို့က ဆုံးမသြဝါဒစကားများ ပြောကြားပြီးနောက် ထောင်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိကြသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ကတ်ပြားနှင့် ခရီးစရိတ်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

## ဗန်းမော်အကျဉ်းထောင်၌ အကျဉ်းသား အကျဉ်းသူ ၄၉ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ဗန်းမော် ဇန်နဝါရီ ၅**

(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ကချင်ပြည်နယ် ဗန်းမော်မြို့ အကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ ၄၉ ဦး လွတ်မြောက်ခဲ့သည်။

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား အကျဉ်းသူ ၉၆၅၂ ဦးတို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် ၁/၂၀၂၄ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ ဗန်းမော်အကျဉ်းထောင်မှ အကျဉ်းသား ၄၅ ဦး၊ အကျဉ်းသူ ၄ ဦး လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် အဖွဲ့၊ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအာကာတို့က လွတ်မြောက်အကျဉ်းသားများအား ဆုံးမသြဝါဒစကားပြောကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ၂၀၂၄ နှစ်သစ်အစမှာ ဂျပန်နိုင်ငံ ရင်ဆိုင်ခဲ့ရတဲ့ မြေငလျင်ကြီး

**တက္ကသိုလ်မောင်ရှုပ**

နှစ်သစ်တစ်ခုကို စတင်ကူးပြောင်းတဲ့ ပထမဆုံးနေ့မှာ တစ်နိုင်ငံလုံးမှာရှိကြတဲ့ ဂျပန်လူမျိုးတွေဟာ မိသားစုလိုက် ဘုရားကျောင်းကိုသွားပြီး အရိုအသေ အလေးအမြတ်ပြုမှုနဲ့ လာမယ့်နှစ်တစ်နှစ်လုံးမှာ ပျော်ရွှင်ချမ်းမြေ့မှု၊ ကျန်းမာချမ်းသာမှု၊ ကြွယ်ဝချမ်းသာမှုနဲ့ လုပ်ငန်းကိုင်ငန်းတွေမှာ အစစအရာရာ အဆင်ပြေမှုရှိစေဖို့ ဆုတောင်းကြလေ့ရှိပါတယ်။ ဂျပန်လိုတော့ ဟတ်ဆူမိုဒေး (Hatsumode) လို့ ခေါ်တဲ့ ဓလေ့ထုံးစံတစ်ခု ဖြစ်ပါတယ်။ ဇန်နဝါရီလ ၁ ရက်နေ့ဟာ ဂျပန်နိုင်ငံမှာ တရားဝင်ရုံးပိတ်ရက် ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် နှစ်သစ်အစ ဇန်နဝါရီလ ၁ ရက်နေ့ကလည်း ထုံးစံအတိုင်း ဘုရားကျောင်းကန်တွေမှာ လူစည်ကားခဲ့ပါတယ်။ တစ်နှစ်ပတ်လုံး တည်ငြိမ်အေးချမ်းမှုရရှိစေဖို့ ဆုတောင်းခဲ့ကြတဲ့ ဂျပန်လူမျိုးတွေကို အနှောင့်အယှက်ဖြစ်စေခဲ့တဲ့ ဖြစ်စဉ်ကြီးတစ်ခုကတော့ ဇန်နဝါရီလ ၁ ရက်နေ့မှာပဲ ဖြစ်ပွားခဲ့ပါတယ်။

နှစ်စဉ် ဇန်နဝါရီလ ၁ ရက်နေ့သည် ဂျပန်လူမျိုးများ ဘုရားကျောင်းများသို့ သွားရောက်ဝတ်ပြုဆုတောင်းကြသည့်နေ့ဖြစ်သည်။

### အင်အားပြင်းမြေငလျင်ကြီး

အဲဒီဖြစ်စဉ်ကတော့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ ညနေပိုင်း ဂျပန်စံတော်ချိန် ၁၆:၁၀ နာရီမှာ ဂျပန်နိုင်ငံအနောက်ဘက် ဂျပန်ပင်လယ်ပြင်ကို မျက်နှာမူနေတဲ့ အီရှီကာဝါပြည်နယ် (Ishikawa Prefecture) မှာရှိတဲ့ နိုတိုကျွန်းဆွယ် (Noto Peninsula) ကို ဗဟိုပြုပြီး အင်အားပြင်းထန်တဲ့ ရစ်ချ်တာစကေး အဆင့် ၆ ဒသမ ၇ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့ခြင်း ဖြစ်ပါတယ်။ မြေငလျင်ရဲ့ ပြင်းအား ပမာဏ ကြီးမားတာကြောင့်ရယ်၊ ဂျပန်ပင်လယ်ပြင်ကို ဗဟိုပြုနေတဲ့ ကမ်းရိုးတန်းဒေသမှာ လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးဖြစ်လို့ နောက်ဆက်တွဲ ဆူနာမီရေလှိုင်းကြီးတွေ ဖြစ်ပေါ်လာနိုင်တာကြောင့် ဂျပန်မိုးလေဝသ အေဂျင်စီဟာ အီရှီကာဝါပြည်နယ်၊ နိုတိုဒေသ၊ ယာမာဂါတာ၊ နီဂါတာ၊ တိုးယာမ၊ ဖူကူအီ၊ ဟိုဂို ပြည်နယ်တွေအတွက် ဆူနာမီသတိပေးချက်တွေ ချက်ချင်းထုတ်ပြန်ခဲ့ရပါတယ်။ အဲဒီပြည်နယ်အတွင်းရှိ ကမ်းခြေနဲ့နီးစပ်တဲ့ဒေသတွေမှာ နေထိုင်နေကြတဲ့ ပြည်သူတွေအနေနဲ့ ကုန်းမြင့်ဒေသတွေဆီကို ပြောင်းရွှေ့နေထိုင်ကြဖို့လည်း သတိပေးချက်တွေ အဆက်မပြတ် ထုတ်လွှင့်ခဲ့ပါတယ်။

အီရှီကာဝါပြည်နယ် ဆူဇုမြို့မှာတော့ အမြင့် ၁ ဒသမ ၂ မီတာရှိတဲ့ ဆူနာမီရေလှိုင်းတွေ ရိုက်ခတ်မှု ရှိခဲ့တာကလွဲရင် ပြင်းထန်တဲ့ ဆူနာမီရေလှိုင်းတွေ မဖြစ်ပေါ်ခဲ့တာကြောင့် သတိပေးချက်တွေကို ဇန်နဝါရီလ ၂ ရက်နေ့မှာ ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ မြေငလျင်ကြောင့် အီရှီကာဝါပြည်နယ်အတွင်းမှာရှိတဲ့ မြို့တွေမှာ အိမ်တွေပြိုကျပျက်စီးမှု၊ မီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားခဲ့သလို အနီးအနားပတ်ဝန်းကျင်က ပြည်နယ်အချို့မှာလည်း အိမ်တွေပြိုကျပျက်စီးမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ ဒါ့အပြင် မော်တော်ကားလမ်းတွေမှာလည်း အက်ကြောင်းကြီးတွေ ဖြစ်ပွားခဲ့တာကြောင့် လမ်းပန်းဆက်သွယ်မှုကိုလည်း ထိခိုက်စေခဲ့ပါတယ်။ ဆူဇုဆိပ်ကမ်းမြို့မှာ ငါးဖမ်းလှေ အများအပြား ပျက်စီးဆုံးရှုံးမှုရှိခဲ့ပါတယ်။ ဇန်နဝါရီလ ၅ ရက်နေ့အထိ စာရင်းများအရ လူပေါင်း ၉၂ ဦး အသက်ဆုံးရှုံးခဲ့ရပြီး ၂၄၂ ဦး ပျောက်ဆုံးနေဆဲဖြစ်ကာ ထိခိုက်ဒဏ်ရာရရှိသူ အများအပြားရှိခဲ့ပါတယ်။ ပြိုကျပျက်စီးတဲ့ အဆောက်အအုံတွေထဲမှာ ပိတ်မိနေနိုင်တဲ့သူတွေ ရှိနေနိုင်တာကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ယခုအချိန်အထိ ဆောင်ရွက်နေကြဆဲ ဖြစ်ပါတယ်။



အီရှီကာဝါပြည်နယ် ဝါဂျီးမားမြို့တွင် မြေငလျင်ကြောင့် ဖြစ်ပွားခဲ့သည့် ပျက်စီးမှုများကို တွေ့ရစဉ်။

### ဂျပန်အစိုးရ၏တုံ့ပြန်မှု

နိုတိုကျွန်းဆွယ် မြေငလျင်ကြီးလှုပ်ခတ်ပြီး မကြာခင်အချိန်မှာပဲ ဂျပန်အစိုးရဟာ အရေးပေါ် သဘာဝဘေးထိန်းချုပ်ရေးကွပ်ကဲမှုရုံးချုပ် (Emergency Disaster Control Headquarters) ကို ဖွဲ့စည်းခဲ့ပါတယ်။ ကွပ်ကဲမှုရုံးချုပ်ဖွဲ့စည်းမှုနဲ့အတူ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင်တွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ အရေးပေါ်ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးအဖွဲ့တွေကို ချက်ချင်းစေလွှတ်ခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ထိခိုက်ခဲ့သူတွေကို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ကြောင်း ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက ပြောကြားခဲ့ပါတယ်။ ဝန်ကြီးချုပ် ကီရှီဒါက မြေငလျင်လှုပ်ခတ်ခဲ့တဲ့ဒေသမှာ အပျက်အစီးတွေ များပြားကြောင်း၊ အဆောက်အအုံပြိုကျပျက်စီးမှုတွေရှိကြောင်း၊ အသက်ဆုံးရှုံးမှုတွေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေရှိကြောင်း၊ သတင်းရရှိတဲ့အတွက် ၎င်းအနေနဲ့ သက်ဆိုင်ရာ ဒေသအာဏာပိုင်တွေဆီက အကူအညီတောင်းခံမှုတွေကို စောင့်ဆိုင်းမနေဘဲ လုပ်ပေးစရာရှိတဲ့ အကူအညီတွေကို ချက်ချင်း ဆောင်ရွက်ပေးဖို့ push-type assistance ပုံစံနဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။

အစိုးရအဖွဲ့၊ အတွင်းရေးမှူးချုပ် ယိုရှီမာဆာ ဟာယာရှီကလည်း အစိုးရအနေနဲ့ လူပေါင်း ၅၇၃၆၀ ကို ကယ်ဆယ်ရေးစခန်း ၉၅၅ ခုမှာ စောင့်ရှောက်ထားပြီး လိုအပ်တဲ့အကူအညီတွေ ပေးအပ်နေကြောင်း၊ ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင် ၁၀၃၀၊ ရဲတပ်ဖွဲ့ဝင် ၆၃၄ ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၃၇ ဦးနဲ့ ကမ်းခြေစောင့်တပ်ဖွဲ့ဝင် ၂၂ ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စေလွှတ်ထားကြောင်း ပြောကြားခဲ့ပါတယ်။ သို့သော်လည်း မော်တော်ကားလမ်းတွေ အက်ကွဲပြိုကျမှု၊ တံတားအချို့ပြိုကျမှုတွေကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေအတွက် အခက်အခဲအချို့ကြုံတွေ့ရကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် မြေငလျင်ကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုတွေလည်း ဖြစ်ပွားခဲ့ရာမှာ အိမ်ထောင်စုပေါင်း ၃၂၈၀၀ ဟာ လျှပ်စစ်မီးပြတ်တောက်မှုတွေကို ကြုံတွေ့နေကြရပါတယ်။ မြေငလျင်ကြောင့် Hokuriku နဲ့ Joetsu ရှင်ကန်ဆန် အမြန်ရထားလိုင်းတွေကိုလည်း တစ်စိတ်တစ်ပိုင်း ရပ်နားထားခဲ့ရပါတယ်။

မြေငလျင်ကြောင့် မော်တော်ကားလမ်း ပျက်စီးမှုများဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အနှောင့်အယှက်ဖြစ်စေခဲ့သည်။

ဂျပန်နိုင်ငံဟာ ငလျင်ဒဏ်ကို မကြာခဏ ကြုံတွေ့ခံစားရတာကြောင့် အရာရာတိုင်းကို စနစ်တကျ တွက်ချက်ဆောင်ရွက်ထားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ငလျင်လှုပ်ပြီဆိုတာနဲ့ အန္တရာယ်ရှိနိုင်မှု အနေအထားပေါ်မူတည်ပြီး မြန်နှုန်းမြင့်အရှိန်နဲ့မောင်းနှင်နေတဲ့ ကျည်ဆန်ရထားတွေ အလိုအလျောက်ရပ်တန့်သွားစေမယ့် အာရုံခံစနစ်တွေ၊ ပြည်သူလူထုကို ရုပ်မြင်သံကြား၊ ရေဒီယိုနဲ့ ရပ်ကွက်အလိုက် အသိပေးနိုင်မယ့်စနစ်တွေ စီစဉ်ထားရှိပါတယ်။ အဆောက်အအုံတွေ ဆောက်လုပ်ရာမှာလည်း သတ်မှတ်ထားတဲ့စံနှုန်းစံထားဆိုင်ရာ ဥပဒေ (The Building Standards Law) ကို ငလျင်ပြင်းအားပမာဏ ၆ (သို့မဟုတ်) ၇ အထိ ခံနိုင်ရည်ရှိရမယ့် ပြင်ဆင်ချက်ကို ၁၉၈၁ ခုနှစ်မှာ အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ကလေးသူငယ်၊ ကျောင်းသူကျောင်းသားတွေအပါအဝင် ပြည်သူလူထုကိုလည်း ငလျင်လှုပ်လာရင် ဆောင်ရ၊ ရှောင်ရမယ့်အချက်တွေကိုလည်း အမြဲတမ်းအသိပေးလျက်ရှိသလို လေ့ကျင့်မှုတွေလည်း မကြာခဏပြုလုပ်လေ့ရှိပါတယ်။ တစ်နည်းအားဖြင့် ငလျင်ကို ရင်ဆိုင်နိုင်အောင် စနစ်တကျ ပြင်ဆင်ထားတဲ့နိုင်ငံ ဖြစ်ပါတယ်။

ဒါကြောင့် အခုဖြစ်စဉ်မှာ ဂျပန်အစိုးရဟာ မြေငလျင်လှုပ်ခတ်ပြီးနောက်ပိုင်း အလျင်အမြန် တုံ့ပြန်နိုင်မှုကို ပြသနိုင်ခဲ့ပါတယ်။ ဂျပန်ပြည်သူတွေဟာလည်း ငလျင်နဲ့ပတ်သက်လို့ ဘေးအန္တရာယ်ကြုံတွေ့လာရင် လုပ်ဆောင်ရမယ့် နည်းလမ်းတွေကို သိရှိနားလည်ထားသူတွေ ဖြစ်ပါတယ်။ အသက်ဆုံးရှုံးခဲ့ရသူတွေအတွက် စိတ်မကောင်းဖြစ်ရပေမယ့် ဒီလောက်ပြင်းအား ပမာဏကြီးမားတဲ့ မြေငလျင်ကြောင့် လူ ၆၀ ကျော်သာ သေဆုံးခဲ့ရတာဟာ အဆိုးထဲက အကောင်းဖြစ်တယ်လို့ ပြောဆိုနိုင်ပါတယ်။ အခုငလျင်မှာ ထပ်မံကံကောင်းတယ်လို့ ပြောလို့ရတဲ့အချက်က ငလျင်လှုပ်ခတ်ခဲ့တဲ့ အီရှီကာဝါပြည်နယ်မှာ Hokuriku Electric Power Co. ရဲ့ Shika အဏုမြူဓာတ်အားပေးစက်ရုံ တည်ရှိနေသလို အနီးအနားက နီဂါတာပြည်နယ်မှာ အဏုမြူဓာတ်အားပေးစက်ရုံ ခုနစ်ရုံ ရှိနေသော်လည်းပဲ အဏုမြူဓာတ်အားပေးစက်ရုံတွေမှာ ဘေးအန္တရာယ် ကြီးကြီးမားမားဖြစ်စေနိုင်မယ့် မည်သည့်ထိခိုက်မှုမျှ မဖြစ်ပွားခဲ့ခြင်းပဲ ဖြစ်ပါတယ်။ အခုလို အဏုမြူဓာတ်အားပေးစက်ရုံတွေမှာ ထိခိုက်မှုမရှိခဲ့ခြင်းဟာ ဂျပန်အစိုးရအတွက် များစွာ စိတ်သက်သာရစေမယ့်အချက် ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်နေ့က ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ပစိဖိတ်ကမ်းလွန်ကိုဗဟိုပြုပြီး အင်အားအလွန်ပြင်းထန်တဲ့ ရစ်ချ်တာ စကေးအဆင့် ၉ ရှိ မြေငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်က လူပေါင်း ၁၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသလို ဖူကူရှီးမားခရိုင်အတွင်းမှာရှိတဲ့ အဏုမြူဓာတ်အားပေးစက်ရုံအချို့ ထိခိုက်ခဲ့ခြင်းကြောင့် နောက်ဆက်တွဲ ပြဿနာတွေကို ဂျပန်အစိုးရဟာ ကိုင်တွယ်ဖြေရှင်းခဲ့ရပါတယ်။ ဖြစ်ပေါ်လာတဲ့ ဆူနာမီရေလှိုင်းကြီးတွေကြောင့် အဏုမြူဓာတ်ပေါင်းဖိုတွေအတွင်း ပင်လယ်ရေတွေဝင်ရောက်ခဲ့ပြီး ဓာတ်ပေါင်းဖိုသုံးခုမှာ အဏုမြူဓာတ်ကြွပစ္စည်းတွေ စိမ့်ထွက်မှုတွေဖြစ်ပေါ်ခဲ့ရပါတယ်။

*စာမျက်နှာ ၁၁ သို့*



၂၀၁၁ ခုနှစ် မြေငလျင်နှင့် ဆူနာမီကြောင့် ပျက်စီးခဲ့သည့် ဖူကူရှီးမားအဏုမြူဓာတ်ပေါင်းဖိုနေရာတွင် ဂျပန်အစိုးရက ရေဒီယိုသတ္တိကြွရေများအား ပြန်လည်သန့်စင်ပြီး ရေများကို ရေလှောင်ကန်ကြီးများဖြင့် စနစ်တကျသိုလှောင်ထားသည်ကို တွေ့ရစဉ်။

> **"ဝန်ကြီးချုပ် ကီရှီဒါက မြေငလျင်လှုပ်ခတ်ခဲ့တဲ့ဒေသမှာ အပျက်အစီးတွေ များပြားကြောင်း၊ အဆောက်အအုံပြိုကျပျက်စီးမှုတွေရှိကြောင်း၊ အသက်ဆုံးရှုံးမှုတွေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုတွေရှိကြောင်း၊ သတင်းရရှိတဲ့အတွက် ၎င်းအနေနဲ့ သက်ဆိုင်ရာဒေသအာဏာပိုင်တွေဆီက အကူအညီတောင်းခံမှုတွေကို စောင့်ဆိုင်းမနေဘဲ လုပ်ပေးစရာရှိတဲ့ အကူအညီတွေကို ချက်ချင်း ဆောင်ရွက်ပေးဖို့ push-type assistance ပုံစံနဲ့ ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြား"**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် စစ်ကိုင်းမြို့နှင့် မန္တလေးမြို့ရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် ကျောင်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၅

**ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းပညာရေး တက္ကသိုလ်သို့ရောက်ရှိပြီး စာသင်ခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။**



ထိုသို့ကြည့်ရှုစဉ် ဆရာ ဆရာမလောင်းများ ဖြစ်သည်နှင့် အညီ တပည့်များကို ထူးချွန် ထက်မြက်အောင် ပြန်လည် သင်ကြားနိုင်ရေးအတွက် သင်ပြ နည်းစနစ်များ၊ ပညာရေးသဘော တရားနှင့် စီမံခန့်ခွဲမှုပညာများ၊ ပညာရေးစိတ်ပညာ၊ အားကစား နှင့် ကာယပညာတို့ကို အာရုံစိုက် သင်ယူလေ့ကျင့်ကြရန် တိုက်တွန်း သည်။ ထို့နောက် ပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ ကာ ပညာရေးတက္ကသိုလ်များ သာမက ပညာရေးဒီဂရီကောလိပ် များ၏ သင်ရိုးညွှန်းတမ်းများ ကောင်းမွန်ရေးအတွက် ပညာရေး တက္ကသိုလ်နှစ်ခု ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန်၊ ပုဂ္ဂလိက ကျောင်းဆရာလက်မှတ်သင်တန်း များ စနစ်တကျ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် စစ်ကိုင်းတက္ကသိုလ် သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူနေမှု များကို လှည့်လည်ကြည့်ရှုအားပေး ကာ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ စစ်ကိုင်းပညာ ရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများကို သင်ကြားရေး ဘာသာရပ်များ သာမက ကာယပညာ၊ ကျောင်း ကျန်းမာရေးပညာနှင့် အားကစား တို့ကို တပည့်များအား ပြန်လည် ပို့ချ လေ့ကျင့်ပေးနိုင်သည်အထိ မိမိကိုယ်တိုင် တတ်မြောက် အောင် လေ့ကျင့်ကြစေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် မန္တလေးမြို့ရှိ ရောဝတီ အင်တာနေရှင်နယ် ပုဂ္ဂလိက ကျောင်းသို့ ရောက်ရှိပြီး ပုဂ္ဂလိက ပညာရေးဥပဒေနှင့် ထုတ်ပြန်ထား သော ညွှန်ကြားချက်များ၊ မကြာမီ ထုတ်ပြန်မည့် နည်းဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိစေရေး နှင့် ပြည်သူ့နီတိနှင့်အညီ နေထိုင် ပြုမူပြောဆိုတတ်စေရေး ပျိုးထောင် ပေးရန် မှာကြားကြောင်း သိရ သည်။

**သတင်းစဉ်**



(၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစား ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲကို ကရင်ပြည်နယ် မြဝတီခရိုင်နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ မြို့မအားကစား ကွင်း၌ ဇန်နဝါရီ ၄ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်း နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ ဇာဖြူဝင်း (ပြန်/ဆက်)

## ပုသိမ်အကျဉ်းထောင်၌ အကျဉ်းသား / အကျဉ်းသူ ၃၁၂ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပုသိမ် ဇန်နဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် အကျဉ်းထောင်တွင် ပြစ်ဒဏ် ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူများအနက် အကျဉ်း သား ၂၄၈ ဦး၊ အကျဉ်းသူ ၆၄ ဦး စုစုပေါင်း၃၁၂ ဦးတို့အား ဇန်နဝါရီ ၄ ရက်က ပြစ်ဒဏ်လွတ်ငြိမ်း ခွင့်ပြုခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်း ခွင့်ပြုသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က အကျဉ်းထောင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပြီး အကျဉ်းဦးစီးဌာန ဧရာဝတီတိုင်း ဒေသကြီးဦးစီးမှူး ညွှန်ကြားရေး မှူး ဦးလင်းဗိုလ်နောင်က အမှာ စကားပြောကြားပြီး လွတ်မြောက် သွားသူ အကျဉ်းသား/အကျဉ်းသူ



၃၁၂ ဦးတို့အား ဦးစီးရန်ပုံငွေမှ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အား ရှင် ခံစားခွင့်ငွေ စုစုပေါင်း ငွေကျပ် ၃၇၀၅၂၈၅ တို့ကို ထုတ်ပေးခဲ့ပြီး အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

ခာတ်ပေါင်းဖိုထဲဝင်ရောက်လာတဲ့ ရေတွေမှာ ရေဒီယိုသတ္တိကြွအိုင်ဆိုတုပ်တွေ စိမ့်ဝင်ခဲ့ပြီး ပစိဖိတ်သမုဒ္ဒရာထဲ ပြန်လည်စီးဝင်ရောက်ရှိခဲ့ပါ တယ်။ ဒါ့အပြင် ဓာတ်ပေါင်းဖိုထဲက လောင်စာတွေ ကို အအေးခံဖို့ နေ့စဉ်ရေတွေ ထည့်သွင်းအအေးခံ နေရပြီး ပြန်ထွက်လာတဲ့ ရေဒီယိုသတ္တိကြွရေတွေ ကိုလည်း ပြန်လည်သန့်စင်ပြီး သိုလှောင်ကန်တွေ တည်ဆောက်ပြီး ထိန်းသိမ်းထားခဲ့ရပါတယ်။

ဒီသန့်စင်ပြီးရေတွေကို သိုလှောင်ထားရာမှာ တန်ချိန်ပေါင်း ၁ ဒသမ ၂၅ သန်းကို လှောင်ကန် ပေါင်း ၁၀၀၀ ကျော်နဲ့ သိုလှောင်ထားရသလို ၂၀၁၁ မြေငလျင်ကြောင့် ပျက်စီးသွားတဲ့ ဓာတ်ပေါင်းဖို သုံးခုကို အအေးခံနေရတဲ့ လုပ်ငန်းစဉ်ကနေ နေ့စဉ် ရေဒီယိုသတ္တိကြွရေတန်ချိန် ၁၅၀ ထွက်ရှိနေပါတယ်။ လှောင်ကန်တွေရဲ့ ရေသိုလှောင်နိုင်မှုပမာဏက တန်ချိန် ၁ ဒသမ ၃၇ သန်းသာ ရှိတာကြောင့် ၂၀၂၃ ခုနှစ်မှာ လှောင်ကန်တွေပြည့်လာတဲ့အတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့ကစပြီး ပစိဖိတ်သမုဒ္ဒရာ အတွင်း အသုတ်လိုက် ပြန်လည်စွန့်ပစ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့် ၂၀၁၁ ခုနှစ် မြေငလျင်ကြီးလှုပ်ပြီး ၁၂ နှစ် ကြာမြင့်တဲ့အချိန်မှ သန့်စင်ပြီးရေတွေကို ပြန်လည်စွန့်ပစ်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီလိုပြန်လည် စွန့်ပစ်နိုင်ဖို့ကလည်း လွယ်လွယ်နဲ့ဖြစ်လာတာ မဟုတ်ဘဲ ငွေကြေးအရင်းအမြစ်တွေ၊ နည်းပညာ အရင်းအမြစ်တွေ အသုံးပြုခဲ့ရသလို နိုင်ငံရေးအရ လည်း ကြီးမားတဲ့အခက်အခဲတစ်ခု ဖြစ်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) က ပြန်လည်သန့်စင်ပြီးရေတွေကို ပင်လယ် ပြင်အတွင်း ပြန်လည်စွန့်ပစ်တဲ့ ဂျပန်အစိုးရရဲ့ အစီအစဉ်ဟာ အပြည်ပြည်ဆိုင်ရာ လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းတွေနဲ့ ညီညွတ်မှုရှိပြီး သဘာဝပတ်ဝန်းကျင် အပေါ် သက်ရောက်မှုမရှိသလောက်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပေမယ့် ဒီသန့်စင်ပြီးရေတွေ စတင် စွန့်ပစ်ခဲ့တဲ့နေ့ကစပြီး ဂျပန်နိုင်ငံမှ ပင်လယ်ထွက် အစားအစာတွေအားလုံးကို တရုတ်နိုင်ငံက တင်သွင်း ခြင်းကို လုံးဝပိတ်ပင်ခဲ့ပါတယ်။




ဇန်နဝါရီလ ၁ ရက်နေ့က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြီး ဗဟိုပြုရာ အီရှီကာဝါ ပြည်နယ် နိုတိုဒေသ)

ဒါကြောင့် အခုဇန်နဝါရီလ ၁ ရက်နေ့က လှုပ်ခတ် ခဲ့တဲ့ နိုတိုကျွန်းဆွယ်ငလျင်ကြီးကြောင့် အဏုမြူ ဓာတ်အားပေးစက်ရုံတွေမှာ ထိခိုက်မှုမရှိခဲ့ခြင်းဟာ ဂျပန်အစိုးရအတွက် များစွာစိတ်သက်သာရစေမယ့် အချက်လို့ ပြောကြားနိုင်တာ ဖြစ်ပါတယ်။ အဏုမြူ ဓာတ်ပေါင်းဖိုတွေသာ ထိခိုက်ခဲ့မယ်ဆိုရင် ၂၀၁၁ ခုနှစ် မြေငလျင်တုန်းကလို နောက်ဆက်တွဲဖြေရှင်း ရမယ့် ပြဿနာတွေက ပိုမိုကြီးမားခေါင်းခဲစရာတွေ ဖြစ်လာနိုင်ပါတယ်။

အခုမြေငလျင်ကြောင့် အသက်ဆုံးရှုံးမှုတွေ၊ ပျက်စီးဆုံးရှုံးမှုတွေအတွက် နိုင်ငံတကာခေါင်းဆောင် တွေ၊ အကြီးအကဲတွေကလည်း ဂျပန်ဧကရာဇ်၊ ဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးထံကို ဝမ်းနည်း စာနာထောက်ထားကြောင်း သဝဏ်လွှာတွေ ပေးပို့ခဲ့ ကြပါတယ်။ လိုအပ်လာခဲ့ရင်လည်း အကူအညီတွေ တတ်နိုင်သလောက် ပေးပို့ကူညီကြမယ့် အနေ အထားမှာရှိကြပါတယ်။ သို့သော် ဂျပန်အစိုးရအနေနဲ့ ၂၀၁၁ မြေငလျင်ကြီးကြောင့် ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းခဲ့တဲ့ အတွေ့အကြုံကောင်းတွေရှိနေတာကြောင့် အခု မြေငလျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ထိရောက်နိုင်နင်းစွာ ဆောင်ရွက်နိုင်မယ်ဆိုတာ သံသယရှိစရာမလိုတဲ့အချက် ဖြစ်ပါတယ်။

**ဂျပန်လေကြောင်းလိုင်း လေယာဉ်မတော်တဆမှု**

ဂျပန်တစ်နိုင်ငံလုံးဟာ ဇန်နဝါရီလ ၁ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ နိုတိုကျွန်းဆွယ်မြေငလျင်ကြီးအပေါ် အာရုံစိုက်နေကြစဉ်မှာ နောက်ထပ်မမျှော်လင့်ဘဲ အန္တရာယ်ကြီးမားတဲ့ မတော်တဆမှုတစ်ခု နောက် တစ်ရက်မှာ ထပ်မံဖြစ်ပွားခဲ့ပါတယ်။ အဲဒါက ဇန်န ဝါရီလ ၂ ရက်နေ့က ဟော့ကိုင်းဒိုးပြည်နယ် Shin-Chitose လေဆိပ်ကနေ တိုကျိုမြို့ Haneda လေဆိပ် ကို ပျံသန်းလာတဲ့ ဂျပန်လေကြောင်းလိုင်း (Japan Airlines) Airbus A 350 ခရီးသည်တင်လေယာဉ်ဟာ Haneda လေဆိပ်အဆင်း ညနေ ၁၇:၅၅ နာရီမှာ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ရဲ့ Bombadier MA 722 လေယာဉ်နဲ့တိုက်မိပြီး ခရီးသည်တင်လေယာဉ်ဟာ မီးစွဲလောင်ခဲ့တာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မှာ ခရီး သည်တင်လေယာဉ်ပေါ်ပါရှိတဲ့ ခရီးသည် ၃၇၉ ဦးနဲ့ လေယာဉ်အမှုထမ်းတွေအားလုံးကို အချိန်မီ ကယ်တင်နိုင်ခဲ့သော်လည်းပဲ Bombadier MA 722 လေယာဉ်ပေါ်ပါရှိတဲ့ လေယာဉ်အမှုထမ်း ခြောက်ဦး အနက် ငါးဦးဟာ ကံမကောင်းအကြောင်းမလှဘဲ အသက်ဆုံးရှုံးခဲ့ရပါတယ်။

ဒီဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့ Bombadier MA 722 လေယာဉ်ဟာလည်း နိုတိုကျွန်းဆွယ်မြေငလျင်ကြောင့် ထိခိုက်ခံစားခဲ့ရသူတွေအတွက် ကယ်ဆယ်ရေး လုပ်ငန်းတွေဆောင်ရွက်ဖို့ သွားရောက်မယ့်လေယာဉ် ဖြစ်တယ်လို့ သိရှိရပါတယ်။ ဒါကြောင့် ဒီလေယာဉ် မတော်တဆမှုဖြစ်စဉ်ဟာလည်း နိုတိုမြေငလျင်နဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေတဲ့ဖြစ်စဉ်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံအနေနဲ့ အခုလို ၂၀၂၄ ခုနှစ် နှစ်သစ်အစမှာ အခုလိုသဘာဝဘေးအန္တရာယ်နဲ့ မတော်တဆမှုတွေ ဖြစ်ပွားမှုအပေါ် များစွာစိတ်မကောင်းဖြစ်မိပါ ကြောင်းနဲ့ ရှေ့ဆက်ရမယ့်ခရီးမှာ ကံကောင်းခြင်း တွေနဲ့သာ ကြုံတွေ့ပါစေရန် မိတ်ဆွေနိုင်ငံမှ ပြည်သူ တစ်ဦးအနေနဲ့ ဆုတောင်းပေးလိုက်ပါတယ်။

**ရည်ညွှန်း**

- Japan's news resources (Japan Times, Japan News, Nikkei Asia, Kyodo News, Japan Today)
- ဖူကူရှီးမားစွန့်ပစ်ရေနှင့် နောက်ဆက်တွဲ အကျိုးဆက်များ (တက္ကသိုလ်မောင်ရှုပ) (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃-၄ ကြေးမုံသတင်းစာ)

# လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစီမံချက်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၅**

လေပြင်းဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက် စတင်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စု နယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်လ၊ ဧပြီလ၊ မေလတို့တွင် နိုင်ငံအနှံ့လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပြီး လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ်များ၊ အဆောက်အအုံများ အမိုးလန်ခြင်း၊ ပြိုကျခြင်း စသည့်ထိခိုက်ပျက်စီးမှုများကို နှစ်စဉ်ကြုံတွေ့ရလေ့ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပေါင်း ၁၄၀၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုအများဆုံးနှစ်မှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် လေပြင်းတိုက်ခတ်မှုကြောင့် ပြည်သူများ၏ နေအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ကြိုတင်အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်တာကာလအတွင်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ယခင်ဆောင်ရွက်နေကျ တိုင်းဒေသကြီး / ပြည်နယ်များအပြင် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လည်းကောင်း ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း။

ယခုနှစ်တွင်လည်း တိုင်းဒေသကြီး/ပြည်နယ် ကိုးခုတွင် နေအိမ်ပေါင်း ၁၉၅၄၀ ကို ရန်ပုံငွေကျပ်သန်း ၉၄၅ ဒသမ ၅၈၀ ကျခံသုံးစွဲကာ အားဖြည့်ပြင်ဆင်သွားမည်ဖြစ်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် အမျိုးသားကော်မတီဥက္ကဋ္ဌ၏ ညွှန်ကြားချက်နှင့်အညီ မိမိတို့ဒေသအလိုက် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ အလေးထားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ရပ်ရွာအတွင်း သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းများတွင် ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ဘေးဒဏ်ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော ရပ်ရွာအသိုက်အဝန်းများ ဖြစ်ပေါ်နိုင်ရေး အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးနှင့် ရှမ်းပြည်နယ်ဦးစီးမှူးတို့က ယခုနှစ်အတွင်း လေပြင်းဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် မီးပြကျေးရွာအုပ်စု မီးပြကျေးရွာနှင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် နန်းပန်မြို့ ရပ်ကွက်(၃)တွင် လေပြင်းဒဏ်ခံနိုင်ရည်အား နည်းပါးသည့် နေအိမ်များ မွမ်းမံပြင်ဆင်ခြင်း လက်တွေ့ဆောင်ရွက်နေမှုအခြေအနေကို Online ဖြင့် တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုတွင် နေအိမ်ပေါင်း ၅၅၀၀၀ ကျော်ကို ရန်ပုံငွေကျပ် ၁ ဒသမ ၇ ဘီလီယံကျော်ကျခံသုံးစွဲပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်လည်း ယခင်နှစ်များနည်းတူ တိုင်းဒေသကြီး/ ပြည်နယ် ကိုးခုတွင် နေအိမ်ပေါင်း ၁၉၅၄၀ ကို ရန်ပုံငွေကျပ်သန်း ၉၄၅ ဒသမ ၅၈၀ ဖြင့် အားဖြည့်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချနေသည့် သင်တန်းကျောင်းများမှတာဝန်ရှိသူများကို အွန်လိုင်းမှ တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် သည် ယနေ့ နံနက်ပိုင်းက ခရီးသွား လုပ်ငန်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပို့ချနေသည့် သင်တန်း ကျောင်းများမှ တာဝန်ရှိသူများ ကို ဝန်ကြီးဌာန၏ နီလာခန်းမမှ အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံသည်။




တွေ့ဆုံဆွေးနွေးပွဲသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မန္တလာတက္ကသိုလ်နှင့် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်များကိုသင်ကြားပို့ချနေသော သင်တန်းကျောင်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေနှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရန်လိုအပ်လျက်ရှိပြီး Tourism Industry အတွင်း ပါဝင်လုပ်ကိုင်နေသူများ၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ သင်တန်းကျောင်းများမှ သင်ကြားပေးသောဘာသာရပ်များ၊ သင်ခန်းစာများနှင့် သင်ရိုးညွှန်းတမ်းများမှာ ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန်လိုအပ်ပြီး ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲမှုများကို ပြုပြင်ထည့်သွင်းသင်ကြားပေးနိုင်ရန် လိုအပ်ပါကြောင်း၊ အာဆီယံအဆင့် သင်ရိုးညွှန်းတမ်းများကို အခြေခံထားအသုံးပြုခြင်းဖြင့် သင်တန်းကျောင်းများမှ သင်ကြားပို့ချရာ၌ တစ်ပြေးညီဖြစ်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံအဆင့်၊ အာဆီယံအဆင့် ကျွမ်းကျင်မှုလက်မှတ်ရရှိသူများ မွေးထုတ်ကြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျွမ်းကျင်မှုလိုအပ်ချက်ကွာဟမှု လျော့ပါးစေရန် ASEAN National Trainer (TOT) ဆရာဖြစ် သင်တန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေး အာမခံချက်ရှိစေရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးနေသော သင်တန်းကျောင်းများက အားလုံးဝိုင်းဝန်း ပူးပေါင်းပါဝင်ပေးကြစေလိုပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနက ဆောင်ရွက်နေမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မကွေးမြို့၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ စည်းဝေး

**မကွေး ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၃ ရက်က တိုင်းဒေသကြီး သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မဏ္ဍိုင်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ သဘာပတိ ဦးဘုန်းမြင့်ထွန်းက နှစ်အတွင်း ရရှိခဲ့သောဝင်ငွေ၊ အသုံးစရိတ်များနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး အမှုဆောင်ဒါရိုက်တာ အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာများနှင့် ဘဏ္ဍာရေးရှင်းတမ်းကိုဖတ်ကြားခဲ့ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အသင်းသား ၆၅ ဦးအား စုဆောင်းငွေပေါ် အတိုးကျပ် ၁၈ ဒသမ ၁၇၆၂၄ သိန်းထုတ်ပေးခဲ့ကြောင်း သိရသည်။ **အောင်ကို (ပြန်/ဆက်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဇန်နဝါရီ ၅**

ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## မီးလောင်နေသော JAL ခရီးသည်တင်ဂျက်လေယာဉ်ပေါ်မှ ခရီးသည် ၃၇၉ ဦးလုံးကို လေယာဉ်အမှုထမ်းများက ၁၈ မိနစ်တည်းဖြင့် အန္တရာယ်ကင်းစွာ ကယ်တင်



တိုကျို ဇန်နဝါရီ ၅

**ဇန်နဝါရီ ၂ ရက်က ဂျပန်နိုင်ငံ တိုကျိုဟာနီဒါ လေဆိပ်တွင် မီးလောင်လျက်ရှိသောJAL ခရီးသည်တင် ဂျက်လေယာဉ်ပေါ်မှ ခရီးသည် ၃၇၉ ဦးလုံးကို အချိန် ၁၈ မိနစ်တည်းဖြင့် ဘေးအန္တရာယ်ကင်းစွာ ကယ်ဆယ်နိုင်ခဲ့ပုံကို နိုင်ငံတကာသတင်းမီဒီယာအချို့က အံ့သြဖွယ်ဖြစ်ရပ်အဖြစ် တင်စားဖော်ပြခဲ့ကြသည်။**

JAL ခရီးသည်တင် ဂျက်လေယာဉ်သည် ဂျပန်ကမ်းခြေစောင့် လေယာဉ်နှင့် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၄၇ မိနစ်က ဝင်တိုက်ခဲ့ပြီး ပြေးလမ်းတစ်ကီလိုမီတာခန့် ချော်ခဲ့သည်။ ဂျက်လေယာဉ် ရပ်တန့်သွားချိန်တွင်လေယာဉ်မှူးများက လေယာဉ် မီးလောင်နေသည်ကို သတိထားခဲ့မိဟန်မတူပေ။

သို့သော်လည်း မီးခိုးများက လေယာဉ်ခန်းတစ်ခုလုံး စတင်ဖုံးလွှမ်းသွားခဲ့သည်။ မီးခိုးများအရှေ့ပိုင်းဆီမှ ပျံ့နှံ့ဝင်ရောက်လာကြောင်း၊ မီးခိုးများကို တစ်စက်တလေမှ ရှူမိမည်ဟုမထင်ကြောင်း အမျိုးသမီး ခရီးသည်တစ်ဦးက ပြောသည်။

ထိုသို့သောအခြေအနေတွင်လေယာဉ်အမှုထမ်းများသည် ၎င်းတို့၏ပစ္စည်းများကို အနောက်တွင်ထားလျက် ခရီးသည်များကို စိတ်တည်ငြိမ်ရန် ညွှန်ကြားခဲ့ပြီး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့သည်။

လေယာဉ်အမှုထမ်းအကြီးအကဲက လေယာဉ်မှူးအခန်းကို မီးလောင်နေပြီဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ လေယာဉ်မှူးအခန်းအနီး လေယာဉ်ရှေ့ပိုင်းထွက်ပေါက်နှစ်ခုမှ ခရီးသည်ကယ်ဆယ်မှုများကို အလျင်အမြန်လုပ်ဆောင်ခဲ့သည်။ ကျန်ရှိနေသော ထွက်ပေါက်ခြောက်ခုအနက် ငါးခုမှာ မီးလောင်ပိတ်မိနေသည်။ လေယာဉ်နောက်ဘက်တွင် အရေးပေါ်ထွက်ပေါက်တစ်ခုတည်းသာ ကျန်ရှိသည်။ လေယာဉ်အမှုထမ်းတစ်ဦးသည် အရေးပေါ်ထွက်ပေါက်တစ်ပေါက်ကို ဖွင့်ရန် လေယာဉ်မှူးခန်းမှ ခွင့်ပြုချက်ရယူရန်လိုအပ်သော်လည်း လေယာဉ်ရှေ့ခန်းရှိ စကားပြောဆက်သွယ်မှုစနစ်လည်း ပြတ်တောက်လျက်ရှိသည်။ လေယာဉ်အမှုထမ်းသည် လေယာဉ်မှူးကို ဆက်သွယ်ရန် ကြိုးစားခဲ့သော်လည်း အကယ်၍ ဆက်သွယ်၍မရခဲ့ပါက တစ်ခုတည်းသောနည်းလမ်းမှာ တံခါးကိုဖွင့်ရန်ဖြစ်သည်။

ယခုကဲ့သို့ ခရီးသည်များကို အောင်မြင်စွာ ကယ်ထုတ်ရန်မှာ လေယာဉ်ပေါ်လိုက်ပါလာသော ခရီးသည်များ၏ ပူးပေါင်းမှုများပါဝင်ကြောင်း လေယာဉ်အမှုထမ်း အီဂါမီက ပြောသည်။ လေယာဉ်ပေါ်မှ ခရီးသည်များကို ကယ်ထုတ်နေချိန်တွင် မည်သူမျှ ခရီးဆောင်အိတ် ကိုယ်နှင့်အတူ မရှိကြောင်းနှင့် ညွှန်ကြားချက်ကို အတိအကျလိုက်နာခြင်းကြောင့် ခရီးသည်များကို အောင်မြင်စွာ ကယ်ထုတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အီဂါမီက ပြောသည်။

လေယာဉ်မှူးမှာ လေယာဉ်ပေါ်မှ နောက်ဆုံးဆင်းသူဖြစ်ကြောင်းနှင့် လေယာဉ်ဆင်းသက်ပြီး ၁၈ မိနစ်အကြာ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၀၅ မိနစ်တွင်မှ လေယာဉ်ပေါ်မှ ဆင်းလာခဲ့သူဖြစ်သည်။

လေယာဉ်အမှုထမ်းများ၏ဖြစ်ပေါ်လာနိုင်သော အရေးပေါ်ကိစ္စရပ်များကို စိတ်ရောကိုယ်ပါနစ်မြုပ်လုပ်ကိုင်ခဲ့သည့်အတွက် ယခုလို ကယ်ဆယ်မှု အောင်မြင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လေယာဉ်အမှုထမ်းများအတွက် စုစုပေါင်း ထွက်ပေါက်သုံးခုတည်းဖြင့် ခရီးသည်အားလုံးကို ကယ်ထုတ်နိုင်ရန်ဆိုသည်မှာ အလွန်ခက်ခဲသော လုပ်ရပ်ဖြစ်ကြောင်း၊ လေယာဉ်အမှုထမ်းများ၏ လေ့ကျင့်မှုနှင့် ပိုင်းခြားနိုင်စွမ်းဆင်ခြင်တုံတရားတို့က ယခုလို ခရီးသည်များ လွတ်မြောက်လာခြင်း၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အီဂါမာက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အီရန်နိုင်ငံတွင် နှစ်ကြိမ်ဆက်တိုက်ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၈၉ ဦးအထိ ရှိလာ

**တီဟီရန် ဇန်နဝါရီ ၅**

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ပြည်နယ်ကာမန်တွင် အကြမ်းဖက်သမားများက နှစ်ကြိမ်ဆက်တိုက် ဗုံးဖောက်ခွဲခဲ့ရာ သေဆုံးသူဦးရေမှာ ၈၉ ဦးအထိ ရှိလာသည်ဟု အိုင်အာအင်န်အေ သတင်းဌာနက ဇန်နဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆေးရုံတွင် ဒဏ်ရာရရှိသူများ များပြားပြီး ပြင်းထန်ဒဏ်ရာရရှိသူများသည့်အတွက် သေဆုံးသူဦးရေ တိုးလာခြင်းဖြစ်သည်ဟု အရာရှိတစ်ဦးက ပြောသည်။ အီရန်ဗိုလ်ချုပ်ကြီး ကက်ဆမ် ဆူလေမန်နီ သေဆုံးခြင်းလေးနှစ်ပြည့်အတွက် အောက်မေ့ဖွယ် အခမ်းအနားကို ကာမန်တွင် ဇန်နဝါရီ ၃ ရက်က ကျင်းပစဉ် ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူစုစုပေါင်း ၂၈၄ ဦး ရှိခဲ့သည်။ အဆိုပါ ပေါက်ကွဲမှု၏အဓိကလက်သည်မှာအိုင်အက်စ် အုပ်စုဖြစ်သည်ဟု ဇန်နဝါရီ ၄ ရက်က ကြေညာခဲ့ပြီး အသေခံဗုံးခွဲသမားနှစ်ဦးက ဖောက်ခွဲရေး ခါးပတ်များအသုံးပြုကာ ဖောက်ခွဲမှု ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အိုင်အက်စ်တို့က ကြေညာခဲ့သည်။



အီရန်သည် အိမ်နီးချင်း အီရတ်နှင့် ဆီးရီးယားတို့တွင် စစ်ရေးအကူအညီများ ထောက်ပံ့ပေးခဲ့သည်။ အိမ်နီးချင်းတိုင်းပြည်များတွင် အိုင်အက်စ် စစ်သွေးကြွများ အမြစ်ပြတ်ရှင်းလင်းနိုင်ရေး အီရန်နိုင်ငံက ကြိုးပမ်းလျက်ရှိသည်။ အိုင်အက်စ်တို့ကို တိုက်ဖျက်ရာတွင် အီရန်ဗိုလ်ချုပ်ကြီး ကက်ဆမ် ဆူလေမန်နီကို အဓိကခေါင်းဆောင်အဖြစ် အသိအမှတ်ပြုထားကြသည်။

အိုင်အက်စ် အကြမ်းဖက်သမားများသည် အီရန်နိုင်ငံကို ရန်သူအဖြစ်ရှုမြင်ကာ အီရန်နိုင်ငံတွင် အကြမ်းဖက်လုပ်ငန်းများ ထပ်ခါတလဲလဲ ကျူးလွန်လေ့ရှိသည်။ အိုင်အက်စ်အုပ်စု အီရန်နိုင်ငံတွင်ပြုလုပ်ခဲ့သည့် အကြမ်းဖက်လုပ်ငန်းများအတွင် ယခုတစ်ကြိမ်သည် လူသေဆုံးမှုအများဆုံးဖြစ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ ၊ ဆင်ဟွာ**

## ဂျပန်ငလျင်လှုပ်ပြီးနောက် သေဆုံးသူ ၉၄ ဦးအထိရောက်လာပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

**တိုကျို ဇန်နဝါရီ ၅**

ဂျပန်နိုင်ငံ အိုရှိခဝါခရိုင်တွင် အဖျက်စွမ်းအား ကြီးမားသည့် ငလျင်တစ်ခု လှုပ်ပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ ငလျင်ကြောင့် ၉၄ ဦး သေဆုံးခဲ့သည်။ ၂၀၀ ကျော်မှာ ပျောက်ဆုံးလျက်ရှိသည်။

လမ်းများ ပြတ်တောက်လျက်ရှိပြီး အသက်ရှင်ကျန်ရစ်သူများ ထံရောက်ရှိရန် ခက်ခဲလျက်ရှိသည်။ ဗဟိုအစိုးရသည် ဂျပန်ကမ်းရိုးတန်း တစ်လျှောက်ရှိ သီးခြားဒေသများသို့ ပင်လယ်ဘက်မှတစ်ဆင့် ကယ်ဆယ်ရေး ပစ္စည်းများ ပေးပို့ခဲ့သည်။

ဂျပန် ကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် အခြေအနေများကို စစ်ဆေး အကဲဖြတ်ခဲ့ကြသည်။

နိုင်ငံတစ်ဝန်းမှ ပေးပို့လျက်ရှိသော အကူအညီပေးရေးပစ္စည်းများကို သက်ဆိုင်ရာဒေသများသို့ ပေးပို့နိုင်ရန် အိုရှိခဝါခရိုင်အစိုးရသည် ငလျင်ကယ်ဆယ်ရေး စခန်းတစ်ခု တည်ဆောက်ပြီး ပစ္စည်းများ လက်ခံပေးလျက်ရှိသည်။

လူပေါင်း ၃၂၀၀၀ ခန့်သည် ငလျင်ခိုနားရာ စခန်းများတွင် ခိုနားလျက်ရှိသည်။ ၆၆၀၀၀ ခန့်သော အိမ်ထောင်စုများမှာ ရေပြတ်တောက်လျက်ရှိသည်။

ဝန်ကြီးချုပ် ကီရှီဒါ ဖူမီယိုက ငလျင်ဘေးသင့်သူများ နားခိုရာ စခန်းများတွင် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ရာဖာ့ရှိ အစိတ်အပိုင်းအချို့တွင် စစ်ရေးလှုပ်ရှားမှုများ ရပ်ဆိုင်းထားမည်ဟု အစ္စရေးကြေညာ

**ဂျေရုဆလင် ဇန်နဝါရီ ၅**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းပြချက်ဖြင့် အစ္စရေးတပ်ဖွဲ့သည့် ဂါဇာကမ်းမြောင်ဒေသ ရာဖာ့မြို့ တယ်အယ်ဆူတန် ခရိုင်တွင် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ စစ်ရေးလှုပ်ရှားမှုများ ရပ်တန့်ထားမည်ဟု ဇန်နဝါရီ ၅ ရက်က ကြေညာခဲ့သည်။

ထောက်ပံ့ရေးကိစ္စများ လုပ်ဆောင်ရန် ယင်းသို့ရပ်နားထားမည်ဖြစ်သည်ဟုသိရသည်။ ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းနှင့်တောင်ပိုင်းကိုဆက်သွယ်ထားသည့် ဆာလာအယ် - ဒင် လမ်းကို ပိတ်ထားမည်ဖြစ်ပြီး မြေထဲပင်လယ်တစ်လျှောက်ရှိ ရာရှစ်လမ်းကို ဖွင့်ပေးထားမည်ဖြစ်သည်။ နံနက် ၉နာရီမှ ညနေ ၄ နာရီအတွင်း ဂါဇာမြောက်ပိုင်းမှ ဒေသခံများ ဂါဇာတောင်ပိုင်းသို့ လမ်းလျှောက်လာခြင်းသို့မဟုတ် ကားမောင်းလာခြင်းတို့ပြုလုပ်နိုင်သည်ဟု သိရသည်။

**ဆင်ဟွာ**

## ဇင်ဘာဘွေနိုင်ငံ ရွှေသတ္တုတွင်း၌ ကျဉ်းမြောင်းမတ်စောက်သည့် ဝင်ပေါက်ပြိုကျသည့်အတွက် ၁၁ ဦး ပိတ်မိ

**ဟာရာရီ ဇန်နဝါရီ ၅**

ဇင်ဘာဘွေနိုင်ငံ ရွှေသတ္တုတွင်း တစ်တွင်းတွင် ကျဉ်းမြောင်းမတ်စောက်သည့် ဝင်ပေါက်ပြိုကျခြင်းကြောင့် ကျွမ်းကျင်သည့် သတ္တုတွင်းလုပ်သား ၁၁ ဦး ပိတ်မိနေသည်ဟု ယူဆရကြောင်း နိုင်ငံပိုင် ဟီရတ်သတင်းစာတွင် ဇန်နဝါရီ ၅ ရက်ကဖော်ပြသည်။

မယ်နီကယ်လန်ပြည်နယ် ရက်ဒ်ဝင်း သတ္တုမိုင်းတွင် ပြိုကျမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည်ဟု ဇင်ဘာဘွေ သတ္တုတွင်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဝန်ကြီး ဆိုဒါဇီမူက အတည်ပြုပြောကြားခဲ့သည်။ မျက်နှာပြင်အောက်မီတာ ၂၀ အကွာတွင် ၁၁ ဦး ပိတ်မိနေသည်ဟုယူဆရကြောင်း မိုင်းတွင်းပြိုကျရသည့် အကြောင်းအရင်းကိုမူ မသိရသေးချေ။

သို့သော်လည်း မြေကြီးတုန်ခါမှုကြောင့်ဟု ယူဆထားကြောင်း ဝန်ကြီး ဆိုဒါဇီမူက ပြောသည်။ မြေပြိုမှု ဆက်လက်ရှိသေးသည်ဟုသတိပြုမိသည့်နောက် ကယ်ဆယ်ရေးသမားများက ဆုတ်ခွာခဲ့ရသည်။ မတော်တဆမှုဖြစ်ပွားရသည့်အကြောင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် (၁/၂၀၂၄)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်နေ့အားဖြင့်လည်းကောင်း၊ ပြည်သူလူထုနှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသော အားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၁/၂၀၂၄)ဖြင့် အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/ အကျဉ်းသူ ၉၆၅၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။

၂။ ထို့ပြင် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်အမှတ် (၂/၂၀၂၄) ဖြင့် အကျဉ်းထောင်/ အချုပ်ထောင် အသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသည့် နိုင်ငံခြားသားအကျဉ်းသား/ အကျဉ်းသူ ၁၁၄ ဦးကို ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။

၃။ အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား/အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေးဆိုင်ရာ အပြုသဘောဆောင်သော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါသည်။ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများသည် မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့်ရကြမည်ဖြစ်ပြီး နိုင်ငံတော်၏စေတနာကို အလေးထားလျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်နိုင်မည်ဟု ကော်မရှင်အနေဖြင့် ယုံကြည်ပါသည်။

၄။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး လွတ်ငြိမ်းခွင့်ပြုခြင်းသည် ချစ်ကြည်ရင်းနှီးမှုကို ရှေးရှု၍ နိုင်ငံအချင်းချင်းဆက်ဆံရေးကို မြှင့်တင်ဆောင်ရွက်ရာရောက်သည်ဟု ရှုမြင်ပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အနေဖြင့်လည်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာမိသားစုဝင်များနည်းတူ လွန်စွာဝမ်းမြောက်ပီတိဖြစ်ရပြီး အလားတူ အပြုသဘောဆောင်သော ဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်

## လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် လူမှုဖူလုံရေးအကျိုးဝင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၅**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) ဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များသို့လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်မှစတင်၍ နေပြည်တော်ကောင်စီရှိ ဝန်ကြီးဌာနများသို့လည်းကောင်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) သုံးစီးဖြင့် လူမှုဖူလုံရေးအကျိုးဝင် အလုပ်သမားများကို အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသပေးလျက်ရှိသည်။

လူမှုဖူလုံရေးအဖွဲ့မှ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အကျိုးဝင် အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့်စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/ သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် လူမှုဖူလုံရေးအဖွဲ့မှ ရွေ့လျားဆေးကုသယာဉ်ဖြင့် ရုံးအမှတ်(၂၇)ရှိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ ပို့လွှတ်ရေးနှင့် ကွပ်ကဲရေး၊ ဖြန့်ဖြူးရေးဌာနသို့ သွားရောက်ပြီး ဝန်ထမ်းများကို ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာ ဝန်ထမ်း ၇၁၀ ကို လိုအပ်သောဆေးဝါးကုသမှုများ၊ ၂၀၆ ဦးကို ဓာတ်ခွဲစစ်ဆေးမှုများ၊ ၂၅ ဦးကို နှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။ (ဓါတ်ပုံ)

နေပြည်တော် ကောင်စီရှိ စွမ်းအင်ဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများအား ကျန်းမာရေး စောင့်ရှောက်မှုများကို ဇန်နဝါရီ ၈ ရက်မှ ၁၅ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





## ဘားအံတက္ကသိုလ်၌ စာပေဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ဘားအံ ဇန်နဝါရီ ၅**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်က ဘားအံတက္ကသိုလ်(ငုရွှေဝါ)ခန်းမ၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ်၊ ဘားအံတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘာသာရပ်ဌာနအသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများ တက်ရောက်သည်။

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးရဲလွင်က အမှာစကားပြောကြားပြီး စာရေးဆရာ မောင်လူဝိုင်း(ကရင်)က "ဘိုးဘွားပေးဝေချစ်အမွေ" ခေါင်းစဉ်ဖြင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောသည်။ ထို့နောက် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဥပဒေချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ယနေ့ စတင်မည်

**ရန်ကုန် ဇန်နဝါရီ ၅**

MFF ဖူဆယ်လိဂ် – ၂ ပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် **(ယနေ့)** စတင်ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယခုရာသီ ဖူဆယ်လိဂ်–၂ ပြိုင်ပွဲတွင် Golden Yoma အသင်း၊ M–Million အသင်း၊ ရွှေပြည်သာအသင်း၊ Black Cross အသင်း၊ YRG အသင်း၊ Sun Far အသင်း၊ Noka United အသင်း၊ Maryar အသင်း၊ TG United အသင်း၊ Seven အသင်း၊ KKY အသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုရာသီ ဖူဆယ်လိဂ်–၂ ပြိုင်ပွဲကို အသင်းအရေအတွက် တိုးမြှင့်ထားပြီး ပထမအကျော့ပွဲစဉ်များကို ဇန်နဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၁ ရက်အထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မတ် ၂၁ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။ ပွဲစဉ် (၁) အဖြစ် ဇန်နဝါရီ ၆ ရက် **(ယနေ့)** တွင် Golden Yoma အသင်း နှင့် Noka United အသင်း၊ M – Million အသင်းနှင့် Maryar အသင်း၊ ရွှေပြည်သာအသင်းနှင့် TG United အသင်း၊ Black Cross အသင်းနှင့် Seven အသင်း၊ YRG အသင်းနှင့် KKY အသင်း၊ Sun Far အသင်းနှင့် SGF အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဖူဆယ်လိဂ်–၁ ပြိုင်ပွဲကို တန်းတက်၊ တန်းဆင်းစနစ် ပြုလုပ်နိုင်ရန် ဖူဆယ်လိဂ်–၂ ပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

❑ *ကျောဖုံးမှ*

VUC အသင်းက Futsal – 19 အသင်းကို သုံးဂိုး – တစ်ဂိုး၊ လင်းလက်အသင်းက M2K အသင်းကို ခြောက်ဂိုး–လေးဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ် (၆) အပြီးတွင် VUC အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Generations အသင်းက ရမှတ် ၁၆ မှတ်၊ MIU အသင်းက ရမှတ် ၁၃ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်၊ Winner Soccer အသင်းက ရှစ်မှတ်၊ Futsal–19 အသင်းက ခုနစ်မှတ်၊ လင်းလက်အသင်းက ခြောက်မှတ်၊ M2K အသင်းက လေးမှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် Dream Team အသင်းတို့က သုံးမှတ်စီ ရရှိထားသည်။

ဖူဆယ်လိဂ်ပြိုင်ပွဲကို ဒီဇင်ဘာ တတိယပတ်ကတည်းက ရပ်နားထားပြီး ဇန်နဝါရီ ၄ ရက်မှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

**ဓာတ်ပုံ–MFF**

❍ *ကျောဖုံးမှ*

မန်စီးတီးနဲ့ ဟက်ဒါဖီးလ် အသင်းပွဲကို ဇန်နဝါရီ ၇ ရက် ည ၈ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ချန်ပီယံရှစ်မှာ တန်းဆင်းဇုန်အထက်နားရပ်တည်နေတဲ့ ဟက်ဒါဖီးလ်အနေနဲ့ ခံစစ်ပိုင်း တည်ငြိမ်ပြီး တိုက်စစ်ပိုင်းထက်မြက်တဲ့ မန်စီးတီးလိုအသင်းကို အသာရဖို့ မလွယ်ဘူး။ မန်စီးတီးလူစုံထုတ်လာဖွယ်မရှိတောင် ဟက်ဒါဖီးလ်အနေနဲ့ အမြင့်ဆုံးသရေသာရဖွယ်ရှိတယ်။

အာဆင်နယ်နဲ့ လီဗာပူးအသင်းပွဲကို ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီတွင် ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ပရီမီယာလိဂ်အသင်း အချင်းချင်း တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်တဲ့အပြင် အသင်းကြီးအချင်းချင်း တွေ့ဆုံတဲ့ပွဲစဉ်ဖြစ်တာကြောင့် ပြိုင်ဆိုင်မှု ပြင်းထန် လာမှာသေချာတယ်။ လီဗာပူးအသင်းက အာဆင်နယ်အသင်းထက် အနည်းငယ်သာလွန်မှု ရှိတယ်ဆိုပေမယ့် လူစုံထုတ်လာနိုင်ခြေမရှိတာကြောင့် အာဆင်နယ်အသာရသွားနိုင်တယ်။

ဝီဂန်နဲ့ မန်ယူအသင်းပွဲကို ဇန်နဝါရီ ၉ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ လိဂ်ဝမ်းကလပ် ဝီဂန်အသင်းက ခြေစွမ်းမဆိုးဘူးဆိုပေမယ့် မန်ယူအသင်းကို ကျော်ဖြတ်ဖို့ မလွယ်ကူတဲ့အခြေအနေမှာရှိတယ်။ မန်ယူအသင်းက နိုင်လိုစိတ်ပြင်းထန်မှုနဲ့အတူ နောက်တစ်ဆင့် တက်လှမ်းဖို့အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာ သေချာတယ်။

**မိုးဇက်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၅**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် –၃ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် လွိုင်လင်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ နမ့်စန်မြို့(ရှမ်းပြည်နယ် တောင်ပိုင်း)၊ မိုင်းယန်းမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ-၁၅ ပါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၄)၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) အမှတ်စဉ် (၈၉၇) ဦးကျော်နိုင် **(အစား)** ဦးကျော်နီနိုင် ဟု ပြင်ဆင်ဖတ်ရှုပါရန်။

စာတည်းအဖွဲ့

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# မလေးရှားနိုင်ငံသို့စေလွှတ်ရန် OWIC ပြုလုပ်ခွင့်တင်ပြသည့် အေဂျင်စီများအနေဖြင့် သတ်မှတ်ထားသည့် ဇယားပုံစံအတိုင်း Excel ဖိုင်ကို Attached ထည့်ပေးရန်လိုအပ်ပြီး မပါရှိပါက ခွင့်ပြုပေးမည်မဟုတ်

**ရန်ကုန် ဇန်နဝါရီ ၅**

မလေးရှားနိုင်ငံသို့စေလွှတ်ရန် OWIC ပြုလုပ်ခွင့်တင်ပြသည့် အေဂျင်စီများအနေဖြင့် သတ်မှတ်ဇယားပုံစံအတိုင်း Excel ဖိုင်ကို Attached ထည့်ပေးရန်လိုအပ်ပြီး မပါရှိပါက ခွင့်ပြုပေးမည်မဟုတ်ကြောင်း Safe Migration က အသိပေးထားသည်။

စာရင်းသွင်းရာတွင်လည်း အလုပ်သမားအမည်နှင့် နိုင်ငံကူးလက်မှတ်ကို လုံးဝမမှားစေရန်၊ အလုပ်အကိုင်အမျိုးအစားက သံအရာရှိထောက်ခံချက်အတိုင်း ရေးပေးရမည်ဟုလည်းအသိပေးထားသည်။

One Stop Service တင်လျှင်လည်း Excel ဖိုင်ကို ယခင်သတ်မှတ်ထားသည့် ပုံစံအတိုင်း ထည့်ပေးရမည်ဟုသိရပြီး လုပ်သားဦးရေများသဖြင့် ဖိုင် Size ကြီးနေ၍ Email ပို့ရန်ခက်နေပါက နိုင်ငံကူးလက်မှတ်များ တစ်ဖိုင်၊ စာချုပ်ကိုတစ်ဖိုင် (အပေါ်ဆုံးတစ်ရွက်နောက်ဆုံးတစ်ရွက်သာ) ခွဲပြီး PDF ဖိုင်ဖြင့် ပို့နိုင်ကြောင်းလည်း သိရသည်။

စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်တင်ပြရာတွင်လည်း အပေါ်စာ၊ သံအရာရှိစာ၊ Demand letter ၊ KDN / KSN ၊ EC ၊ Calling Visa၊ လိုင်စင်မိတ္တူလောက်ကိုသာ PDF ဖိုင်လုပ်ပို့နိုင်ကြောင်းလည်း Safe Migration က အသိပေးထားသည်။

MT

# ကျောင်းသား ကျောင်းသူများ သမိုင်းဝင် စစ်ရေယာဉ် (မေယု) သို့ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ်ရှိ သမိုင်းဝင်စစ်ရေယာဉ်(မေယု)သို့ လာရောက်ကြည့်ရှုလေ့လာကြရာ အဆိုပါကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များအား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဒုတိယဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဦးစွာ ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှ တာဝန်ရှိသူများက သမိုင်းဝင် စစ်ရေယာဉ်(မေယု)၏ ရေယာဉ်ဆိုင်ရာ အချက်အလက်များနှင့် စစ်ရေယာဉ်၏ သမိုင်းမှတ်တမ်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။ ထို့နောက် တပ်မတော်(ရေ)မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများသည် သမိုင်းဝင်စစ်ရေယာဉ် (မေယု) ရှေ့၌ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ရေတပ်လေ့ကျင့်ရေး ဌာနချုပ်၊ ဌာနချုပ်မှူးက ကျောင်းအုပ်ဆရာမကြီးထံ အမှတ်တရ ဓာတ်ပုံနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ယင်းနောက် ရေတပ်လေ့ကျင့်ရေး ဌာနချုပ်ရှိ သီရိမဟာ ဇေယျကျော်ထင်ခန်းမ၌ တပ်မတော်(ရေ) သမိုင်းမှတ်တမ်းရုပ်ရှင်ကို ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရန်ကုန်ဈေးကွက်တွင် အသားတိုးကြက်နှင့် ဥတုံးကြက်ဈေးကျနေ

**ရန်ကုန် ဇန်နဝါရီ ၅**

ရန်ကုန်ဈေးကွက်တွင် အသားတိုး (CP)ကြက်နှင့် ဥတုံးကြက်ဈေးကျနေကြောင်း အသားတိုးကြက်မွေးမြူရေးလုပ်ငန်းမှ သိရသည်။

အသားတိုးကြက်(CP)အရှင်မှာ ရန်ကုန်ဈေးကွက်တွင် ပြီးခဲ့သည့် တစ်လကျော်အတွင်းနှင့် ယခုအချိန်အထိ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ခန့်နှင့် ဥတုံးကြက်ဈေးနှုန်းမှာ ထက်ဝက်လျော့ကျခဲ့ကြောင်းကြက်မွေးမြူရေးလုပ်ငန်းမှ သိရသည်။

"ကြက်ဖြူက ကြက်အရှင် အသား တစ်ပိဿာဖြစ်ဖို့ဆိုရင် ၅၈၀၀နဲ့ ၆၀၀၀ ကြားမှာရှိတယ်။ အခု ဒီမှာရောင်းတာက ၅၄၀၀ ရောင်းရတယ်။ လက်ကားရောင်းရတာ ကြက်တစ်ပိဿာကို အနည်းဆုံး လေးရာ၊ ငါးရာလောက် ရန်ကုန်ဈေးကွက်မှာ လျော့သွားတယ်။ ဈေးနှုန်းက ရန်ကုန်ဈေးကွက်ပေါ် အခြေခံတယ်။ ရန်ကုန်ဈေးကျရင်နယ်ဈေးလည်း လိုက်ပြီးကျသွားတယ်။ ရန်ကုန်ဈေးတက်ရင် နယ်ဈေးလည်းတက်တယ်။ ဒီလတွေထဲမှာ ရန်ကုန်ဈေးက နည်းနည်းနိမ့်တယ်" ဟု ပုသိမ်မြို့မှ အသားတိုးကြက်မွေးမြူရေး လုပ်ငန်းပိုင်ရှင် ဦးခင်မောင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံတွင် အသားတိုးကြက်မွေးမြူရေးလုပ်ငန်း အများဆုံး လုပ်ကိုင်သည့် ဒေသများမှာ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ မော်လမြိုင်၊ မန္တလေးတို့ဖြစ်ကြပြီး အဆိုပါ မြို့များမှတစ်ဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ပြန်လည်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဥတုံးကြက် (ကြက်နီမ) ဈေးကွက်မှာလည်း ရန်ကုန်ဈေးကွက်တွင် ထက်ဝက်နီးပါးခန့် လျော့ကျနေသည်မှာ သုံးလခန့်ရှိကြောင်း ကြက်မွေးမြူရေးလုပ်ငန်းမှ သိရသည်။

"ဥတုံးကြက် (ကြက်နီမ) လည်း ကျနေတယ်။ လက်ရှိ လက်ကားအရှင် တစ်ပိဿာဈေးနှုန်း ၃၅၀၀၊ ၃၈၀၀ပဲရှိတယ်။ အရင်က ၆၇၀၀တောင်ကျော်သွားတယ်။ အကျကြမ်းတယ်။ အခု တစ်ပိဿာ ၃၉၀၀ လောက်ပဲရှိတယ်။ ထက်ဝက်နီးပါးလျော့ကျသွားတယ်။ နှစ်လကျော် သုံးလလောက်တော့ရှိပြီ" ဟု အသားတိုးကြက်မွေးမြူရေး လုပ်ငန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

**သစ်တော်**



# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက် Chin Dwin Shan Construction Co., Ltd. မှ တင်သွင်းလာသော BYD Seagull အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "မင်းနဂါး မြန်မာ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သာယာမြိုင်ကျေးရွာနေ သန်းဇော်ဦးအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ "BOMA LAY" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ် ရပ်ကွက်နေ မို့မို့အောင်(ခ)ဘိုမအား နံနက် ၁၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Mai Moe San Oo" Facebook အကောင့်ပိုင်ရှင် ဖြစ်သူ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကွန်ဟောက်ကျေးရွာနေ မိုးဆန်းဦး အား ညနေ ၃ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ ရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၄) အကြိုဂုဏ်ပြုဆောင်းပါး

# ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ်

*ပါမောက္ခဒေါက်တာဌေးဌေးတင်*

**ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပမည့် မြန်မာနိုင်ငံ ရောဂါဗေဒပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ (၂၀၂၄) ကို ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဆေးတက္ကသိုလ်(၁) ရန်ကုန် လမ်းမတော်ဝင်း၌ ကျင်းပမည်ဖြစ်ပါသည်။**

**ရောဂါဗေဒပညာရပ် ဆိုသည်မှာ**

နှီးနှောဖလှယ်ပွဲမတိုင်မီ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဆေးတက္ကသိုလ်(၂) ရန်ကုန်၌ အကြိုအလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပမည် ဖြစ်ပါသည်။ ယခုနှီးနှောဖလှယ်ပွဲ၏ဆောင်ပုဒ်မှာ “Pathology Updates in Theranostic Era” ဖြစ်ပါသည်။ အဆိုပါ ဆောင်ပုဒ်အားမည်သို့သောအဓိပ္ပာယ်ဖြင့် သတ်မှတ်ရသည်ကို မရှင်းလင်းမီ ဆေးသိပ္ပံပညာရပ်နှင့်တွဲလျက် ပေါ်ထွန်းလာခဲ့သော “Pathology” ဟုခေါ်သည့် ရောဂါဗေဒပညာရပ်အကြောင်းကို ရှေးဦးစွာ တင်ပြလိုပါသည်။ Pathology ဘာသာရပ်ဆိုသည်မှာ ရောဂါတစ်ခုဖြစ်စေသော အကြောင်းရင်း၊ ရောဂါဇာစ်မြစ်၊ ရောဂါဆင့်ပွားလာပုံအဆင့်ဆင့်နှင့် နောက်ဆက်တွဲ ပြဿနာများကို ခန္ဓာကိုယ်အတွင်းအင်္ဂါများ၊ အသားစနှင့် အရည်အမျိုးမျိုးတို့ကို ဓာတ်ခွဲခန်း၌ ခွဲခြမ်းစိတ်ဖြာလေ့လာသော ကျယ်ပြန့်နက်ရှိုင်းသည့် ဆေးပညာရပ်တစ်ခုဖြစ်ပါသည်။

ဆေးပညာဖခင်ကြီး ဂရိသမားတော် ဟစ်ပိုခရေးတီးမှ အစပြု၍ အဆင့်ဆင့်သော ပညာရှင်တို့သည် သေဆုံးသူ၏ရုပ်အလောင်းကို ခွဲစိတ်ပြီး သေဆုံးရခြင်းအကြောင်းရင်းကို ရှာဖွေခဲ့ကြပါသည်။ သာမန်မျက်စိဖြင့်မမြင်နိုင်သည့် ဆဲလ်တစ်ခုချင်းစီ၏ အသေးစိတ်အထိ တွေ့မြင်လေ့လာနိုင်ရန် အဆပေါင်းများစွာ ချဲ့ထွင်သော အလင်းသုံး အဏုကြည့်မှန်ဘီလူးကို အသုံးပြုပြီး ရောဂါဗေဒပညာရပ်ကို တစ်ခေတ်ဆန်းစေခဲ့သည်မှာ နှစ်ပေါင်း ၄၀၀ ကျော် ကြာခဲ့ပြီဖြစ်ပါသည်။

**ရောဂါရှာဖွေရေး နည်းပညာအသစ်များ**

ထိုမှတစ်ဆင့် အေးခဲအသားဖြတ်စများကို လေ့လာသောပညာရပ် (Frozen Section Analysis)၊ အီလက်ထရွန်အရွယ်အစားအထိ ကြည့်ရှုနိုင်သော အဏုကြည့်မှန်ဘီလူး (Electron Microscope)၊ တုံ့ပြန်ဓာတ်ပြုဆိုးဆေးများ အသုံးပြု၍ ရောဂါရှာဖွေခြင်း (Immunohisto- chemistry)၊ သွေးဖြူဥ ကင်ဆာဆဲလ်များကို အမျိုးအစားခွဲခြားစိတ်ဖြာစစ်ဆေးခြင်း (Flow Cytometry)၊ မော်လီကျူးအဆင့် ရောဂါရှာဖွေသတ်မှတ်ခြင်း (Molecular Profiling)၊ မျိုးရိုးဗီဇဆိုင်ရာ လေ့လာခြင်း (Cytogenetic) စသည်ဖြင့် ဆင့်ကဲ တိုးတက်လာသည့် ရောဂါရှာဖွေရေး နည်းပညာအသစ်များက လူသားတိုင်း သက်ရှည်ကျန်းမာနေထိုင်လိုသည့် ဆန္ဒကောင်းများကို ဖြည့်ဆည်းပေးနိုင်လာကြပါသည်။

Chemical Pathology ဘာသာရပ်အနေဖြင့် ဟော်မုန်းနှင့် ပရိုတင်းဓာတ်များ လွန်ကဲမြင့်တက်လာမှုကို စစ်ဆေးပြီး ကင်ဆာရောဂါများကို ကြိုတင်သိရှိနိုင်သည့် တိကျမှန်ကန်သော အဆင့်မြင့် Fully Automated Analyzer များ မပြတ်ပေါ်ထွက်လာနေပြီဖြစ်သည့်အတွက် ကင်ဆာရောဂါများ အဆင့်မလွန်မီကတည်းက ကြိုတင်သိရှိ ကုသပေးနိုင်ပြီ ဖြစ်ပါသည်။

အရည်အသွေးပြည့်ပြီး အန္တရာယ်ကင်းသော သွေးသွင်းကုသမှု (Blood Transfusion Services) ပညာရပ်သည် အသက်ကယ်လုပ်ငန်းတစ်ခုထက် သာလွန်၍ ရောဂါရှာဖွေရေးအတွက်ပါ ကျယ်ပြန့်စွာ တိုးတက်နေပြီဖြစ်သည့်အတွက် စေတနာသွေးလှူရှင်တို့ လှူဒါန်းရာမှ ရရှိသော သွေးတစ်မျိုးတည်းမှ သွေးနီဥ၊ သွေးရည်ကြည်၊ သွေးဥမွှားနှင့် အနုစိတ် အဆင့်ဆင့် သွေးခဲပစ္စည်းများ ခွဲထုတ်ကာ မတူညီသော ဝေဒနာရှင်များစွာအတွက် တစ်ဦးချင်း လိုအပ်ချက်အတိုင်း ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ သွေးဆဲလ်များမှ ပင်မဆဲလ်နှင့် သွေးဖြူဥအတွင်းမှ ရောဂါတိုက်ထုတ်ပေးနိုင်သည့် ဆဲလ်များကို ဓာတ်ခွဲခန်းအတွင်း ပြင်ဆင်၍ ပြန်လည်ကုသပေးသည့် (CAR-T Therapy) စသည့် တိုးတက်ဆန်းပြားသော နည်းပညာများဖြင့် လှူဒါန်းသွေးကို အစွမ်းထက်ကုသပစ္စည်းများအဖြစ် အသွင်ပြောင်းထုတ်လုပ်နိုင်နေပြီ ဖြစ်ပါသည်။

**ဝေဒနာရှင်တစ်ဦးချင်းစီအတွက် ကုထုံးစနစ်**

Molecular Profiling နည်းပညာဖြင့် ကင်ဆာရောဂါဆိုင်ရာ မျိုးရိုးဗီဇနှင့် ဗီဇပြောင်းလဲမှုများကို ရှာဖွေပြီး ထိုတွေ့ရှိချက်ဖြင့် ဝေဒနာရှင်၏ရောဂါအား တိုက်ရိုက်တိုက်ခိုက်နိုင်မည့် အထူးပြုဆေးဝါးများ အသုံးပြုကုသနိုင်ပြီဖြစ်၍ ကင်ဆာရောဂါများ ပျောက်ကင်းမှုနှုန်း၊ အသက်ရှင်မှုနှုန်းများ မြင့်မားလာကာ သက်တမ်းစေ့နီးပါး နေထိုင်လာနိုင်ကြပြီဖြစ်ပါသည်။ ရောဂါဗေဒပညာရှင်မှ အဆိုပါ Targeted Therapies ကုသမှုအစဉ်အတိုင်း ဝေဒနာရှင်တစ်ဦးချင်းစီအတွက် ကုထုံးစနစ်ကို ထိန်းကျောင်းပြုပြင်ပေးနိုင်လာပြီဖြစ်ပါသည်။

ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးကုသခြင်းဆိုင်ရာ ရောဂါဗေဒပညာရပ်ဖြစ်သည့် (Transplant Pathology) ဆိုသည်မှာ ခန္ဓာကိုယ်အစိတ်အပိုင်းလှူဒါန်းသူနှင့် လက်ခံသူ နှစ်ဦးကြား HLAs protein ဓာတ်များ ကိုက်ညီမှုရှိ မရှိ အသေးစိတ်စစ်ဆေးရသော ပညာရပ်ဖြစ်သည့်အတွက် အောင်မြင်သောအစားထိုးကုသမှု ရရှိနိုင်ရန် တိုက်ဆိုင်စစ်ဆေးပေးသော ရောဂါဗေဒပညာရှင်တို့၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးလှပါသည်။

တိုင်ပင်နှီးနှောသည့် “Tele-Pathology” ဟူသည့် ရောဂါရှာဖွေနည်းသစ်ကိုလည်း ၁၉၉၀ ပြည့်နှစ် ဝန်းကျင်ကတည်းက တွင်ကျယ်စွာ အသုံးပြုနေကြပြီဖြစ်ပါသည်။

**ဉာဏ်ရည်တုနည်းပညာကို စတင်အသုံးပြုလာခြင်း**

ရောဂါရှာဖွေရေးပညာရပ်၌ ဉာဏ်ရည်တုနည်းပညာ “Artificial Intelligence” ကို စတင်အသုံးပြုလာခြင်းကြောင့် အသားစနှင့် အရည်အမျိုးမျိုးတို့ကို အဏုကြည့်မှန်ဘီလူးအောက်တွင် လေ့လာကြည့်ရှုရာ၌ ဓာတ်သဘောမပျက်စီးစေဘဲ ကောင်းမွန်သော ပုံရိပ်အရည်အသွေးရရှိစေရန် ပြင်ဆင်ထားသော မှန်ချပ်များကို ရောဂါဗေဒပညာရှင်တို့ကိုယ်တိုင် ဖတ်ရှုရန်မလိုအပ်ဘဲ အဆိုပါမှန်ချပ်တစ်ခုလုံးအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အမြန်ဆုံးဖတ်ရှုပေးပြီး ရောဂါအမည်ကို အကြမ်းဖျင်းကူညီဖော်ထုတ်ပေးနိုင်လာပြီဖြစ်ပါသည်။



**ရောဂါရှာဖွေရေးပညာရပ်၌ ဉာဏ်ရည်တုနည်းပညာ “Artificial Intelligence” ကို စတင်အသုံးပြုလာခြင်းကြောင့် အသားစနှင့် အရည်အမျိုးမျိုးတို့ကို အဏုကြည့်မှန်ဘီလူးအောက်တွင် လေ့လာကြည့်ရှုရာ၌ ဓာတ်သဘောမပျက်စီးစေဘဲ ကောင်းမွန်သော ပုံရိပ်အရည်အသွေးရရှိစေရန် ပြင်ဆင်ထားသော မှန်ချပ်များကို ရောဂါဗေဒပညာရှင်တို့ကိုယ်တိုင် ဖတ်ရှုရန်မလိုအပ်ဘဲ အဆိုပါမှန်ချပ်တစ်ခုလုံးအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အမြန်ဆုံးဖတ်ရှုပေးပြီး ရောဂါအမည်ကို အကြမ်းဖျင်း ကူညီဖော်ထုတ်ပေးနိုင်လာပြီဖြစ်ပါသည်**

**နယ်ပယ်သစ်သို့**

ဖော်ပြခဲ့သော ရောဂါရှာဖွေရေးနည်းပညာအသစ်များကြောင့် Pathology ၏ မူလအစအဓိပ္ပာယ်ဖြစ်သော ရောဂါဖြစ်ပွားခြင်းနှင့် ဖြစ်တည်ပုံအဆင့်ဆင့်ကို ရှာဖွေခြင်းဟူသည့် “Diagnostic Pathology” အဆင့်ကိုကျော်လွန်ပြီး “Theranostic Pathology” ဟူသည့် နယ်ပယ်သစ်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ “Theranostic Pathology” ဟူသည်မှာ ရောဂါရှာဖွေခြင်းနှင့် ကုသခြင်းဟူသည့် နယ်ပယ်နှစ်ခုကို ပေါင်းစပ်ထားသည့်အသွင်ဖြင့် လူနာတစ်ဦးချင်းစီအတွက် အနီးစပ်ဆုံးမှ အတိကျဆုံးအထိ ရောဂါပျောက်ကင်းဆေးဝါးများကို ဖော်ထုတ်နိုင်သော ရောဂါရှာဖွေလေ့လာရေး ပညာရပ်အသစ်ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာနှင့်တစ်ဝန်း ရောဂါဗေဒပညာရှင်များသည် ဝေဒနာရှင်တို့ သက်ရှည်ကျန်းမာရေးကိုရှေးရှုကာ ပညာရှင်တစ်ဦးတစ်ယောက်တည်း၏ ထင်မြင်ယူဆချက်များထက် အခြားရောဂါဗေဒပညာရှင်တို့၏ အကြံဉာဏ်၊ ထင်မြင်ချက်တို့ကို အမြန်ရရှိပေါင်းစပ်နိုင်စေရေး၊ သင်ကြားရေးနှင့် သုတေသနနယ်ပယ် တိုးတက်ရေးတို့ကိုပါ ဦးတည်သည့် “Virtual Consultation” ဖြင့် အင်တာနက်မှတစ်ဆင့် ထိုအကူအညီသည် ရောဂါဗေဒပညာရှင်များနှင့် ဓာတ်ခွဲမှုဆိုင်ရာ နည်းပညာရှင်တို့အား အစားထိုးရန်မဟုတ်ဘဲ အချိန်နှင့်အလုပ်ဝန်ထုပ်ဖိစီးမှု သက်သာစေကာ နည်းစနစ်မှန် ရောဂါရှာဖွေရေးတွင် အားဖြည့်ပံ့ပိုးခြင်းသာဖြစ်ပါသည်။

ထို့အပြင် AI နည်းပညာအကူအညီကြောင့် ရောဂါရှာဖွေရေးနယ်ပယ်အပြင် ရောဂါပြင်းထန်မှုပမာဏ ခန့်မှန်းခြင်း၊ မျိုးရိုးဗီဇပြောင်းလဲမှုရှာဖွေခြင်း၊ သုတေသနနှင့် ပညာရပ်ဆိုင်ရာ နယ်ပယ်ချဲ့ထွင် တိုးတက်လာစေခြင်း၊ ကင်ဆာရောဂါဆိုင်ရာ ဆေးဝါးအသစ်များ ရှာဖွေနိုင်ခြင်း စသည့် ကျန်းမာရေးနယ်ပယ်အသီးသီး၌ ဖွံ့ဖြိုးတိုးတက်မှုများ တွေ့ရှိလာရပါသည်။

**အနာဂတ် ပညာရပ်ဆိုင်ရာ တိုးတက်ရေး**

မြန်မာနိုင်ငံတွင် ဆေးပညာဘွဲ့ M.B.,B.S သင်တန်းကို ၁၉၂၃ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ၁၉၃၀ ပြည့်နှစ်တွင် ရောဂါဗေဒ (ပါမောက္ခ) တာဝန်ကို နိုင်ငံခြားသား ဆရာဝန်ကြီးများဖြင့် တာဝန်ယူခဲ့ကြပြီး ၁၉၅၆ တွင် ဒေါက်တာခင်မောင်ဝင်းက ပထမဆုံးသော မြန်မာနိုင်ငံသား ပါမောက္ခအဖြစ်

*စာမျက်နှာ ၁၇ သို့*

## မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း
## အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးမှု ကြည့်ရှုအားပေး

**မော်လမြိုင် ဇန်နဝါရီ ၅**
မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ ဦးစွာပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

မွန်ပြည်နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၇၈၀၃ ဦး ရှိပြီး မော်လမြိုင်မြို့နယ်အနေဖြင့် ၉၀၅၇ဦးရှိကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မော်လမြိုင်မြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၃၀၀ ကို အခြေခံစားသောက်ကုန်၊ အာဟာရဖြည့်စွက်စာနှင့် ကျန်းမာရေးစောင့်ရှောက်မှုကို ပထမအကြိမ် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကာ ဆက်လက်၍လည်း အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ လစဉ် ပင်စင်လစာထုတ်ရက်ဖြစ်သည့် ၂၁၊ ၂၂ ရက်များတွင် အလှည့်ကျစနစ်ဖြင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင် (မော်လမြိုင်)**



## တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၅**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် မကြီးကန်ကျေးရွာအနီး၌ လိုင်စင်မဲ့ Honda Stream မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမည်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Sue Sat Detergent ဆပ်ပြာမှုန့်အထုပ် ၁၈၀၊ သရက်သီး ကီလိုဂရမ် ၁၅၀၀၊ MITR PHOL သကြား ကီလိုဂရမ် ၅၀ ပါ အိတ် ၇၀၊ Noxa 20 အကိုက်အခဲပျောက်ဆေးဘူး ၆၀၀ အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၃၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀၀) တို့ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၂၉၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၈၃၇၉၂၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၃၃၇၉၂၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## သီပေါမြို့နယ်မှ ယာယီနေရပ်စွန့်ခွာများအား မိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**သီပေါ ဇန်နဝါရီ ၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသများမှ ယာယီနေရပ်စွန့်ခွာ တိုင်းရင်းသားပြည်သူများ မိုင်းအန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းတို့၏ ပံ့ပိုးမှုဖြင့် မြို့နယ်ကြက်ခြေနီအသင်းကကြီးမှူး၍ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ခိုလှုံရေးစခန်းများသို့ သွားရောက်ပြီး ပညာပေးဟောပြောမှုများ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ မိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူ၊ တပ်ခွဲမှူး ဦးစိုင်းထွန်းဝင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်တွင် စံဖိတ်ကျေးရွာ၊ တောင်မြို့တိုးချဲ့ရပ်ကွက်၊ နားလွယ်၊ ဖာဖိတ်ကျေးရွာများနှင့် သာသနာ ၂၅၀၀ တိုက်သစ်ဘုန်းတော်ကြီးကျောင်း၊ မြို့လယ်ရွှေစေတီကျောင်းတိုက်များမှ ဒေသခံ တိုင်းရင်းသားပြည်သူများကို မိုင်းအန္တရာယ်နှင့် ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ရှင်းလင်းဆွေးနွေးဟောပြောပြီး မိုင်းအန္တရာယ်ကာကွယ်ရေး ပညာပေးပိုစတာများ ချိတ်ဆွဲပြသခြင်း၊ ဗီဒီယိုဆလိုက်များ၊ ဓာတ်လမ်းများဖြင့် အသိပညာပေး ပြသသည်။

ထို့နောက်ဘေးဒုက္ခအန္တရာယ် ကြံ့ကြံ့ခံနိုင်သော ရပ်ရွာလူထုဖြစ်ရေးအတွက် ဆောင်ရွက်ပြီး ခိုလှုံရေးစခန်းများ၌ သန့်ရှင်းရေးဆောင်ရွက်ရန် BHRC ပရောဂျက်မှ ပံ့ပိုးသည့် ဆပ်ပြာမှုန့်များကို ဝေငှပေးသည်။

သီပေါမြို့နယ် ကြက်ခြေနီအသင်းအနေဖြင့် ယာယီနေရပ်စွန့်ခွာ ခိုလှုံရေးစခန်း ၁၉ ခုမှ ယာယီ နေရပ်စွန့်ခွာများအား ခိုလှုံရေးစခန်းအလိုက် မိုင်းအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



*စာမျက်နှာ ၁၆ မှ*

တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ဆေးလက်တွေ့ရောဂါဗေဒအဖွဲ့ကို ၁၉၈၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်အထိ မြန်မာနိုင်ငံ ရောဂါဗေဒ ညီလာခံကို (၁၁)ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ ရောဂါဗေဒပညာရှင်များ၏ ပညာရပ်ဆိုင်ရာ စာတမ်းများ၊ လေ့လာမှုများနှင့် ဆွေးနွေးပွဲ ရလဒ်များမှသည် အနာဂတ်ပညာရပ်ဆိုင်ရာ တိုးတက်ရေးအခြေခံကောင်းများ ချမှတ်နိုင်ခဲ့ကြပါသည်။

ရောဂါဗေဒဒီပလိုမာသင်တန်းကို ၁၉၆၅ ခုနှစ်၊ ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ) သင်တန်းကို ၁၉၉၁ မှ ယနေ့အထိ၊ ရောဂါဗေဒပါရဂူ (Ph.D) သင်တန်းကို ၁၉၉၈ မှ ၂၀၁၉ ခုနှစ်အထိ၊ ဘာသာခွဲများအလိုက် ရောဂါဗေဒ ဆေးလက်တွေ့ပါရဂူ (Doctorate) ဘွဲ့သင်တန်းကို ၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ ဖွင့်လှစ်နေပြီး ရောဂါဗေဒအထူးကုဆရာဝန်များ စုစုပေါင်း ၈၈၇ ဦးအထိ ရှိနေပြီဖြစ်ကာ ပြည်တွင်း၊ ပြည်ပ ဆေးရုံကြီးများ၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များ၊ ဆေးသုတေသနဦးစီးဌာန၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်ဆေးရုံကြီးများနှင့် ပုဂ္ဂလိကကျန်းမာရေး ကဏ္ဍအသီးသီးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အစဉ်အလာကောင်းတစ်ခုအနေဖြင့် ရောဂါဗေဒဆရာဝန်များအဖွဲ့မှ ဝါရင့်ဆရာကြီး၊ ဆရာမကြီးများက ဦးဆောင်ပြီး ရောဂါအမည်တပ်ရန် ခက်ခဲနက်နဲသော ပြဿနာများကို ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးကြသည့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူများအတွက် လေ့လာသင်ကြားနိုင်ရေး အစီအစဉ်ကိုလည်း နှစ်လလျှင်တစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိပါသည်။

**ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ်**

ကျင်းပတော့မည့် နီးနှောဖလှယ်ပွဲ၏ ဆောင်ပုဒ်ဖြစ်သော "Pathology Updates in Theranostic Era" ကို ရိုးရှင်းစွာဖြင့် **"ရောဂါဗေဒ ရှေ့ပြေးခေတ် ရှာဖွေကုသ နယ်ပယ်အသစ်"** ဟု အဓိပ္ပာယ်ဖွင့်ဆိုလိုပြီး ဆိုခဲ့ပြီးသော ရာစုနှစ်၊ ဆယ်စုနှစ်အတွင်း တစ်ဟုန်ထိုးတိုးတက်လာသည့် နည်းပညာအသစ်များဖြင့် ပြည်သူလူထုအား အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု (Quality Healthcare)ကို ရောဂါရှာဖွေရေးအပြင် ကုသမှု ရှုထောင့်မှပါ အပြည့်အဝပေးနိုင်စေရေး ရည်ရွယ်ချက်ဖြင့် နီးနှောဖလှယ်ပွဲကို ကျင်းပမည်ဖြစ်ပါသည်။

နီးနှောဖလှယ်ပွဲမတိုင်မီ အကြိုအလုပ်ရုံဆွေးနွေးပွဲ၌ Immuno-histochemistry Technique (တုံ့ပြန်ဓာတ်ပြုဆိုးဆေးများ အသုံးပြု၍ ရောဂါရှာဖွေခြင်းနည်းပညာ) ကို ရောဂါဗေဒဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာရှင်များအား စင်ကာပူနိုင်ငံမှ ရောဂါဗေဒဆရာဝန်ကြီးအပါအဝင် ပြည်တွင်းပညာရှင်များက လက်တွေ့သင်ကြားပြသပေးမည်ဖြစ်ရာ ရလဒ်ကောင်းအနေဖြင့် နိုင်ငံတော်အစိုးရမှထောက်ပံ့ပေးမည့် အဆင့်မြင့်ဓာတ်ခွဲဆေးပစ္စည်းများကို အကျိုးရှိစွာအသုံးချပြီး ဝေဒနာရှင်တို့အတွက် တိကျမှန်ကန်သော ရောဂါအမည်ကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

နီးနှောဖလှယ်ပွဲ နှစ်ရက်တွင်လည်း ရောဂါဗေဒဘာသာရပ်၏ ပင်မဒေါက်တိုင်ဖြစ်သည့် အသားမျှင်ဗေဒ၊ သွေးရောဂါဗေဒ၊ ဓာတုရောဂါဗေဒနှင့် လုံခြုံစိတ်ချရသော သွေးသွင်းကုသမှုဆိုင်ရာ ဘာသာရပ်တို့၏ နောက်ဆုံးပေါ်နည်းပညာရပ်များ၊ Tele-Pathology & Artificial Intelligence in Pathology ကဏ္ဍများ တိုးတက်စေရေးတို့ကို ပြည်တွင်းမှ ရောဂါဗေဒပညာရှင်များ၊ ရုရှားနှင့် ဂျပန်နိုင်ငံတို့မှ ပညာရှင်များက တင်ပြကြမည့်အပြင် ရောဂါအဖြေရှာရခက်သည့် ကိစ္စရပ်များကို မည်ကဲ့သို့ ထုတ်ဖော်ဖြေရှင်းနိုင်သည်ဆိုသည့် ဆွေးနွေးချက်များကို တိုက်ရိုက်တင်ပြချက်များ၊ ပိုစတာတင်ပြချက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပမည်ဖြစ်ပါသည်။

ထို့အပြင် အတွေ့အကြုံရှိ ဝါရင့် ရောဂါဗေဒပညာရှင်ကြီးများက ပို့ချမည့် Key Notes များသည် ရောဂါဗေဒ ဆရာဝန်ငယ်များအတွက် ကိုင်စွဲရမည့် လုပ်ငန်းလမ်းညွှန်သဖွယ် နာယူမှတ်သားခွင့်ရရှိမည်ဖြစ်ပါသည်။

**ပညာရပ်ဆိုင်ရာ**
**နီးနှောဖလှယ်ပွဲများ၏ ဘုံရည်မှန်းချက်**

ကျန်းမာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော အမျိုးသားအဆင့် ကျန်းမာရေးညီလာခံနှင့် ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများ၏ ဘုံရည်မှန်းချက်မှာ ကမ္ဘာတစ်ဝန်း တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည့် ဆေးပညာရပ်ဆိုင်ရာ နည်းနာသစ်များကို မြန်မာနိုင်ငံ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအသီးသီး၌ တာဝန်ယူဆောင်ရွက်ပေးနေသည့် ပညာရှင်အသီးသီးတို့ လက်လှမ်းမီသိရှိပြီး ပြည်သူလူထုတိုင်း သက်ရှည်ကျန်းမာ သက်တမ်းစေ့နေနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရောဂါရှာဖွေရေးနယ်ပယ်သာမက ကုထုံးဖော်စပ်သည့် နယ်ပယ်အထိပါ ကျယ်ဝန်းလာသည့် ပြောင်းလဲတိုးတက်နေသည့် ရောဂါဗေဒ နည်းပညာအသစ်များကို ဆွေးနွေးကြားနာရမည့် မြန်မာနိုင်ငံရောဂါဗေဒပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၄) သည် ကုသရေး၊ သင်ကြားရေးနှင့် သုတေသနနယ်ပယ်များ၌ တာဝန်ထမ်းဆောင်နေကြသည့် ရောဂါဗေဒဆရာဝန် ကြီး/ငယ်များအတွက် ပညာတန်ဖိုးကြီးမားလှသည့်အပြင် မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းကျိုးဖော်ဆောင်ပေးနိုင်မည့် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပမည့် ဆေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲကြီးဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား**
(၁) https://www.mohs.gov.mm
(၂) http://um1yangon.edu.mm
(၃) https://www.sciencedirect.com

# တပ်မတော်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကလေးမြို့နယ် လက်ပံချောင်းရွာနှင့် မောင်တောမြို့နယ် ကံသာယာအထက်ရွာတို့တွင် ပြည်သူများသေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၅

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မြောက်ပိုင်းသို့ ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သောကြောင့် လက်ပံချောင်းကျေးရွာနေ ကိုးနှစ်အရွယ်ကလေးငယ်တစ်ဦးသေဆုံးကာ အရပ်သားခြောက်ဦးထက်မနည်း ထိခိုက်ဒဏ်ရာရခဲ့သည်ဟု Ayeyarwaddy Times လူမှုကွန်ရက်စာမျက်နှာပေါ်တွင် သတင်းတုများ လုပ်ကြံဖန်တီးရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။**





ဖြစ်စဉ်မှန်ကန်မှု ရှိ/ မရှိ ကလေးမြို့ လက်ပံချောင်းကျေးရွာရှိ ဒေသခံပြည်သူတစ်ဦးထံ ဆက်သွယ်မေးမြန်းရာ **“ယခုရက်ပိုင်းအတွင်း ၎င်းကျေးရွာအနီးတွင် ထိတွေ့ပစ်ခတ်မှုများ မရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများမှ ရံဖန်ရံခါတွင် လက်လုပ်စိန်ပြောင်းများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် ကျေးရွာသူ/ ရွာသားများ အနေဖြင့် စပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း ”** သိရသည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကံသာယာအထက်ရွာကို ဇန်နဝါရီ ၄ ရက်တွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကလေးငယ် သုံးဦးအပါအဝင် ပြည်သူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို AA သတင်းအရင်းအမြစ်ကပြောကြောင်း Khit Thit Media က သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ် မေးမြန်းချက်အရ မောင်တောမြို့နယ် ကံသာယာအထက်ရွာကို တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်မှုမရှိခဲ့ကြောင်း၊ AAသောင်းကျန်းသူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ အလစ်အငိုက်တွင် ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ဖျက် မီဒီယာများသည် ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြားစေရန်အတွက် သတင်းအရင်းအမြစ် တိကျခိုင်မာမှုမရှိသော ဖြစ်စဉ်များကို လူမှုကွန်ရက်ပေါ်တွင် ဝါဒဖြန့်ချိခြင်းများ ပြုလုပ်ကာ ပြည်သူများကို သတင်းအဆိပ်ခတ်လျက်ရှိကြောင်း ပြည်သူများအနေဖြင့် သတိပြုဆင်ခြင်နိုင်ရန် အသိပေးအပ်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ *ကျောဖုံးမှ*

PDF အမည်ခံ အကြမ်းဖက်သမားများသည် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော မြို့/ ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ Drop Bomb များဖြင့်ပစ်ချခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လျက်ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




ပခုက္ကူမြို့ အမှတ်(၈)ရပ်ကွက်အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများ Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

# ထီးချိုင့် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ သုံးဦး သေဆုံး၊ လေးဦးဒဏ်ရာရဟု ကောလာဟလ သတင်းများကို ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်ရှိ ဒိုးပင်၊ ကြူးတောင်ခြေနှင့် ဝဲကြီးကျေးရွာတို့ကို ဇန်နဝါရီ ၃ ရက်က လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံသုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ RFA မှ သတင်းအမှား ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရသည်။



မြေပြင်သိရှိရသော သတင်းများအရ အဆိုပါနေ့တွင် တပ်မတော်မှ ထီးချိုင့်မြို့နယ်တွင်းသို့ လေကြောင်းပျံသန်းမှု မရှိခဲ့ကြောင်း သိရှိရပြီး အကြမ်းဖက်သမားများဘက်မှ မိမိလုံခြုံရေး တပ်ဖွဲ့တည်ရှိရာနေရာများသို့ Drone များအသုံးပြု လာရောက်တိုက်ခိုက်ခြင်းကြောင့် ဒေသခံကျေးရွာများအတွင်း ကျရောက်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီး ဒေသခံ အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရခြင်းများ ဖြစ်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် ပျံ့နှံ့မှုအားကောင်းသည့် သတင်းတုများကို စိတ်ကြိုက်ရေးသားဖြန့်ဝေကာ ပြည်သူလူထုကို သတင်းအဆိပ်ခတ် ဝါဒဖြန့်လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၂၀ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၀၅ ကျပ် | ၂၄၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၅၃၅ ကျပ် | ၂၅၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၃၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၁၉၅ | ၁၆၉၆၅၀၀ |
| MTSH | ၂၈၈၀ | ၂၈၈၀ | ၅၃၁၂ | ၁၄၁၇၄၁၀၀ |
| MCB | ၇၆၀၀ | ၈၁၀၀ | ၂၇ | ၂၁၅၇၀၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၂၀၁ | ၃၁၁၆၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၆ | ၁၅၀၀၀ |
| EFR | ၁၉၅၀ | ၁၉၅၀ | ၁၁၁ | ၂၁၆၄၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၁၂၅ | ၅၈၇၅၀၀ |
| MAEPC | ၁၇၅၀ | ၁၇၀၀ | ၇၃ | ၁၂၆၇၀၀ |

ညီညီ - စုစည်းသည်

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ Crystal Residence နေ **ချစ်ဇနီး ဒေါ်ဇာခြည်ဝင့်** **"Managing Director, T.Y.S.T Co., Ltd"**သည် **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ် ကို နိုင်ငံတော်မှ ချီးမြှင့်ခံရသည့်အတွက် အထူးပင်ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်း။

**ခင်ပွန်း – ဦးအောင်စေသော်**
**"T.Y.S.T Co.,Ltd(Chairman)"**
**သား – မောင်သာယာစေသော်**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် (၃၁၃)ရှိ STAR MED COMPANY LIMITED မှ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားများအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၇၉၄၉/၂၀၂၃)၊ (၄/၇၉၅၀/၂၀၂၃)တို့ဖြင့် မှတ်ပုံတင် တင်သွင်းကြေညာစာချုပ်ပြုလုပ်ထားပြီးဖြစ်ပါသည်–

FloraGuard
Saccharomyces boulardii(Lyophilized)
(၄/၇၉၄၉/၂၀၂၃)

EPO Plus
(၄/၇၉၅၀/၂၀၂၃)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် **"ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဝမ်းရောဂါအမျိုးမျိုး၊ အမျိုးသမီးများ ဓမ္မတာမလာမီနှင့် ဓမ္မတာလာချိန်တွင် ဖြစ်ပေါ်တတ်သော ဝေဒနာများ၊ အမျိုးသမီးများ သွေးဆုံးချိန်တွင် ဟော်မုန်းအပြောင်းအလဲကြောင့် ဖြစ်ပေါ်တတ်သော ဝေဒနာများ၊ ဝက်ခြံနှင်းခူနှင့်အရေပြားရောဂါများ၊ အသားအရေ တင်းရင်းစေပြီး အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်းမှ ကာကွယ်ပေးခြင်း၊ ဆီးချိုရောဂါကြောင့် အာရုံကြော ထိခိုက်ပြီး နာကျင်ခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ အရိုးအဆစ်ရောင်ခြင်း၊ ကိုက်ခဲခြင်း၊ အရိုးပါးခြင်းစသော ရောဂါအမျိုးမျိုး** တို့နှင့်ပတ်သက်ပြီး၊ သောက်ဆေးအရည်၊ သောက်ဆေးအမှုန့်၊ စားဆေးအလုံး၊ ထိုးဆေးအရည်၊ လိမ်းဆေးတို့အား အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ပြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် တရားဝင်ဖြန့်ဖြူးရောင်းချခွင့်ရရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားများအား တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေကုမ္ပဏီ၏ ခွင့်ပြုချက်မရရှိဘဲ အခြားမည်သူတစ်ဦး တစ်ယောက်က ဖြစ်စေ၊ အများက ဖြစ်စေ၊ တုပခြင်း၊ ပုံတူပုံမှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ သံတူကြောင်းကွဲ ပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားအား ဖျက်စီးပြုပြင်၍၊ အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ တုပပြုလုပ်ဖြန့်ဖြူးရောင်းချခဲ့ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမောင်မောင်သူရ (မြောင်းမြ)**
**LL. B, A.G.T.I (EP), D.B.L, D.M.L**
**WIPO ( SWITZERLAND )**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၀၈)**
**အမှတ်–၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၅၁၈၄၀၄၂၊ ၀၉–၇၉၅၁၈၄၀၄၂**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဆူးတပ်ကျေးရွာနေ မောင်စည်သူအောင် ၏ ဖခင်အမည်မှန်မှာ ဦးစိုးညွှန့် ၉/ရမသ(နိုင်)၀၆၆၄၃၄ ဖြစ်ပါကြောင်း။

**ဦးစိုးညွှန့်**

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ အထကရွာသစ်တောင် တက္ကသိုလ်ဝင်တန်းမှ (ဘ) ဦးကျော်စိန်၏သမီး မယဉ်မူဖြိုး ၁၄/ဟသတ(နိုင်)၃၆၆၁၂၂၏ မွေးသက္ကရာဇ်အမှန်မှာ ၁၀–၁၂–၂၀၀၃ ဖြစ်ပါကြောင်း။

## အလိမ္မာ စာမှာရှိ

## ဒေါ်ယဉ်ဝေလွင်နှင့် အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်၊ ကျောက်စိမ်းလမ်း၊ အိမ်အမှတ်(ရ/၂၀၈)နေ ဦးဝမ်းကျော် (၁၃/ဟပန (နိုင်)၀၁၅၈၃၇)နှင့် ဒေါ်သီသီခိုင် (၁၃/ဟပန(နိုင်)၀၄၁၇၉၅) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဒေါ်ယဉ်ဝေလွင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်–

လူကြီးမင်း ဒေါ်ယဉ်ဝေလွင် သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည်ဟု သိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့မှစ၍ လူကြီးမင်း ဒေါ်ယဉ်ဝေလွင် အား မိဘများဖြစ်သည့် ဦးဝမ်းကျော်နှင့် ဒေါ်သီသီခိုင်တို့က သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း လူကြီးမင်း ဒေါ်ယဉ်ဝေလွင်နှင့် တကွ အများသိစေရန် ကြေညာအပ်ပါသည်။ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်၍ ဒေါ်ယဉ်ဝေလွင်နှင့်ပတ်သက်သည့် ငွေရေးကြေးရေး ကိစ္စများအပါအဝင် အခြားမည်သည့်ကိစ္စကိုမျှ မိဘများအနေဖြင့် တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း ဒေါ်ယဉ်ဝေလွင်နှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝမ်းကျော်နှင့် ဒေါ်သီသီခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ် – ၁၀၈၈၀**
**အမှတ်(စ/၂၄၅)၊ သုခလမ်း၊ စဝ်စံထွန်းရပ်ကွက်၊ တောင်ကြီးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## ဒု–ဦးစီးမှူး(စက်/လျှပ်)ရာထူးနေရာများအတွက် ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း
## ကြော်ငြာစာအမှတ် (၁ /၂၀၂၄)
## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၆) ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ (၁–၁၁–၂၀၂၃)ရက်စွဲပါ ကြော်ငြာစာအမှတ်(၄/၂၀၂၃)ဖြင့် ကြော်ငြာခေါ်ယူခဲ့သည့် ဒု–ဦးစီးမှူး(စက်/လျှပ်) ရာထူး ၅၀ နေရာအတွက် အတည်ပြုရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ဖော်ပြပါအတိုင်း ကြေညာလိုက်သည် –

**EP – 1, 4, 6, 7, 8, 11, 13, 14, 15, 16, 17, 19, 20, 21, 22, 27, 29, 31, 34, 35, 39**
**EC – 3, 4, 6, 7, 8, 9, 10, 11, 13, 14, 16, 20, 21, 27, 28, 34**
**M – 1, 2, 5, 7, 10, 12, 13, 15, 18, 19, 20, 22, 23**

၂။ ရွေးချယ်ခြင်းခံရသူများသည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် (ဖုန်း–၀၆၇–၄၁၀၀၆၆)သို့ ( ၁၂–၁–၂၀၂၄ )ရက်နေ့ ရုံးချိန်အတွင်း လူကိုယ်တိုင် သတင်းပေးပို့ရမည်ဖြစ်သည်။ သတင်းပို့ရန် ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ခြင်းမပြုနိုင်သူများ၏ ရာထူးနေရာများ၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေး တန်းစီဇယားအမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၃။ အဆိုပါရွေးချယ်ခံရသူများ၏ ခုံအမှတ်စာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ မြေကွက်အမှတ် (၇၅၆/ခ)၊ မင်းရဲကောင်းပုံလမ်း၊ အကျယ်အဝန်း (ပေ၂၀xပေ၆၀)ရှိ ဦးကိုလေး အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင် ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်ကျော်ဇော (၁၂/ဗဟန (နိုင်) ၀၇၇၂၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေခဲ့ပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများ သိစေရန်အသိပေးကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးမြမွန် (LL.B, LL.M) အထက်တန်းရှေ့နေ (စဉ်–၃၄၆၇၉)**
**အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃–လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၅၆၈၃၃၇၈**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်းအမှတ်(၁၇/၂)၊ ဦးပိုင်အမှတ်(၇၂)၊ မြေဧရိယာ (၀.၁၀၇)ဧကရှိ မြေကွက်သည် မူလက ဦးစိုးရီ(ခ)လောထော် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၆၄ (၃) ၁၉၉၇–၁၉၉၈ အရ (၁–၄–၂၀၁၂) ရက်ထိ(၁၅) နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဦးစိုးရီ(ခ)လောထော်သည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတစ်ဦးတည်းသောဇနီး ဒေါ်ကျန်ရင်ဖိန်းက(၁၆–၁၁–၂၀၂၃) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၅၃၇/၂၀၂၃) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဒေါ်ကျန်ရင်ဖိန်း၊၁/မကန(ဧည့်)၀၀၁၅၆၉ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁/၁၂) ရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၂၅၁)၊ အကျယ်အဝန်း(၄၀ပေX၆၀ပေ)ရှိ ဂရန်မြေအမျိုးအစား ခြံမြေကွက်နှင့် နေအိမ်အဆောက်အအုံအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေ အရောင်းအဝယ်နှင့်ပတ်သက်၍ တရားဝင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကိုမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၂၉) (၂၃–၁–၂၀၂၀)**
**အမှတ်(၁/၁၂/၄၀၂)၊ ရွှေဥဒေါင်းလမ်း၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၂၅၂၀၄၃၄၅၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
### မုံရွာခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်– ၆၁

ဦးတင်လှပါ–၂ နှင့်
၁။ ဒေါ်တင်ရွှေ(ခ)ဒေါ်နီနီထွန်း
၂။ ဒေါ်နှင်းရီ ၃။ ဦးကျော်ကျော်
၄။ ကိုဇော်လင်းဦး ၅။ မမြသန္တာ
၆။ မောင်လင်းအောင် ၇။ မမာလာဝင်း
၈။ မောင်ဗေဒင် ၉။ မချစ်ဖူး
၁၀။ မဆုမြိုင် ၁၁။ မခင်ပပလှိုင်
၁၂။ မခင်သွင်းနွယ် ၁၃။ မခင်ခင်စိုး
(တရားလို) (တရားပြိုင်များ)

မမြသန္တာ(ဘ)ဦးအောင်တင်ငွေ၊ ရွှေမျော၊ လက်ပံလှကျေးရွာ၊ သပိတ်ကျင်းမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မုံရွာခရိုင်တရားရုံး တရားမကြီးမှုအမှတ်–၆၀/၂၀၁၃တွင် တရားပြိုင်(၁)(၂)တို့ ပူးပေါင်း၍ တရားလို(၁)အား ယုံကြည်အောင် သွေးဆောင်အလွဲပြောပြီး မမှန်မကန်ဖော်ပြ၍တစ်ဖက်သတ်လိမ်လည်ရယူခဲ့သော ဒီကရီကိုပယ်ဖျက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်၊ (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၂)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်လှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မုံရွာခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ သုခဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ–၃၃၀၄၇)၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်သင်းသင်းဆွေ ၁၂/တတန(နိုင်)၁၁၈၁၅၁(ဘ)ဦးအေးမှ မြေချပါမစ်(စလစ်)မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အကွက်အမှတ်(၃၊အလယ်ပိုင်း)၊ ဦးပိုင်အမှတ်(၆၀–မ)၊ ဧရိယာ(၀.၄၇၀)ဧကရှိမြေအား ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၂)ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၂၁၃)နေ ဦးအောင်ကျော်ဦး(၁၃/ကခန(နိုင်)၀၂၈၁၄၄)မှ မြေငှားဂရန်သက်တမ်းတိုး ရရှိရေးအတွက် မြေငှားဂရန်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက် အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်သက်တမ်းတိုးထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မအူပင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/6496 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4I/4782, HONDA FIT GE–6, HATCH BACK (4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးချမ်းမိုး ၁၂/ပဇတ(နိုင်) ၀၃၄၁၇၇က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/96841, Honda Wave N/F 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအင်၁၃/တကန(နိုင်)၀၆၀၈၇၉မှ(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊**
**ခရိုင်ရုံး(တာချီလိတ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အထက၊ ဖာလိုင်(မိုင်းပျဉ်း)မှ ဒုမူပြ ဦးခွန်အောင်ဆန်းဦး (၁၃/တကန(နိုင်)၂၆၅၀၇၅)၏ဖခင် ဦးမြဝင်း(ခ) ဦးခွန်မြဝင်းမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အထက(ခွဲ) ပေါင်လင်းမှ ဒုတိယအလယ်တန်းပြ ဒေါ်နန်းဇင်ဇင်ဦး (၁၃/ဟပန(နိုင်)၀၆၉၅၇၃) ၏ ဖခင် ဦးကျော်(ခ) ဦးသိန်းကျော်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀ယ/၆၈၉၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းထွန်း ၁၂/စခန(နိုင်)၀၄၉၀၁၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၉ယ/၃၂၅၇၅ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းထွန်း ၁၀/မလမ(နိုင်)၃၀၆၆၃၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို အသုံးပြုရန် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဗီလာ၊ အမှတ် (F4) တွင် ဖွင့်လှစ်ထားသော AUTHENTIC PRODUCTION COMPANY LIMITED. ကုမ္ပဏီမှတ်ပုံတင်အမှတ်-102088719က အောက်တွင် ဖော်ပြထားသော တံဆိပ်အမည်အမှတ်အသားကိုအသုံးပြုရန် ရန်ကုန်တိုင်းဒေသကြီး၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ် အမှတ်-၄/၁၀၂၆၁ (၁၆-၁၁-၂၀၂၃) ဖြင့် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်-

LINK

**မှတ်ပုံတင်အမှတ် (၄/၁၀၂၆၁/၂၀၂၃)**

၁။ အထက်ပါ "LINK" လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ရေပိုက်အမျိုးမျိုး၊ HDPE, PDR ပိုက်အမျိုး မျိုး၊ ရေတိုင်ကီအမျိုးမျိုး၊ မိလ္လာပိုက်အမျိုးမျိုး၊ PE ပိုက်နှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး ၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - လေးထောင့်ကန်၊ မြေကွက်အမှတ်-၃၇၀ ပေါ်ရှိ အမှတ်-၃၉၆၊ ကန်ဦးလမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံ၏ အခန်းအမှတ်-A-1 (မြေညီ) ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးမြင့်ခိုင် ၁၂/အလန(နိုင်)၀၂၂၀၃၅ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဥ်-၂၅၁၆၅** | **စဥ်-၂၆၁၉၉** | **စဥ်- ၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊**
**ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁**

## အမှားပြန်လည်ပြင်ဆင်ကြော်ငြာခြင်း

ဦးဖွဲ့မာန်သာ (အဘအမည်- ဦးထွန်းသိန်းဝင်း၊ ၈/ရနခ(နိုင်)၁၄၀၆၄၉)၊ ၎င်း၏ဇနီး ဒေါ်သဇင်သက်နွယ် (နေရပ်လိပ်စာ - (၁၅)လမ်း၊ အောင်မေတ္တာရပ်ကွက်၊ (B) အုပ်စု၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး) နေသူတို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း။

မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်တွင် Salesman အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဦးဖွဲ့မာန်သာ သည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ကုမ္ပဏီမှချမှတ်ထားသည့် စည်းကမ်းချက်ဖြစ်သည့် ဖောက်သည်ဆိုင်များသို့ ကုန်ပစ္စည်းပို့ဆောင်ခြင်းမရှိဘဲ ကုန်ပစ္စည်းဖိုးငွေများကို ကြိုတင်ကောက်ခံခြင်း လုံးဝလုံးဝမပြုလုပ်ရ ဆိုသည့်အချက်ကို ဖောက်ဖျက်ကျူးလွန်ကာ ဖောက်သည်ဆိုင်အချို့မှ ငွေကျပ်စုစုပေါင်း (၁၄,၉၅၈,၀၀၀/-ကျပ်တိတိ) ကို ကုမ္ပဏီမှ တာဝန်ရှိသူများကို အသိပေးခြင်းမရှိဘဲ တောင်းခံရယူသွားပြီး ၎င်း၏ K pay Account နှင့် ၎င်း၏ ဇနီး ဒေါ်သဇင်သက်နွယ်တို့၏ K pay Account များသို့ လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ဦးဖွဲ့မာန်သာ (အဘအမည်- ဦးထွန်းသိန်းဝင်း ၈/ရနခ(နိုင်)၁၄၀၆၄၉)နှင့် ၎င်း၏ ဇနီးဒေါ်သဇင်သက်နွယ်တို့အား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ထားပြီးဖြစ်ပါသဖြင့် (၂၃-၁၁-၂၀၂၃) ရက် နောက်ပိုင်းတွင် ၎င်းနှင့်ပတ်သက်သည့် ငွေကြေးကိစ္စများအတွက် ကုမ္ပဏီမှလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ပါကြောင်း ဦးဖွဲ့မာန်သာ၊ ဒေါ်သဇင်သက်နွယ်နှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**အစည်းအဝေးဆုံးဖြတ်ချက်အရ**
**မြန်မာဇာလဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်**

## အမည်မှန်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက (၁၀) Grade-6 မှ ပညာသင်ကြားနေသော ဦးဇော်ခိုင်ထွန်း၏ သမီး မသံဇင်ချို၏ အမည်မှန်မှာ မသံစဉ်ချိုဖြစ်ပါကြောင်း။

**မသံစဉ်ချို**

## Passport ပျောက်ဆုံးကြောင်း

ဦးခိုင်မင်း ၈/စလန(နိုင်)၂၃၀၈၀၄ ၏ နိုင်ငံကူးလက်မှတ်အမှတ် MG-145178 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၃၂၉၀၉၅၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သပြေစမ်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/သပြေစမ်း၊ မြေဧရိယာ (၁၀.၀၂၀)ရှိ မြေကွက်အမှတ် (ပ-၁၇၂၂)ကို အမည်ပေါက် ဦးတင်ထွတ် (ဘ)ဦးကုလားကြီး ၃/ဘဝန(နိုင်)၀၁၀၀၀၄၆ ၏ အထွေထွေကိုယ်စားလှယ်ဖြစ်သူ ဦးစိုးသီဟ (ဘ)ဦးထွန်းသိန်း ၁၂/သလန(နိုင်) ၀၇၈၈၀၄ မှ ဦးမျိုးသွင် (ဘ)ဦးအောင်မြင့် ၁၂/ကတတ(နိုင်)၀၀၀၆၁၆ နှင့် မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၉၃/၂၅၁ (၁၃-၁၀-၂၀၂၁)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/10557, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သန့်ဇင် ၆/ထဝန(နိုင်) ၁၁၄၇၉၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ကံအောင်ကျေးရွာနေ (ဘ)ဦးဌေးအောင်၏သမီး မငုဝါဝါအောင်သည် မိဘနှစ်ပါးအား စိတ်အနှောင့်အယှက် အမျိုးမျိုးပေးနေပါသောကြောင့် သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မိဘနှင့် မိသားစုဝင်တို့မှ မည်သည့်ကိစ္စမဆို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဌေးအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/14038,Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးစွမ်းဆက်အောင်(ခ)စွမ်း ၆/ထဝန(နိုင်)၁၃၈၄၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်-(၁/၂၀၂၄)
## ၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ( ၆ ) ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တောအုပ်ကြီးရာထူး (၃၀) နေရာ၊ ကွန်ပျူတာစီစဉ်ရေးမှူး ရာထူး (၅)နေရာနှင့် ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူး (၄)နေရာတို့တွင် အမြဲတမ်းဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုပါက administrationfd@forest.gov.mm/ forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ၉-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) တောအုပ်ကြီးရာထူးနေရာများတွင် လျှောက်ထားသူများသည် သိပ္ပံ(သစ်တော) ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊
- (ဂ) ကွန်ပျူတာစီစဉ်ရေးမှူးနှင့် ကွန်ပျူလုပ်ဆောင်ရေးမှူးရာထူး နေရာများတွင် လျှောက်ထားသူများသည် ကွန်ပျူတာဘွဲ့ရရှိပြီး သူဖြစ်ရမည်၊ (ဌာနတွင်းဝန်ထမ်းဖြစ်ပါက ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာနှင့်ပတ်သက်၍ ဒီပလိုမာအောင်လက်မှတ်ရရှိသူဖြစ်ရမည်)
- (ဃ) ၁-၁-၂၀၂၄ ရက်နေ့တွင်အသက်(၃၅)နှစ်ထက်မကြီးသူ၊ မဟာဘွဲ့ ရပြီးသူများနှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၇)နှစ်ထက် မကြီးသူ ဖြစ်ရမည်၊
- ( င ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအမှူး၏ ခွင့်ပြုချက် တင်ပြရမည်၊
- ( စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)ခံရသူများ လျှောက်ထားခွင့် မရှိပါ၊
- (ဆ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်အင်္ဂါပြည့်စုံသန်စွမ်း၍ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်၊
- ( ဇ ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းမှ ထောက်ခံ ချက်အား တင်ပြနိုင်သူ ဖြစ်ရမည်၊
- ( ဈ ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း (၅)နှစ်တာဝန်ထမ်းဆောင် နိုင်သူဖြစ်ရမည်။

၃။ ရာထူးအလိုက် အသေးစိတ်သတ်မှတ်ချက်များ၊ လျှောက်လွှာပုံစံများနှင့် လျှောက်ထားရမည့်လိပ်စာများအား သစ်တောဦးစီးဌာန၏ Website-www.forestdepartment.gov.mmတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ စုံစမ်း မေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀ ၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်, ရွှေညောင်ပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(F) မြို့မ ဦးပိုင်အမှတ် (၁၃၃-ခ) ဧရိယာ ၀ ဒသမ ၀၄၇ ဧကရှိ ဘိုးဘမြေအား ဒေါ်မြစန္ဒာဝင်း ၁၄/ကကန(နိုင်)၀၇၅၄၂၁ မှ ဘိုးဘမြေအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသိမ့်သိမ့်သူ (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၂၂/၂၀၁၈)**
**ရောဝတီဘဏ်ရှေ့၊ အမှတ်(၂)ရပ်ကွက် ကျောင်းကုန်းမြို့။**
**ဖုန်း-၀၉ ၄၂၂၄၈၃၆၅၆**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၁၀)လမ်း၊ အမှတ်(၈)ရပ်ကွက်၊ အကွက်အမှတ် D-4 အပြောင်၊ ဦးပိုင်အမှတ်(၁-ခ)၊ ဧရိယာ ၀ ဒသမ ၀၄၈ ဧကရှိ မြေကွက်အား ဦးသျှမ်ဇာနိုင် ၁၄/ဖပန(နိုင်)၁၁၉၂၀၃ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမှု အပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက် နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၀/တောင်သာအနောက်၊ ဦးပိုင်အမှတ်(၆၉ᵉ)၊ ဧရိယာ ၀ ဒသမ ၀၉၄ ဧကရှိ ဒေါ်ချမ်းချူး(ခ)ကျင်ကြူး အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၄/၂၀၂၂) ဖြင့် လွှဲအပ်ခြင်း ခံရသူ ဦးထွန်းထွန်းနိုင် ၉/မကန(နိုင်)၀၁၉၈၃၀ မှ နှစ်(၃၀) မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ဥမ္မာလွင် ၉/ပမန(နိုင်)၀၆၀၉၄၇ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့် ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန သင်ကြားရေးဆေးရုံကြီး-မကွေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် တက်ရောက်ကုသ လျက်ရှိသော လူနာများအား ကုသပေးရန်အတွက် လိုအပ်သော ဆေးဝါးများ၊ Speciality ဆေးဝါးများဝယ်ယူရန်နှင့် ခွဲစိတ်ခွဲခန်းသုံးနှင့် ခွဲစိတ်မှန်ခန်းသုံး ပစ္စည်းများ၊ Oxygen/ Liqiuid Oxygen အပါအဝင် Basic Consumable များ Consumable For Speciality များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့် တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံ စတင်ထုတ်ယူရမည့်ရက်** - ၈-၁-၂၀၂၄ ရက် ( တနင်္လာနေ့)

၃။ **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂၂-၁-၂၀၂၄ ရက် (တနင်္လာနေ့ ) မွန်းတည့်(၁၂:၀၀)နာရီတိတိ

၄။ တင်ဒါလျှောက်လွှာများကို သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့တွင် ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပစ္စည်းစာရင်း အသေးစိတ် သိရှိ လိုပါက နေ့စဉ်ရုံးချိန်တွင် အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း နိုင်ပါသည်။

**(ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး၊ မကွေးမြို့၊**
**ဖုန်း-၀၉-၄၀၁၅၉၅၉၉၀၊ ၀၉-၆၆၀၂၃၁၇၅၆/ ၀၉-၄၅၄၁၉၀၀၀၇)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် - ၃၃

| | | |
|---|---|---|
| ဦးတင့်လွင်ဦး(ကိုယ်တိုင်နှင့် ဒေါ်ခင်မျိုးတင့်၏ အခွင့်ရကိုယ်စားလှယ်) ပါ ၂ | **နှင့်** | ဒေါ်တွတ် (ခ) ဒေါ်ထွန်းရီ၊ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်တင်တင်အေး)ပါ ၇ |
| အယူခံတရားလိုများ | | အယူခံတရားပြိုင်များ |

၅။ ဦးဂျိုးညို (ခ) ဦးတင်မြိုင်
အမှတ်(ခ/၅)၊ မြို့သစ်(၁)လမ်း၊ သမိုင်း(၁)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၆။ ဦးဖိုးလုံး
ကမ်းနီကျေးရွာ၊ ကမ်းနီကျေးရွာအုပ်စု၊ ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး။
၇။ ဒေါ်သင်းသင်း
ယုဇနမာလာလမ်း၊ ဟိုင်းကြီးကျွန်းမြို့၊ ငပုတောမြို့နယ်၊ ပုသိမ်ခရိုင်၊
ဧရာဝတီတိုင်းဒေသကြီး။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) တို့ သိစေရမည်။

အယူခံတရားလိုက မိမိအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၂၂ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၅၃၂ တွင် ချမှတ်လိုက်သော ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်စွဲပါ နေ့စဉ်မှတ်တမ်း အမိန့် နှင့် ထုံးပုံကျအပြီးသတ်အမိန့် အပေါ် အထူးအယူခံဝင်ခွင့်ကို ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၉ အရပေးပါမည့်အကြောင်း အထက်အမည်ပါဖော်ပြပါ အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေက တင်သွင်း၍ အထူးအယူခံဝင်ခွင့်ပြုပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ လျှောက်လွှာနှင့် စပ်လျဉ်း၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ ကိုယ်စားသင်တို့၏ တရားလွှတ်တော်ရှေ့နေကဖြစ်စေ၊သို့မဟုတ်သင်တို့အတွက် ဆောင်ရွက်ရန် တရားဥပဒေအရအာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်က ဖြစ်စေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားမတရား စီရင်ရေးဌာန လက်ထောက် ညွှန်ကြားရေးမှူးထံ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် နံနက်၁၀နာရီတွင် ရုံးကချိန်းဆိုပြီးဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မေလတ်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးကိုကိုကြီး၁၄/ဓနဖ(နိုင်)၁၁၂၅၅၅၊ ဒေါ်စုဒါလီလွင် ၁၂/မဂဒ (နိုင်)၁၈၆၅၉၆ တို့မှ အောက်ဖော်ပြပါ မြေကွက်များအား မြေငှားဂရန် အသစ် ရရှိရေးအတွက် ခြံမြေအပြီးအပိုင် အရောင်းအဝယ်သဘောတူစာချုပ်၊ မြို့နယ် တရားရုံးကျမ်းကျိန်လွှာနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထား များနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ေဖာ်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ နိုင်သူ မည်သူကိုမဆို ယခု လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူ များသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည် -

- (က) မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၉၆၊ လဟာကြီး)၊ ဦးပိုင်အမှတ်(၂၅၉+၂၆၀)၊ ဧရိယာ ၀ ဒသမ ၁၀၂ ဧကရှိ မြေကွက်၊
- (ခ) မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၉၆၊ လဟာကြီး)၊ ဦးပိုင်အမှတ်(၂၄၁ + ၂၄၂)၊ ဧရိယာ ၀ ဒသမ ၁၀၂ ဧကရှိ မြေကွက်၊
- (ဂ) မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၅၊ လုပ်စာ)၊ ဦးပိုင်အမှတ်(၂၅၈)၊ ဧရိယာ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်၊
- (ဃ) မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ အမှတ်(၁၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၅၊ လုပ်စာ)၊ ဦးပိုင်အမှတ်(၂၄၃)၊ ဧရိယာ ၀ ဒသမ၀ ၅၅ ဧကရှိ မြေကွက်၊

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ဆင်ဖြူရှင် ရပ်ကွက်၊ ဂေါ-ညောင်ကုန်းလမ်းဘေးတွင် ကျွန်မ ဒေါ်ဝေဝေဖြိုးမှ အောက်ဖော်ပြပါ-

### မနော်ဖြူ/Ma Naw Phyu

အမည်တံဆိပ်ဖြင့် သောက်ရေသန့် ရောင်းချရန် စီစဉ်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်း တွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာ ကြော်ငြာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထား မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝေဝေဖြိုး ၁၂/တကန(နိုင်)၁၅၉၆၀၃**
**"မနော်ဖြူ" သောက်ရေသန့်**
**ဖုန်း-၀၉-၄၂၈၇၃၃၂၆၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအုပ်စု၊ ကညင်ပင် (၂)လမ်းသွယ်၊ အိမ်အမှတ် (ယ-၇၁၂) ဟု ခေါ်တွင်သော အကျယ်အဝန်း (၂၅ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်စလီမာဘီ ၁၂/ဒပန(နိုင်)၀၆၈၇၇၅ က အရပ်ကတိ စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံ သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇင်မြင့်လွင် ၁၂/ပဇတ(နိုင်) ၀၃၁၁၉၇ က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း (မူရင်း) များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းသီတာဖြိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**
**အမှတ်-၂၄၅၊ အခန်းအမှတ် (၁-စီ)၊ ဗိုလ်မင်းရောင်လမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၉၂၆၀၂၇၇၊ ၀၉-၆၉၅၃၃၃၉၈၃**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## ပျဉ်းမနားခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇၃

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခင်နေပြည်တော်စည်ပင်ဘဏ် လီမိတက်)(ယင်းကိုယ်စားဒုကြီးကြပ် ရေးမှူး ဒေါ်မေသင်းခိုင်) | **နှင့်** | ၁။ ဦးဇေယျာကျော် ၂။ ဒေါ်သန္တာထွန်း |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ဦးဇေယျာကျော်၊ ဒေါ်သန္တာထွန်း၊ မြေကွက်အမှတ်(၁၁၄/ဆ+ ၁၁၄/C)၊ သုဓမ္မာလမ်း၊ (၅) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ တရားလိုက ဤရုံးသို့ ပဏာမဒီကရီအရ တရားပြိုင်များက ပေးသွင်းရန်ရှိသည့် ငွေကြေးများကို တရားလိုဘက်သို့ အပြေအကျေပေးဆပ်ရန် အမိန့်ချမှတ်ခဲ့သော်လည်း ပေးဆပ်ခြင်း လုံးဝ မရှိသဖြင့် တရားလိုဘက်သို့ ပေးအပ်ထားသည့် အာမခံအပေါင်ပစ္စည်း များကို ရောင်းချစေသည့် အပြီးသတ်ဒီကရီချမှတ်ပေးပါမည့်အကြောင်း နှင့်လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့် မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူသော်)**
**ဒုတိယခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်ချမ်းသာအုပ်စု၊ ကွင်း အမှတ်(၉)၊ ကွင်းအမည်-ရန်ကျော်မြောက်၊ ရန်ကျော်ရပ်ကွက်၊ (၁၅)လမ်းနှင့် ခတ္တာလမ်းထောင့်၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၂၇၈/၁၀၆) ဟုခေါ်တွင်သော ဦးအောင်မြို့(TEY-063173)အမည်ပေါက်(ပါမစ်မြေ)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧက အကျယ်အဝန်းရှိ အိမ်ဝိုင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက် အအုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်သည်ဟု အဆိုပြုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကို ပေးချထားပြီးဖြစ်ပါသည်။ အရောင်း အဝယ်အား ပိုင်ရေးဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစတင်ပြီး (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲထိုက်အောင် (LL.B,LL.M)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၅၅/၂၁)**
**အမှတ်(၆၄၅)၊ အဝေရာလမ်း၊ အောင်မေတ္တာ(ဃ)ရပ်၊ မကွေးမြို့။**
**ဖုန်း-၀၉-၉၅၄၃၄၅၅၅၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ္သာတမြို့၊ အေးမြသာယာ ရပ်ကွက်၊ သမိန်ဗရမ်းလမ်းနေ မသော်သော်အောင်၏ ဖခင် ဦးမျိုးမင်းသော်(ခ)ဦးအောင်ကျော်ဦး ၁၄/ဟသတ(နိုင်)၀၃၅၁၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက (မှတ်တိုင်) GRADE-10 (A) မှ မနှင်းဝေဦး ၏ ဖခင်အမည်မှန်မှာ ဦးဆန်တန် ဖြစ်ပါကြောင်း။

**ဦးဆန်တန်**
**၅/ဒပယ(နိုင်)၁၂၇၆၅၃**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်း ခရိုင်၊ ပေါင်းတည်မြို့နယ်၊ အထက(မှတ်တိုင်)GRADE -6 မှ မောင်မင်းထက်ခန့် ၏ ဖခင် အမည်မှန်မှာ ဦးသန်း ဖြစ်ပါ ကြောင်း။

**ဦးသန်း**
**၇/ပတတ(နိုင်)၀၄၆၈၄၉**

## ပြောင်းလဲခေါ်ပါရန်

ဇန်းမော်မြို့နယ်၊ ရေနီကျေးရွာ နေ ဦးသူရိန်ဆန်း-ဒေါ်မာလာဝင်း တို့၏သား ၂၀၂၃-၂၀၂၄ ပညာ သင်နှစ်တွင် ဇန်းမော်မြို့ အထက (၁)GRADE-11မှ မောင်မင်း ချစ်လွန်းသူအား ယနေ့မှစ၍ မောင်မင်းသက္ကရာဇ်ဟု ပြောင်းလဲ ခေါ်ပါရန်။

**မောင်မင်းသက္ကရာဇ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/4305 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္သာတမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/39974 Honda Click 125 ယာဉ်လက်ဝယ် ရှိသူ ဦးရဲမင်းနိုင် ၇/လပတ(နိုင်) ၁၅၇၂၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 42W/53108 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဝင်း ၁၄/မအန(နိုင်)၁၄၉၅၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္သာတ)**

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ GuangDong ZhenGe Biotechnology Co.,Ltdမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Golden Byter Co.,Ltd မှ Mingalar International Trading Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | မူလဖြန့်ဖြူးသူ အမည် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ပြောင်းလဲလိုသည့် ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁။ | Myanmar Golden Byter Co.,Ltd | Aceta 5 EC | Acetamiprid 5% EC | Full | F 2023–4113 | Mingalar International Trading Co.,Ltd |
| ၂။ | | Top Killer 25% SC | Pymetrozine 25% SC | Provisional | P2020–4066 | |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Mingalar International Trading Co.,Ltd**

**(လိပ်စာ-ပန်းဆိုးတန်းလမ်းနှင့်အနော်ရထားလမ်း၊ အမှတ်(၃)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ မြန်မာ၊ ဖုန်း-၀၉-၄၀၃၇၂၃၈၅၄)**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Yingde Greatchem Chemicals Co.,Ltdမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Nicely Crop Science Co.,Ltd မှ Shwe Taung International Trading Co.,Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်-

| စဉ် | မူလဖြန့်ဖြူးသူ အမည် | ကုန်သွယ်မှု အမည် | အဆိပ်ရှိပစ္စည်း အမျိုးအစား | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် | ပြောင်းလဲလိုသည့် ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁။ | Myanmar Nicely Crop Science Co.,Ltd | Great Fome 250 SL | Fomesafen 25%SL | Provisional | P2020–4942 | Shwe Taung International Trading Co.,Ltd |
| ၂။ | | Great Azo–D 325 SC | Azoxystrobin20%+ Difenoconazole 12.5%SC | Provisional | P2020–4873 | |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Shwe Taung International Trading Co.,Ltd**

**(လိပ်စာ-ရန်ကုန်-မန္တလေးလမ်း၊ ကျွဲဆည်ကန်ကားကြီးကွင်းအတွင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေး၊မြန်မာ၊ ဖုန်း-၀၉-၄၀၃၇၂၃၈၅၄)**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည်(၂၃-လှိုင်ရှမ်းစု)၊ ဦးပိုင်အမှတ်(၃၆ᵃ)၊ ဧရိယာ ၀ ဒသမ ၄၁၃ ဧကအနက် (A) အမှတ်ပြ ဧရိယာ ၀ ဒသမ ၀၈၉ ဧကရှိမြေကို နှစ်ရှည်မြေငှားဂရန်ခွဲစိတ်သက်တမ်းတိုး အမည်ပြောင်းချထားပေးပါရန် ဦးညီညီထွန်းနှင့် ဒေါ်ဖြူရွှေရည်သိန်းတို့(၂)ဦးမှ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ လျှောက်မြေသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏(၁-က)စာရင်းတွင်အခွန်အမှုတွဲအမှတ်(v) ၂၂၀/၁၉၈၄-၁၉၈၅အရ ဒေါ်အုံးကျင် အမည်ဖြင့်နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး မူလအမည်ပေါက်သူ ဒေါ်အုံးကျင်မှ သားဖြစ်သူ ဦးဝင်းတင်အား တရားဝင်ပေးကမ်းခဲ့ပြီး ဦးဝင်းတင်ထံမှ ဒေါ်တင်မိုးခိုင်မှ တရားဝင် ဝယ်ယူပိုင်ဆိုင်လာကာ ဒေါ်တင်မိုးခိုင်ထံမှ ဦးညီညီထွန်းနှင့် ဒေါ်ဖြူရွှေရည်သိန်းတို့(၂)ဦးမှ တရားဝင်ဝယ်ယူပိုင်ဆိုင်လာပြီး ၎င်းတို့(၂)ဦးမှလျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဂရန်စာချုပ်မူရင်း တင်ပြနိုင်မှုမရှိခြင်းအပေါ် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင်ကြေညာသည့်ရက်မှ စတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၂၈)ဟုခေါ်တွင်သောပေ(၂၅ x ၅၀)ပေအကျယ်ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော(၅)ထပ်တိုက်မြေညီထပ်တွင်နေထိုင်လျက်ရှိသော ကျွန်ုပ်အမှုသည် ဒေါ်သန္တာကျော် ၁၂/သဃက(နိုင်)၁၄၁၆၉၃ နှင့် ဦးညီညီနိုင် ၁၂/မရက(နိုင်) ၀၀၃၁၆၃ တို့သည် ၁၅-၆-၂၀၀၂ တွင် အကြင်လင်မယားအဖြစ်ပေါင်းသင်း နေထိုင်လာခဲ့ကြပြီး သမီးနှစ်ဦး ထွန်းကားခဲ့ပါသည်။ နှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်း များအဖြစ် (၁) ယာဉ်အမှတ် (6Q–4572)Ertiga Suzuki အမျိုးအစား (အနက်ရောင်)ယာဉ်တစ်စီး၊ (၂)အမှတ်(၃၇၃)၊ စက်မှုလမ်း၊ ရွှေပြည်သာမြို့နယ်၊ ပေ(၄၀ x ၆၀)ဂရန်မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော"မင်းသမီးသစ်"ဟိုတယ်(၁)လုံး၊ (၃)အမှတ်(၄)၊ ပဒုမ္မာလမ်း၊ (၄)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ပေ(၆၀ x ၆၀)ပါမစ်မြေကွက်(၁)ကွက်၊ (၄)လှိုင်သာယာမြို့နယ်၊ တက်သစ်တွင်တည်ရှိသော ဥယျာဉ်ခြံမြေ ပေ (၄၀ x ၆၀) အကျယ်အဝန်းရှိသော မြေကွက်(၁)ကွက်၊ (၅) ယောက္ခမဖြစ်သူ ဒေါ်ထွေးကြည် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၂၈)၊ ပေ(၂၅ x ၅၀) အကျယ်ရှိ မြေပေါ်တွင် ကျွန်ုပ်အမှုသည်နှစ်ဦးပိုင်ငွေဖြင့် ဆောက်လုပ်ထားသော (၅)ထပ်တိုက် မြေညီထပ်အပါအဝင်တိုက်ခန်းများအားလုံးသည် လင်မယားနှစ်ဦးပိုင် လက်ထပ်ပွားပစ္စည်းများဖြစ်ကြပြီး ကျွန်ုပ်အမှုသည် ဒေါ်သန္တာကျော်၏သဘောတူညီချက်မပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ ပေါင်နှံ၊ ရောင်းချ၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းမပြုလုပ်ကြရန် ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဇင်ဦး အထက်တန်းရှေ့နေ(စဉ်-၅၁၃၉၄)**

**ဒေါ်သီရိကိုကို အထက်တန်းရှေ့နေ (စဉ်-၅၃၅၆၀)**
**ဒေါ်ဝါဝါဝင်းသူ အထက်တန်းရှေ့နေ (စဉ်-၅၅၀၁၉)**

**အမှတ်(၂၉၁)၊ ရာဇဓိရာဇ်လမ်း၊ ၅/၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၀၀၈၉၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်း(A)၊ တိုက်အမှတ် (A–5)၊ အခန်းအမှတ် (319)၊ Type(C) ၊ Area ( 622)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံ ကတိပြုသူ ဒေါ်လွင်မာဌေး ၁၂/ပဘတ(နိုင်)၀၃၁၇၆၅ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဖုန်းမြင့်ကြည်**
**၉/မကန(နိုင်)၀၀၃၄၂၂**
**ဖုန်း-၀၉-၇၈၇၉၀၉၀၈၇**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ခွဲ)ကင်မွန်းချောင်း (မ)ကျောင်းမှ စာရေး(၁)စောနယ်လ်စင် ၁၄/မအန(နိုင်)၁၇၅၅၆၃ ၏ ဖခင်အမည်မှန်မှာ ဦးအာဆား(ခ) စောအာစားသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအာဆား(ခ)စောအာစား**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အမက-၂၇ ကျောင်းမှ မူအုပ်ဆရာမ ဒေါ်ချိုချိုဦး ၁၄/ဟသတ (နိုင်)၀၂၂၅၃၀ ၏ ဖခင်အမည်မှန်မှာ ဦးသန်း(ခ) ဦးမောင်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသန်း(ခ)ဦးမောင်သန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/9931 Faw CA1020K3E4 ယာဉ်လက်ဝယ်ရှိသူ စောမင်းမင် ၁၄/ညတန(နိုင်)၀၉၉၂၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/5383 Honda Wave100 ယာဉ်လက်ဝယ်ရှိသူ နော်သွဲ့လေး ၁၄/မအပ(နိုင်)၂၃၆၃၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

## အမည်မှန်

ဟသ်ာတမြို့နယ်၊ အမက-မရမ်းလေးကျောင်းမှ ဒု-မူလတန်းပြဆရာမ ဒေါ်အေးဆုပိုင်ထွန်း(ခ) ဒေါ်အေးစုပိုင်ထွန်း ၁၄/ဟသတ(နိုင်)၂၂၈၆၂၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်အေးဆုပိုင်ထွန်း(ခ)**
**ဒေါ်အေးစုပိုင်ထွန်း**

## အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက-၄ ကျောင်းမှ အထက်တန်းပြ ဆရာမ ဒေါ်စုစုထက်(ခ) ဒေါ်ဆွေစုစုထက် ၁၃/တခလ(နိုင်)၀၃၄၈၁၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်စုစုထက်(ခ)ဒေါ်ဆွေစုစုထက်**

## အမည်မှန်

ဟသ်ာတမြို့နယ်၊ အမက-အင်းဖျားကျောင်းမှ မူအုပ်ဆရာမ ဒေါ်ရင်ရင်နွဲ့(ခ) ဒေါ်ယဉ်ယဉ်နွဲ့ ၁၄/ဟသတ(နိုင်)၁၁၄၂၉၃ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ရင်ရင်နွဲ့(ခ)ဒေါ်ယဉ်ယဉ်နွဲ့**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အလက(ခွဲ)မ-(၂) ကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်သန်းသန်းဆင့် ၁၄/ဟသတ(နိုင်)၀၃၀၅၁၉ ၏ ဖခင်အမည်မှန်မှာ ဦးတိုး(ခ)ဦးမောင်တိုး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတိုး(ခ)ဦးမောင်တိုး**

## အမည်မှန်

ဟသ်ာတမြို့နယ်၊အထက(ခွဲ)ကင်မွန်းချောင်း(မ)ကျောင်းမှ ဒုအလယ်တန်းပြ ဆရာမ ဒေါ်သဲဇူလိုင်(ခ)ဒေါ်သဲဇူလှိုင် ၁၄/ဟသတ (နိုင်)၂၆၆၉၂၃ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သဲဇူလိုင်(ခ)ဒေါ်သဲဇူလှိုင်**

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အမက-မော်သေး(ဘု)ကျောင်းမှ မူပြဆရာမ နော်ခင်ရွှေ ၁၄/ဟသတ(နိုင်)၁၇၂၃၉၉ ၏ ဖခင်အမည်မှန်မှာ စောလူတုတ်(ခ) ဦးလူတုတ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**စောလူတုတ်(ခ)ဦးလူတုတ်**

## အမည်ပြောင်း

တောင်ဥက္ကလာပမြို့နယ်၊ ၆ရပ်ကွက်၊ ဝေဇယန္တာလမ်းနေ ဦးဝင်းမောင် ၉/မခန(နိုင်)၁၁၉၇၄၇ ၏သား MISY ကျောင်း year(7)မှ မောင်ဝေယံဖြိုးမောင်အား မောင်ပြည့်ဖြိုးမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ပြည့်ဖြိုးမောင်**
**၁၂/ဥကတ(နိုင်)၂၁၉၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/31419 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်သက်ပိုင် ၁၄/ကလန(နိုင်)၁၈၃၃၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/38330 HAOJUE 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ဝင်း ၁၄/မအပ(နိုင်)၂၁၈၅၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/ 43187 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မွန်ရွှေ ၁၄/မအပ(နိုင်)၂၁၉၃၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင် လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)မအူပင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ဃ/၆၈၄၅၁ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဖြိုးအောင် ၉/မပမ(နိုင်) ၀၄၁၈၈၈ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ ၁နှင့်၅)
## ရေဦးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅

ဦးမင်းအောင် နှင့် ဒေါ်ခက်ခက်ခိုင်
**တရားလို** **တရားပြိုင်**

ရေဦးခရိုင်၊ ဘုတလင်မြို့၊ ဗန္ဓုလရပ်ကွက်နေ ဒေါ်ခက်ခက်ခိုင် သိစေရမည်။

သင့်အပေါ်၌ ဦးမင်းအောင်က ချေးငွေ ၂၆၅၀၀၀၀၀ ကျပ်ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သောင်းထွန်း)**
**ခရိုင်တရားသူကြီး**
**ရေဦးခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ကျောက်မြောင်း/အထက်ရပ်ကွက်၊ ကျောက်မြောင်းလမ်း ၊ အမှတ်(၆၇) ဟုခေါ်တွင်သော (နှစ်) ခန်းတွဲ (ရှစ်)ထပ်တိုက်၏ ၇-လွှာ(တိုက်ရှေ့ မျက်နှာမူလျှင် ယာဘက်)၊ အကျယ်အဝန်း ပေ (၁၅ x ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့် တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူထားပြီး လက်ရှိ လက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်သီသီအောင် ၁၂/တမန(နိုင်)၁၀၄၉၃၃ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဌေးဌေးမိုး ၁၁/ပဏတ(နိုင်)၀၆၈၈၆၉ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)၊ အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)ဗိုလ်ရင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိရှိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၄၇ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်(၃)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံ၏ ခေါင်းရင်းဘက်ခြမ်းရှိ ၃လွှာ(ဒုတိယထပ်)၊ အကျယ်အဝန်း ပေ(၁၂ x ၃၅)ခန့်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်အစပ်နှင့် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင်ပြုလုပ်ချုပ်ဆိုသည့် တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ် သဘောတူကတိစာချုပ်အရ ဒေါ်ဇာခြည်ဌေး ၁၂/မဂတ(နိုင်)၁၀၉၂၂၇ မှ တရားဝင်လက်ဝယ်ရရှိပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စိုးယုကျော် ၁၁/တကန(နိုင်)၀၇၀၅၂၀ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ တရားဝင်စာရွက်စာတမ်းမူရင်း၊ အထောက်အထားခိုင်လုံစွာယူဆောင်ပြီး ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝသန်စည်သူ(LL.B, D.I.L,D.B.L)** **ဒေါ်မြသွယ်ချမ်း(LL.B, D.B.L)**
**အထက်တန်းရှေ့နေ(၅၃၀၀၃)** **အထက်တန်းရှေ့နေ(၅၅၆၆၈)**
**အမှတ်(၄၈/ဘီ)၊ တတိယထပ်၊ မလွှကုန်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၀၁၀၀၆၊ ၀၉-၄၀၀၂၅၈၈၄၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/12105 Canda 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/2806 Faw Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ISB Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/75264 Honda C90 Custom CMP ယာဉ်လက်ဝယ်ရှိသူ ဦးဘုတ်ကြီး ၉/မနမ(နိုင်)၁၁၉၇၆၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/11031 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 40W/53244 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖွန့်နွယ်ခိုင် ၇/တဇန(နိုင်)၁၀၇၅၄၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/6383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/86271 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြတ်နိုးဦး ၉/ခအဇ(နိုင်)၀၃၉၀၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 50W/20421 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စန်းဦး ၉/ခမစ(နိုင်)၀၁၆၄၂၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6507 SKAT SOWAR Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ San Chain Trading Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7K/4377 MITSUBISHI MINI CAB LG/T PICKUP(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသိန်းထွန်း ၉/ခအဇ(နိုင်)၀၁၂၀၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/31995 Honda Scoopyi 110 ယာဉ်လက်ဝယ်ရှိသူ Osho Family Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/48028 Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ Hla Taw Thar Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၂က/မကျီးတန်း အရှေ့ကွင်း၊ ဦးပိုင်အမှတ်(၂၁၈)၊ မြေရိယာ(၀.၀၅၅)ဧကရှိ မြေကွက်မှာ မူလပိုင်ရှင် ဒေါ်ထွန်းမေ (BX-009898) အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ မူလပိုင်ရှင် ဒေါ်ထွန်းမေထံမှ ဒေါ်ညိုနွဲ့ ၈/ပခက(နိုင်)၀၄၈၃၈၈ သည် ၈-၁-၁၉၈၇ ရက်တွင် "နှစ်ဦးသဘောတူပိုင်းမြေစာချုပ်ဖြင့် အရောင်းအဝယ် ပြုလုပ်၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် ဒေါ်ညိုနွဲ့ထံမှ ဦးခင်မောင်လွင်၏ သမီးဖြစ်သူ ဒေါ်ထိုက်ထိုက်လွင် ၈/ပခက(နိုင်)၂၀၁၉၁၈ သည် ၁၅-၃-၂၀၁၅ ရက်၌ နှစ်ဦးသဘောတူ အိမ်ဝိုင်းမြေအရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ်လက်ရှိနေထိုင် အကျိုးခံစားလျက်ရှိသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ယင်းမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေ ဦးခင်မောင်လွင်၏ သမီးဖြစ်သူ ဒေါ်ထိုက်ထိုက်လွင် ၈/ပခက(နိုင်)၂၀၁၉၁၈ အမည်ဖြင့် မြေငှားဂရန် အမည်ပေါက် လျှောက်ထားနိုင်ရန်အတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ မြေပုံ၊ မြေရာဇဝင် ကူးယူခွင့်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်သဖြင့် အဆိုပါ ဒေါ်ထွန်းမေ (BX-009898) အမည်ဖြင့် ရရှိထားသည့် မြေကွက်အဆောက်အအုံစာရွက်စာတမ်း အထောက်များနှင့်ပတ်သက်၍ သက်ဆိုင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း သက်ဆိုင်ရာခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ယခင်မြို့နယ် မြေစာရင်းဦးစီးဌာန)တို့၌ တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းများမရှိပါက ဦးခင်မောင်လွင်၏ သမီးဖြစ်သူ ဒေါ်ထိုက်ထိုက်လွင် ၈/ပခက(နိုင်)၂၀၁၉၁၈ အမည်ဖြင့် မြေယာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေပုံ၊ မြေရာဇဝင်ကူးယူရရှိရေး မြေငှားဂရန် အမည်ပေါက်ရရှိရေးတို့ကို ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထိုက်ထိုက်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာအေး (LL.B)** | **ဦးဖြိုးဝေအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(၁၂၃၂၉/၂၀၁၇)** | **(၁၂၃၄၆/၂၀၁၇)** |
| **မြို့ပတ်လမ်း၊ အမှတ်(၅) ရပ်ကွက်** | **မြို့ပတ်လမ်း၊ အမှတ်(၅) ရပ်ကွက်၊** |
| **ပခုက္ကူမြို့။** | **ပခုက္ကူမြို့။** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြင်းခြံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၄

| | | |
|---|---|---|
| CB BANK PCL | နှင့် | ဦးစောမြမင်း |
| (မြင်းခြံဘဏ်ခွဲ၊မြင်းခြံမြို့) | | |
| **(တရားလို)** | | **(တရားပြိုင်)** |

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ အမှတ်(၃၄-ခ) ဦးစောမြမင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလို CB BANK PCLက ဘဏ်အပေါင် ချေးငွေ အရင်း+အတိုး စုစုပေါင်းငွေကျပ်(၆၂၄၆၁၅၇၇၅၃ကျပ်၉၄ပြား)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင့်တင့်ဋ္ဌေး)**
**ခရိုင်တရားသူကြီး**
**မြင်းခြံခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

KM Terminal and Logistics Ltd (မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်း) တွင် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်မှစ၍ Sales and Marketing Executive ရာထူးဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့သော ဦးမျိုးဝင်းထွန်း(ဘ) ဦးမောင်နှောင်း ၁၃/ကလန(နိုင်)၀၈၅၀၆၃ သည် KM Terminal and Logistics Ltd မှ ကုန်စည်ပို့ဆောင်ခငွေကြေးများကို ကုမ္ပဏီနာမည် အသုံးပြု၍ အခြားသူများထံမှ လိမ်လည် ရယူသွားကြောင်း စုံစမ်းသိရှိရပါသည်။ သို့ဖြစ်ပါ၍ ကုမ္ပဏီစည်းမျဉ်းစည်းကမ်း အရ ဦးမျိုးဝင်းထွန်းအား ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်မှစ၍ တရားဝင် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ပြီး အမှုဖွင့်တရားစွဲဆိုလျက်ရှိပါသည်။ ဦးမျိုးဝင်းထွန်းသည် ၎င်းရက်နေ့မှစ၍ KM Terminal and Logistics Ltd မှ ဝန်ထမ်း မဟုတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား ကုမ္ပဏီမှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**KM Terminal and Logistics Ltd**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 11U/9366 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11U/9366 Bajaj 200 3Wheel Vehicle ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကြွယ် ၉/မရတ(နိုင်)၁၂၇၉၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 79W/16476 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူစင်ဝင်း ၉/ကဆန(နိုင်)၁၂၁၃၉၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/99727 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/81742 Aclixin 110 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂၇

| | | |
|---|---|---|
| ဦးခင်မောင်ထွေး | နှင့် | ၁။ ဒေါ်ခင်မျိုးထွန်း |
| | | ၂။ ဦးသက်ဆွေလင်း |
| | | ၃။ ဦးမျိုးမင်းထွန်း |
| တရားလို | | တရားပြိုင်များ |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဘီ-၂၀)နေ အဖ (၁) ဒေါ်ခင်မျိုးထွန်း (၂) ဦးသက်ဆွေလင်းနှင့် (၃) ဦးမျိုးမင်းထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးခင်မောင်ထွေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဂျီ)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ ၀ ဒသမ ၀၆၂၀ အကျယ်အဝန်းရှိ ဒေါ်နီနီဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဂျီ)၊ ဦးပိုင်အမှတ်(၇၂)၊ ဧရိယာ ၀ ဒသမ ၀၆၂၀ အကျယ်အဝန်းရှိ ဒေါ်ခင်ဆွေမြင့် အမည်ပေါက် ဂရန်မြေကွက် ရောင်းဝယ်မှုအား ပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်)မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲလင်းအောင်)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ်(သုဝဏ္ဏ)၊မြေကွက်အမှတ်($\frac{၁/B}{7}$)၊ အကျယ်အဝန်း(အလျား $\frac{84'.6"}{86'.6"}$x အနံ $\frac{108'6"}{119'.6"}$)၊ ဧရိယာ ၀ ဒသမ ၂၂၁ ဧက၊ (၉၆၃၃)စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်အား ဒေါ်အေးအေးမိန်(ဘ) ဦးပါယာ (ခ) ယော်ဖာရန် ၉/မရမ(နိုင်)၀၉၁၉၉၅ က ရန်ကုန်မြို့တော်စည်ပင် မြေစီမံခန့်ခွဲမှုဌာနနှင့် ရန်ကုန်မြို့တော် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေအမည်ပြောင်းခြင်း၊ ဂရန်ခွဲခြင်း၊ မြေပုံ လျှောက်ထားခြင်း အစရှိသော ရုံးကိစ္စအဝဝ ဆောင်ရွက်ရန်အတွက် ဒေါ်အိမ့်ဖြူနိုင် (ဘ)ဦးဋ္ဌေးနိုင် ၁၂/ဒဂရ(နိုင်)၀၀၄၁၂၇ သို့ ၉-၆-၂၀၂၂ ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၅၅၃/၂၀၂၂)ကို လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ အထက်ပါ မြေကွက်နှင့် ပတ်သက်၍ ရုံးကိစ္စများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသဖြင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၉၅၅၃/၂၀၂၂)ကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။

အထက်ပါ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမိန်၏ လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးအောင်ကိုကိုဦး(ဥပဒေဘွဲ့)** | **စဉ်- ၉၉၆၂/ ၂၇-၅-၂၀၁၄** |
| **ဦးငြိမ်းချမ်းအောင်(ဥပဒေဘွဲ့)** | **စဉ်- ၁၄၅၆၃/၁၄-၆-၂၀၁၈** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (A-5)၊ ၃၁လမ်း၊ လမ်း ၇၀နှင့် ၇၁လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၉၄၀၇၀၀၀၀၈၊ ၀၉-၉၄၀၇၀၀၀၀၉၊**
**၀၉-၉၄၀၈၀၀၀၀၈၊၀၉-၉၄၀၈၀၀၀၀၉၊ Viber ၀၉-၉၄၀၀၃၈၀၀၀**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/1690 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၂၉၉၀ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၉၂၀၆ Yamaha TTX110 ယာဉ်လက်ဝယ်ရှိသူ Sein Shwe Yaung Pyae Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၂၅၉၀ Zong Shen 110 ယာဉ်လက်ဝယ်ရှိသူ San Chaia Trading Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ အကွက်အမှတ်(၄/က)၊ အကွက်အမည် မိုးဇာကွင်း၊ ဦးပိုင်အမှတ်(၁၂၇/က-၁)၊ ဧရိယာ ၀ ဒသမ ၀၂၅ ဧက၊ ဦးပိုင်အမှတ် (၁၂၈/၁)၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧက၊ စုစုပေါင်း ဧရိယာ ၀ ဒသမ ၀၆၄ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်–

(က) အရှေ့လားသော် – ဦးပိုင်အမှတ်–၁၂၇/က–၂၊၁၂၈/၂
(ခ) အနောက်လားသော် – ဦးပိုင်အမှတ်–၁၂၆/ခ၊၁၂၇/ခ
(ဂ) တောင်လားသော် – လမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်–၁၂၅၊၁၂၆/က

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်စိုးစိုးဝေမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက် ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

## ဘိုးဘပိုင်/မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် ဆင်များရှင်ကွင်း၊ ဦးပိုင်အမှတ်(၂/က-၂)၊ ဧရိယာ ၀ ဒသမ ၇၇၃ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် –

(က) အရှေ့လားသော် – ဦးပိုင်အမှတ်–၂/က–၇
(ခ) အနောက်လားသော် – လမ်း
(ဂ) တောင်လားသော် – ဦးပိုင်အမှတ်–၂/က–၅
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ်–၂/က–၁

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်လှလှခိုင်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ် (ခခ-၄၉/၆)နေ ဦးသက်နိုင်ဆွေ (ဘ) ဦးရဲမြင့် ၉/မခန(နိုင်)၁၅၁၈၁၅ နှင့် ဒေါ်ခင်ချိုဦး(ဘ)ဦးထွန်းသောင်း ၅/ငဇန(နိုင်) ၀၅၅၁၈၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ခခ-၄၉)၊ ဦးပိုင်အမှတ်(၆၉) ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ(၃၀ x ၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံ အကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးသောင်း(ဘ)ဦးတင်လင်း ၉/မနတ(နိုင်)၀၂၅၁၅၁ ထံမှ ကျွန်ုပ်မိတ်ဆွေများက ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်က အရောင်းအဝယ်အရပ်ကတိစာချုပ်၊ နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့်တရားဝင်ဝယ်ယူ၍လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လာခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်ပါသည်။

အထက်ပါ အဆိုပါမြေကွက်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း မူရင်းများနှင့်အတူ လာရောက် ကန့်ကွက်နိုင်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ–** | **လွှဲအပ်ညွှန်ကြားချက်အရ –** |
| **ဦးသက်နိုင်ဆွေ** | **ဒေါ်ချောစုသန်း(LL.B)** |
| **ဒေါ်ခင်ချိုဦး** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၉၉)** |
| | **အကွက် (၁၆)၊ ဒေါနဘွားရပ်ကွက်၊ နန်းရှေ့၊** |
| | **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း–၀၉–၄၀၂၅၂၈၈၉၃** |

## အများသိစေရန် ကြေညာခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ ခေတ်အေးကျေးရွာအုပ်စု၊ ခေတ်အေးကျေးရွာ၊ ကွင်းအမှတ်(၁၅၄၀)၊ လယ်တန်းရှည်ကွင်း၊ ဦးပိုင်အမှတ်(၇/၅)ရှိ မြေဧရိယာ ၀ ဒသမ ၇၂ ဧကအား ဥတ္တရခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (၂/၂၀၁၈-၂၀၁၉) အရ ဦးစံထွန်း (ဘ )ဦးသောင်းဖေ ၅/ဆလက(နိုင်)၀၀၆၁၄၀ အမည်ဖြင့် ၃-၁၀-၂၀၁၈ ရက်မှ ၃-၁၀-၂၀၄၈ ရက်အထိ နှစ်(၃၀) စက်မှု/စီးပွားမြေငှားဂရန် ခွင့်ပြုချထားပေးခဲ့မှုအပေါ် အဆိုပါစက်မှု/စီးပွားမြေငှားဂရန်အား ဦးညဏ်ထွန်း (ဘ) ဦးသောင်းဖေ ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ မှ ၅-၁၂-၂၀၂၃ ရက်တွင် နေပြည်တော် စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင်စာချုပ်အမှတ် (I-၁၃၇၈/ ၂၀၂၃)ဖြင့် မှတ်ပုံတင်ပြီးအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူခဲ့ပြီးဖြစ်ပါ၍ မူလစက်မှု/စီးပွားမြေငှားဂရန် ပိုင်ရှင် ဦးစံထွန်းအမည်မှ ဦးညဏ်ထွန်း အမည်သို့ စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းလဲခွင့်ပြုပေးနိုင်ပါရန် ဦးညဏ်ထွန်း (ဘ) ဦးသောင်းဖေ ၁၂/ဒဂန(နိုင်)၀၁၀၉၇၄ မှ လျှောက်ထားလာမှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ပုဗ္ဗသီရိမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်းနှင့် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်လာမှုမရှိပါက မြေယာစီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဇေယျာသီရိခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပုဗ္ဗသီရိမြို့**

## သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၉)ရပ်ကွက်၊ တန်ဆောင်တိုင်လမ်းနေ (ဦးမြတ်သူ) နှင့် ဒေါ်နှင်းယုမွန် ၈/ပခက(နိုင်)၂၀၄၈၂၀ တို့၏ သမီးဖြစ်သူ မရှင်မိုးအိမ့် ၈/ပခက(နိုင်)၂၆၈၀၆၁ သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ခြင်းများ ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မိခင် – ဒေါ်နှင်းယုမွန် ၈/ပခက (နိုင်)၂၀၄၈၂၀**
**တန်ဆောင်တိုင်လမ်း၊ အမှတ် (၉)ရပ်ကွက်၊ ပခုက္ကူမြို့။**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်းအတွက် ကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Xuzhou Fengwei Chemical Factory မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်း မူလဖြန့်ဖြူးသည့် Friends Helper Co., Ltd မှ Mingalar International Trading Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူး ရောင်းချမည် ဖြစ်ပါသည်–

| စဉ် | မူလဖြန့်ဖြူးသူအမည် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် | ပြောင်းလဲလိုသည့်ဖြန့်ဖြူးသူအမည် |
|---|---|---|---|---|---|---|
| ၁ | Friends Helper Co., Ltd | Pyaing San Sharr 75 WP | Chlorothalonil 75% WP | Provisional | P2020–4846 | Mingalar International Trading Co., Ltd |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ် ရေး ဌာနခွဲ ၊ အနောက်ကြို့ကုန်း ၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့် ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Mingalar International Trading Co., Ltd**
**(လိပ်စာ – ပန်းဆိုးတန်းလမ်း နှင့် အနော်ရထာလမ်း ၊ အမှတ် (၃) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန် ၊**
**ဖုန်း – ၀၉–၄၀၃၇၂၃၈၅၄)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

၁။ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ဇော်ဂျီ(၁)လမ်း၊ မြေကွက်အမှတ်(၆၃၉)၊ ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း (၆၀ x ၆၀)ပေ မြေကွက်သည် နေပြည်တော် စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးထင်ကျော်သူ(ဘ) ဦးမြင့်သိန်း၉/ ပမန(နိုင်)၁၃၇၈၉၃ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ မူလပိုင်ရှင် ဦးထင်ကျော်သူထံမှ ဒေါ်မလေး ၉/ပမန(နိုင်)၁၁၀၃၇၈ ကလည်းကောင်း၊ ဒေါ်မလေးထံမှ ဒေါ်သူဇာ ၉/ညဥန(နိုင်)၁၇၀၇၃၉ ကလည်းကောင်း၊ ဒေါ်သူဇာထံမှ ဒေါ်မြတ်မြတ်မွန် ၉/ ပဘန(နိုင်)၁၄၃၄၆၉ မှ လည်းကောင်း အဆင့်ဆင့် ဝယ်ယူထားခဲ့ကြပါသည်။

၂။ ယခုအခါ ဒေါ်မြတ်မြတ်မွန် (ဘ)ဦးသောင်း၉/ပဘန(နိုင်)၁၄၃၄၆၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ငြိမ်းဖြိုး (ဘ) ဦးတင်စိုး ၉/ပဥလ(နိုင်)၀၀၄၀၀၉ သည် ၃၀-၁၂-၂၀၂၃ ရက်တွင် အထက်ဖော်ပြပါမြေကွက် အားအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ထိုမြေကွက် အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ၍ (၅)ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်မို့မို့စိန် (LL.B) (စဉ်–၉၃၀၉/၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၀၈)၊ ပိတောက်လမ်း၊ ပြည်စံအောင်ရပ်ကွက်၊ ဇေယျာသီရိမြို့နယ်၊**
**နေပြည်တော်။ ဖုန်း– ၀၉ –၄၃၀၃၅၉၉၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA–V/ကွက်ပြင်–၅) ဦးပိုင်အမှတ်(၂–ဠ/100–K) မြေဧရိယာ ၀ ဒသမ ၂၁ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်ရွှေ ၁၂/ပဘတ (ဧည့်)၀၀၀၃၃၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းမြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA–V/ကွက်ပြင်–၅)၊ ဦးပိုင်အမှတ်(၂–ဇ/ 100–H) မြေဧရိယာ ၀ ဒသမ ၃၉ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်ရွှေ ၁၂/ပဘတ (ဧည့်)၀၀၀၃၃၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA–V/ကွက်ပြင်–၅)၊ ဦးပိုင်အမှတ်(၂–ဍ/ 100–M) မြေဧရိယာ ၀ ဒသမ ၅၄ ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်ရွှေ ၁၂/ပဘတ (ဧည့်)၀၀၀၃၃၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/6518 SUZUKI CARRY DA63T PICKUP(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိန် ၉/မတန(နိုင်)၀၂၇၉၉၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1E/7156 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၉/မတရ(နိုင်)၁၂၅၁၉၈က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပြင်ဦးလွင်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၇၂)၊ စံပယ်လမ်း၊ မြေကွက်အမှတ်(၇၂၅/က)၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိ ပါမစ်မြေကွက်သည် ဦးဟွေကျုံး ၁၂/ဒဂမ(နိုင်)၀၀၄၀၇၂ အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကိုဝယ်ယူရန်လက်ရှိပိုင်ရှင်ဒေါ်ချစ်သန်း ၁၂/ဒဂတ(နိုင်) ၀၇၆၃၃၈ အား ကျွန်ုပ်မှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေကွက်ကိုတရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အောင်စိုးလွင်**
**၁၂/ဥကတ(နိုင်)၀၀၆၅၄၄**
**ဖုန်း–၀၉–၅၀၆၅၂၉၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဉာဏသိဒ္ဓိရပ်ကွက်နေ ကျွန်တော် မောင်မင်းသန့်ကျော် ၉/ဇဗသ(နိုင်) ၀၀၃၃၉၄ ၏ဖခင် ဦးကျော်ကျော်(ခ) ဦးခင်မောင်ထွေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်(ခ)ဦးခင်မောင်ထွေး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၁၂-၂၀၂၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၆) ငြင်းချက်ထုတ်ရန်ဆင့်စာ အင်းစိန်မြို့နယ်တရားရုံးတော်ကြော်ငြာတွင် (တရားမကျင့်ထုံး ဥပဒေအမိန့်-၁၊ နည်းဥပဒေ ၁နှင့်၅)အစား (တရားမကျင့်ထုံး ဥပဒေအမိန့်၅၊ နည်းဥပဒေ ၁နှင့်၅ ) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/72918 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်းလှိုင် ၇/ရတရ(နိုင်)၁၁၅၆၉၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/79061 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းမိုး ၉/အမဇ(နိုင်) ၀၂၀၅၀၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးအောင်သူရ(ဘ)ဦးကျော်ကျော်ဦး ၁၂/ဒဂမ(နိုင်) ၀၃၁၂၄၉ နှင့် ဒေါ်မြင့်သူဝင်း(ဘ)ဦးဝင်းတင့် ၁၂/ရကန(နိုင်)၀၇၇၄၁၀ တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့် နှစ်ဖက်သက်သေများရှေ့မှောက် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ၅-၁- ၂၀၂၄ ရက်တွင် ပြုလုပ်ချုပ်ဆို ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ယနေ့မှစ၍ ကျွန်ုပ်၏ အမှုသည် ဦးအောင်သူရနှင့် ဒေါ်မြင့်သူဝင်းတို့သည် လင်ခန်းမယားခန်း ပြတ်စဲပြီးဖြစ်၍ ဒေါ်မြင့်သူဝင်းမှ ကျွန်ုပ်အမှုသည်အပေါ် လိုက်လံနှောင့်ယှက်ခြင်း၊ အခွင့်အရေး တစ်စုံတစ်ရာတောင်းဆိုခြင်းများမပြုလုပ်ရန် လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဇင်ဇင်ဦး**
**အထက်တန်းရှေ့နေ(စဉ်– ၅၁၃၉၄)**

| | |
|---|---|
| **ဒေါ်သီရိကိုကို** | **ဒေါ်ဝါဝါဝင်းသူ** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၅၃၅၆၀)** | **(စဉ်–၅၅၀၁၉)** |

**အမှတ် ၂၉၁၊ ရာဇဓိရာဇ်လမ်း၊ ၅/၇ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၄၀၀၈၉၆၃၀၉**

## ပတ်စ်ပို့ပျောက်

ရေဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ တောင်ဘို့ကြီး ကျေးရွာနေ (ဘ) ဦးမိုးကျော် ၏သား စောလင်းဘတ် ၁၄/ကလန(နိုင်) ၁၂၁၁၆၅၏ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့–MA–437193 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကဆက်သွယ်ပေးပါရန် အကြောင်းကြားပါသည်။

**ဖုန်း–၀၉–၇၇၉၈၇၅၁၄၈**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ ကတွင်းခြံကျေးရွာနေ (ဘ) ဦးဝကြီး၏သား ကျွန်တော် မောင်ကျော်ဇောထက် ၇/ပခန(နိုင်)၅၂၆၃၂၉ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၂၈၁၀၃၀၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်း၊ သူရ တပ်ခွဲမှ ဘုန်းမြတ်သာ၏ ဖခင်ဖြစ်သူ ဦးအေးချို(ခ)ဦးမောင်ချိုသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်း၊ သူရတပ်ခွဲမှ ဖိုးလပြည့်၏ ဖခင်ဖြစ်သူ ဦးဘိုးကျန်(ခ) မောင်ဖိုးကျန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

အမှတ်(၃)ရဲလေ့ကျင့်ရေးကျောင်း၊ သူရ တပ်ခွဲမှ မျိုးဇော်ထွန်း၏ ဖခင်ဖြစ်သူ ဦးပြား(ခ)ဦးတင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အမက (နောင်ဝယ်)ကျောင်းမှ လ/ထ မူပြ ဒေါ်နန်းကလျာစိုး၏ဖခင် ဦးအာလောကနှင့် ဦးဝင်းကြည် ၁၃/ဟပန(နိုင်)၀၀၉၄၀၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အမက(နောင်ဝယ်) ကျောင်းမှဒုမူပြ ဒေါ်မြမြသွေး၏ ဖခင် ဦးချစ် နှင့် ဦးချစ်မွေး ၉/သစန(နိုင်)၀၅၃၆၇၁ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်၊ ရပ်သာကျေးရွာအုပ်စု၊ ရပ်သာကျေးရွာနေ (ဘ) ဦးခင်မောင်၏သား ဦးဝင်းဇော်(ခ)ဦးဝင်းဇော်ဦး ၈/ရစက (နိုင်)၁၈၁၅၄၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးဝင်းဇော် (ခ)ဦးဝင်းဇော်ဦး**

## မွေးသက္ကရာဇ်အမှန်

ရလက(၃)စည်သူ တပ်ခွဲမှ (ဘ) ဦးကျော်ဝင်း၏သား ကိုပြည့်သောင်း ၉/မလန(နိုင်)၁၇၈၇၈၉ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၁-၁၉၉၉ဖြစ်ပါကြောင်း။

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)
### ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်းဖြစ်သူ ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃-၁-၂၀၂၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး၊ ငြိမ်း)**
**ဇနီး ဒေါ်အေးအေးထွန်း**

---

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်
### အသက်(၈၆)နှစ်

(ဦးစံသိန်း-ဒေါ်တင်မေ)တို့၏သမီး၊ (ဦးထွန်းရီ) ၏ဇနီး၊ ဒေါက်တာမျိုးဦး(Cambodia University of Technology and Science)-ဒေါ်ငြိမ်ငြိမ်စိုး တို့၏မွေးသမိခင်၊ ကိုဟန်နီဦး-မခင်မြတ်နိုး တို့၏အဘွားသည် ၅-၁-၂၀၂၄ရက်(သောကြာနေ့) နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် လှိုင်သာယာ၊ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပြီး ၁၁-၁-၂၀၂၄ရက်(ကြာသပတေးနေ့)တွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အိမ်အမှတ်(၂၂)နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ကျန်ရစ်သူမိသားစုမှ ညိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်လွင်
### (Director ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)
### အသက်(၈၁)နှစ်

မြိတ်မြို့၊ တလိုင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၈) နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဝင်ဒါမီယာ၊ အောင်မင်းခေါင် (၂)လမ်း၊ အိမ်အမှတ် (၃၇)နေ ဒေါ်တင်တင်ယု၏ ခင်ပွန်းဖြစ်သူ ဦးမြင့်လွင်သည် ၅-၁-၂၀၂၄ ရက် နံနက် ၆:၅၀နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါသည်။

**ဂမုန်းပွင့်ကုမ္ပဏီလီမိတက်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း
### အသက်(၇၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ ရွှေကန်သာလမ်းနေ ဒေါ်သန်းနု ၏ချစ်လှစွာသော(ခင်ပွန်း)၊ ဦးဇင်မင်းဦး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ တာချီလိတ်ခရိုင်ရုံး၏ ချစ်လှစွာသော(ဖခင်) ဦးစိန်ဝင်းသည် ၅-၁-၂၀၂၄ရက် (သောကြာနေ့) နံနက်၂နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်
အရာထမ်း/အမှုထမ်းများ
လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးကို(မြေယာအကြံပေး)
### အသက်(၇၁)နှစ်

မြေယာမဏ္ဍိုင်အဖွဲ့၏ မြေယာအကြံပေး ဦးအေးကိုသည် ၄-၁-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) ညနေ၃:၃၀နာရီတွင် ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြေယာမဏ္ဍိုင်အဖွဲ့သူ/သားများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ကြည်း ၉၆၉၈၊ ဗိုလ်ချုပ်ကက်စိန် (ငြိမ်း)၊ (OTS-29)
### တိုင်းမှူး(ငြိမ်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)
### ကျန်းမာရေးဝန်ကြီး(ငြိမ်း)
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ယဉ်ယဉ်မြင့်၏ ခင်ပွန်း ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃-၁-၂၀၂၄ ရက် နံနက် ၉:၄၀နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

OTS (29) သူငယ်ချင်းများနှင့် မိသားစုများ

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ကြည်း ၉၆၉၈ ဗိုလ်ချုပ် ကက်စိန်(ငြိမ်း)(OTS 29)
### တိုင်းမှူး(ငြိမ်း) (အရှေ့တောင်တိုင်းစစ်ဌာနချုပ်)
### ကျန်းမာရေးဝန်ကြီး(ငြိမ်း)
### အသက်(၈၃)နှစ်

ပခုက္ကူမြို့နေ(ဦးသောကြာ-ဒေါ်အေးယူ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နေ ဒေါ်ယဉ်ယဉ်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကျန်းမာရေးဝန်ကြီး(ငြိမ်း) ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)သည် ၃-၁-၂၀၂၄ရက် နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးချုပ် အောင်ထွန်း(ငြိမ်း)-ဒေါ်သန်းသန်းနွဲ့

---

## ဒေါ်မြင့်မြင့်ရီ(ပျဉ်းမနား)
### အထက(၂)ပျဉ်းမနား၊ အထက(၁)မင်္ဂလာဒုံ၊ အထက(၂)ရန်ကင်း၊ အထက(တပ်ကုန်း)
### အသက်(၉၁)နှစ်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်းနေ(ဦးအုန်းဖေ-ဒေါ်မြစိန်)တို့၏သမီး၊ (ဦးချစ်ငွေ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၏ဇနီး၊ ဦးသက်လင်း-ဒေါ်မီမီကို၊ (ဦးနိုင်လင်း)-ဒေါ်နီလာဟန်၊ ဦးကျော်ကျော်လင်း(Blominngo Co.,Ltd)တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးဖြစ်သူသည် ၅-၁-၂၀၂၄ရက်(သောကြာနေ့)မွန်းလွဲ ၂:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါသည်။ နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ခွာပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၁-၁-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီတွင် အမှတ်(၂၅၉)၊ အခန်း(၅)၊ ရန်အောင်(၆)လမ်း၊ (၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် ပရိတ်တရားတော်နာ ကြွရောက်ပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြတ်မြတ်မင်း
### ဒုဌာနမှူး(ငြိမ်း) ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အထက(၂) ကမာရွတ်(ယခင်စိန်ဩဂတ်စတင်း)ကျောင်းသူဟောင်း
### အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ A-3၊ ဒုတိယထပ်နေ (ဗိုလ်မှူးလှဖေ-ဒေါ်သန်းတင်) တို့၏သမီးကြီး၊ (ဦးမှူးအောင်၊ ဒေါ်ပြော့ကြီး) တို့၏သမီးချွေးမ၊ (ဦးလှမြင့် (လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာကုန်တိုက်)၏ ချစ်လှစွာသောဇနီး၊ (ဗိုလ်မှူးကျော်ကြီး)၊ (ဦးသိန်းထွန်း)၊ ဒေါ်မြင့်မြင့်အေး(တရုတ်တိုင်ပေ)၊ ဦးဝဏ္ဏ-ဒေါ်စိန်စိန်မြင့်၊ (ဒေါက်တာ မောင်မောင်အောင်-ဒေါ်ချိုပြုံး) တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ/တူမ ရှစ်ယောက်တို့၏ကြီးကြီး၊ မြေးနှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၅-၁-၂၀၂၄ရက် (သောကြာနေ့) နံနက် ၉:၄၀နာရီ တွင် သုခကမ္ဘာဆေးရုံတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။ အနော်ရထာအိမ်ရာနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၂၄ ရက် (ကြာသပတေးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုကောင်းထွဋ်(ခ)ဘိုဘို
### (Network Engineer)
### အသက် (၄၅)နှစ်

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ သဇင်လမ်း၊ အမှတ် ၃၂(စီ)နေ ဦးစောနိုင်-ဒေါ်နုနုရီတို့၏သား၊ ဒေါ်ထားနုဝေ (ခေတ္တစင်ကာပူ)၏မောင်၊ မောင်အောင်ကောင်း(ခေတ္တ-ဟူစတင်)၏ ဦးလေးသည် ၅-၁-၂၀၂၄ရက် နံနက် ၈:၃၀ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၂၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေးအကြောင်းကြားပါသည်။

(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်အေးချို
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်အောင်လမ်းနေ (ဦးကြွယ်သိန်း-ဒေါ်လှမြိုင်)တို့၏သမီး၊ (ဦးဘိုးငယ်-ဒေါ်ငွေခ)တို့၏ သမီးချွေးမ၊ ဦးမြမောင်(ညွှန်ကြားရေးမှူး- ငြိမ်း၊ မြေတိုင်းဦးစီးဌာန) ၏ဇနီး၊ Capt တင်မောင်ဦး - ဒေါက်တာ သင်းသင်းဆွေ ၊ ဒေါ်မြင့်မြင့်ချို(ဦးစီးအရာရှိ-ငြိမ်း၊ မြေတိုင်းဦးစီးဌာန)၊ ဒေါ်သင်းသင်းချို(အလက-၆၊ ရန်ကင်း)၊ဦးတင်မောင် လွင်-ဒေါ်လဲ့လဲ့ကြည်၊ ဦးအောင်နိုင်ဝင်း-ဒေါ်အေးသီတာ၊ ဦးတင်မောင်စိုး-ဒေါက်တာမြပွင့်ဖြူအောင်(အထူးကုဆရာဝန်၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်)သဃ်န်းကျွန်းဆေးရုံကြီး)တို့၏မိခင်၊မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်အေးချိုသည် ၄-၁-၂၀၂၄ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၄ရက် (စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

---

## ဦးမြင့်လွင်
### (ရွှေလမင်း၊ သင်္ကန်းတိုက်၊ မြိတ်မြို့)
### (Director ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)
### (ဥက္ကဋ္ဌ၊ မြိတ်ကျန်းတိတ်ဘုံ)
### အသက်(၈၁)နှစ်

မြိတ်မြို့၊ တလိုင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၁၈)နှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၁၀ ရပ်ကွက်၊ ဝင်ဒါမီယာ အောင်မင်းခေါင် (၂)လမ်း၊ အိမ်အမှတ် (၃၇)နေ (ဦးကျင်ဗုက်-ဒေါ်ကျင်ညွှန့်)တို့၏ ဒုတိယသား၊ (ဦးဆိုင်ရာ-ဒေါ်ရှူဘွန်) တို့၏သားသမက်၊ ဒေါ်တင်တင်ယု၏ခင်ပွန်း၊ ဦးခိုင်ဝင်း-ဒေါ်စန္ဒာလွင်၊ ဒေါက်တာ သူရိန်လွင်-ဒေါ်ထက်မြတ်ခိုင်တို့၏ဖခင်၊ မောင်စွမ်းထက်ခိုင်ဝင်း၊ မခင်ထိပ်ထားခိုင်ဝင်း၊ မောင်လင်းမြတ်ခိုင်ဝင်း၊ မောင်ကောင်းခန့်သူရိန်၊ မဆုမြတ်သူရိန်၊ မသုမြတ်သူရိန်တို့၏အဘိုးဖြစ်သူ ဦးမြင့်လွင်သည် ၅-၁-၂၀၂၄ရက် နံနက် ၆:၅၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၄ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီး ကြွင်းကျန်သောအရိုးပြာကို ၁၁-၁-၂၀၂၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကျန်းတိတ်တရုတ်သုသာန်တွင် ဂူသွင်းမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအေးကို
### တိုင်းဦးစီးဌာနမှူး (ငြိမ်း)
### မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး
### ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
### အသက် (၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ် (၁၄၈/A)၊ သုခလမ်းနေ ဒေါ်ဥမ္မာမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ခိုင်စိုးဟိန်းနှင့် မရတနာတို့၏ ချစ်လှစွာသောဖခင်သည် ၄-၁-၂၀၂၄ရက် မွန်းလွဲ ၃:၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၆-၁-၂၀၂၄ ရက်၊ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါ၍ အဆိုပါ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၂၄ ရက် နံနက် ၈ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကြီးမြင့် ၁၂/လမန(နိုင်)၁၁၀၀၆၂၊ ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၄၄၅၊ ၄၄၇၊၄၄၈)တွင်နေထိုင်သူမှ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၄၄၅၊ ၄၄၇၊၄၄၈)ဟုခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ တရားလိုဦးစိုးအောင်မှ ဦးအောင်ကြီးမြင့် အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေမှုဖြင့် မရမ်းကုန်းခရိုင်တရားရုံးတော်၌ ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၁)ဖြင့် တရားစွဲဆိုရာတွင် ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ(၁၄)ရက်တွင် တရားလို ဦးစိုးအောင်စွဲဆိုသောအမှုအား ပလပ်လိုက်သည်ဟု အမိန့်ချမှတ်ပြီးဖြစ်ပါသည်။

ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးအောင်ကြီးမြင့် လက်ရှိနေထိုင်ပိုင်ဆိုင်နေသည့် အထက်ပါ ရန်ကုန် တိုင်းဒေသကြီး လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အမှတ်(၄၄၅၊ ၄၄၇၊၄၄၈)နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသဘောတူညီခွင့်ပြုချက်မရရှိဘဲ အမည်ပြောင်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံထားခြင်းနှင့် အခြားနည်းတစ်စုံတစ်ရာဖြင့် လုံးဝမပြုလုပ်ပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ပြုလုပ်သူအနေဖြင့် ဆုံးရှုံးမှု၊နစ်နာမှုအဝဝနှင့် အကျိုးဆက်ကိုပြုလုပ်သူတို့အား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထပ်ဆင့်အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားချက်အရ** | |
| **ဦးသော်တာစိုး** | **လွှဲအပ်သူ** |
| **LL.B, D.B.L, D.M.L.DA(PSY),(ADVOCATE)** | **ဦးအောင်ကြီးမြင့်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၁၆)(၂၂-၅-၈၇)** | **၁၂/လမန(နိုင်)** |
| **ခြံအမှတ်(၆၄)၊D-4၊အဝေရာအိမ်ရာ၊အဝေရာလမ်း၊** | **၁၁၀၀၆၂** |
| **မေတ္တာညွှန့်ရပ်ကွက်၊တာမွေမြို့နယ်။** | |
| **ဖုန်း-09-5026845, 09-448047245** | |

---

## ပတ်စ်ပို့ပျောက်

ကျိုက်မရောမြို့နယ်၊ ကဒါကျေးရွာနေ ကျွန်တော်မောင်အောင်ပွင့် ၁၀/ကမရ(နိုင်)၁၃၀၇၁၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (A-၃၅၂၂၉၃)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၅၆၉၀၄၃၀

---

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်၊ ကျုံသင်ကျေးရွာအုပ်စု၊ ဆင့်ကူးကျေးရွာနေ ဦးလှထွေး၏သမီး မဝေဝေဖြိုးနှင့် မဝေဖြိုးသူ ၁၄/ဒဒရ(နိုင်)၁၇၄၁၄၉မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၀-၉-၁၉၉၄ ဖြစ်ပါကြောင်း။

**မဝေဝေဖြိုး(ခ)မဝေဖြိုးသူ**
**၂၀-၉-၁၉၉၄**

---

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမြေများကို ကေကွက်များဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက စက်မှုလယ်ယာအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့နည်းပြီး အထွက်နှုန်းများ တိုးတက်လာမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးမှ အမှာစကားကောက်နုတ်ချက်)

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၅**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် **“၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ”** ကို ဇန်နဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို **(အခမဲ့)** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## အက်ဖ်အေဖလား တတိယအဆင့်မှာ ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမယ့် အာဆင်နယ်နဲ့ လီဗာပူး

အက်ဖ်အေဖလား တတိယအဆင့်မှာ ချယ်ဆီးနဲ့ ပရက်စ်တန်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် အစောပိုင်း ၁၂ နာရီတွင် ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ပရက်စ်တန်က ချန်ပီယံရှစ်မှာ ခြေစွမ်းသာမန်ရှိပြီး ခံစစ်ဆိုးရွားတဲ့အသင်းထဲပါတယ်။ ချယ်ဆီးက နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းထက်မြက်နေတယ်။ ဒါကြောင့် ချယ်ဆီးအနေနဲ့ ချန်ပီယံရှစ်ကလပ် ပရက်စ်တန်ကို ကျော်ဖြတ်ကာ နောက်တစ်ဆင့် တက်လှမ်းသွားဖွယ်ရှိတယ်။

*စာမျက်နှာ ၁၄ ကော်လံ ၄* ❍

## ပခုက္ကူမြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇန်နဝါရီ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အတွင်းသို့ PDF အမည်ခံအကြမ်းဖက်သမားများက ဇန်နဝါရီ ၂ ရက် မွန်းလွဲပိုင်းတွင် Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပခုက္ကူမြို့နယ် ပခုက္ကူကျွန်းကျေးရွာဘက်မှ PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြုပြီး Drop Bomb များ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အမှတ်(၈)ရပ်ကွက် မြို့မလမ်းပေါ်ရှိ မေဖူးမုံအထည်ဆိုင်အနီးသို့ ကျရောက်ပေါက်ကွဲပြီး အပြစ်မဲ့ပြည်သူ အမျိုးသား သုံးဦး ဖုံးစထိမှန် ဒဏ်ရာများရရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို ပခုက္ကူမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၁၈ ကော်လံ ၁* ❖

## ခေတ္တရပ်နားထားသည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပြန်လည်ကျင်းပပြီး VUC အသင်း ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၅**

ခေတ္တရပ်နားထားသည့် MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၆) ကို ဇန်နဝါရီ ၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ပြန်လည်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် (၆) တွင် ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ VUC အသင်းအပါအဝင် ထိပ်ဆုံးသုံးသင်း နိုင်ပွဲရခဲ့ပြီး ဇယားအောက်ပိုင်းမှ လင်းလက်အသင်းလည်း နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ ပွဲစဉ် (၆) တွင် ဖူဆယ်ချစ်သူအသင်းက လက်ဝဲသုန္ဒရအသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ MIU အသင်းက Winner Soccer အသင်းကို ငါးဂိုး - တစ်ဂိုး၊ Generations အသင်းက Dream Team အသင်းကို လေးဂိုး - နှစ်ဂိုး၊

*စာမျက်နှာ ၁၄ ကော်လံ ၄* ❑



### ယနေ့ သတင်းအညွှန်း


အီရန်နိုင်ငံတွင် နှစ်ကြိမ်ဆက်တိုက် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ၈၉ ဦးအထိ ရှိလာ — နိုင်ငံတကာသတင်း စာ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများ ဖော်ထုတ်အရေးယူ — ပြည်တွင်းသတင်း စာ ၁၅

တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ — ပြည်တွင်းသတင်း စာ ၁၇